မကွေးမြို့
မဟာဝိသုတာရာမတိုက်သစ်၊ ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

## ဘဒ္ဒန္တကုမာရ

## မကွေးဆရာတော်ဘုရားကြီး၏



# အင်ဒိုနီးရှားနိုင်ငံသာသနာပြု
# ခရီးစဉ်မှတ်တမ်း

မှတ်တမ်းပြုစုသူ

အရှင်ကဉ္စန

မကွေးမြို့

မဟာဝိသုတာရာမတိုက်သစ်၊ ပဓာနနာယက

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ

အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ဘဒ္ဒန္တကုမာရ

မကွေးဆရာတော်ဘုရားကြီး

၏

# အင်ဒိုနီးရှားနိုင်ငံသာသနာပြု ခရီးစဉ်မှတ်တမ်း

မှတ်တမ်းပြုစုသူ

အရှင်ကဥ္စန

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေး ဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ကမ္ဘာအေးစာပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဇာနည်ဝင်း
မှတ်ပုံတင်အမှတ် (၀၃၈၄၃/၀၂၄၀၅)က
ပုံနှိပ် ထုတ်ဝေသည်။

မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ်၊ ပဓာနနာယက
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ



အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်)

# ကန်တော့ပန်း

ငယ်စဉ်တောင်ကျေး ကလေးဘဝ အရွယ်မှစ၍ ယခုအချိန်အထိ သွန်သင်ဆုံးမ နည်းညွှန်ပြ၍ ကျောက်ထီးတန္တုအလေးဂရုပြုအပ်သည့် ကျေးဇူးတော်ရှင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်ဘုရားကြီး)အား ဤ၈ရီးသွားမှတ်တမ်း စာလွှာပန်းဖြင့် ဆင်မြန်းပြီးကာ ဦးခိုက်ပူဇော်ပါ၏။

ဓမ္မဒါနအလှူရှင်

ဦးဝင်းဖေ+ဒေါ်ခင်ဌေးကြည်
(မေတ္တာစင်တာ) က
၅၀၀၀၀၀ိ/- နှင့်
ဦးအေးမောင်+ဒေါ်ထွား
အမေထွား ပဲဆီသန့် မိသားစု
မကွေးမှ ၁၀၀၀၀၀ိ/-
လှူဒါန်းပါသည်။

# ကျေးဇူးတင်လွှာ

ဤခရီးသွားမှတ်တမ်းစာအုပ် ဖြစ်ပေါ်လာရန် ခရီးသွားမှတ်တမ်း စာမူမှ စာတစ်အုပ်အဖြစ်သို့ ရောက်အောင် တိုက်တွန်းကူညီအားပေးခဲ့သော ဦးသန်းကျော် (ခိုင်မြဝါ)အား လည်းကောင်း၊ လိုအပ်သည့် စာအုပ်စာတမ်းများကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပေးသော ကိုစောနိုင်ဦး (YANGON JAPANESE SCHOOL) နှင့် ဆရာဦးဝင်းမောင် (မကွေး)၊ ဒေါ်လွင်လွင်မာဦး (ကထိက၊ မြန်မာစာဌာန၊ မကွေးတက္ကသိုလ်)တို့အား လည်းကောင်း၊ လိုအပ် သော စာအုပ်စာတမ်းများကို ကူညီငှားရမ်းပေးသော အရှင် ဥတ္တရ (နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေး)နှင့် အရှင်အာဒိစ္စ (မင်းကံကျောင်း၊ မြန်အောင်မြို့)တို့အား လည်းကောင်း၊ အစစအရာရာ ကူညီအားပေးခဲ့သော အရှင်သုမန (ဘီအေ) (လေးထပ်ကျောင်းတိုက်၊ မကွေး) အား လည်းကောင်း၊ ခရီးစဉ်မှတ်တမ်းစာမူများကို ကွန်ပျူတာဖြင့် စာစီပေးခဲ့သော ကိုတာ (လင်းလက်ကွန်ပျူတာ၊ မကွေး) အား လည်းကောင်း၊ မိမိသိလိုသော အကြောင်းအရာများကို စိတ်ရှည်လက်ရှည် ပြောကြားပေးသော ဦးဝင်းဖေ+ ဒေါ်ခင်ဒွေးကြည်

တို့အား လည်းကောင်း၊ လိုအပ်သည်များကို ကူညီပေးခဲ့ကြသော ကျေးဇူးတင်ထိုက်သူ အားလုံးတို့အားလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ဤစာအုပ်ဖြင့် ဂုဏ်ပြုမှတ်တမ်း တင်အပ်ပါသည်။

အရှင်ကဥ္စန
မဟာဝိသုတာရာမတိုက်
မကွေးမြို့

# အင်ဒိုနီးရှားနိုင်ငံ ခရီးသွားမှတ်တမ်းဓာတ်ပုံများ



အင်ဒိုနီးရှားနိုင်ငံ၊ ဘာရာစကာဂီမြို့ ရွှေတိဂုံပုံတူစေတီတော်တွင် တင်လှူမည့်
မြန်မာနိုင်ငံတော်အစိုးရမှ လှူဒါန်းသော ရွှေထီးတော်။ (၁၉-၃-၂၀၀၇)



အင်ဒိုနီးရှားနိုင်ငံ၊ ဘာရာစကာဂီမြို့ ရွှေတိဂုံပုံတူစေတီတော်တည်ထားမည့်
အခမ်းအနားသို့ ဥက္ကဋ္ဌဆရာတော်ကြီးကြွရောက်လာစဉ်။ (၁၉-၃-၂၀၀၇)




ဘာရာစကာဂီမြို့ ရွှေတိဂုံပုံတူစေတီ အုတ်မြစ်စီမင်္ဂလာအခမ်းအနား၌
ဥက္ကဋ္ဌဆရာတော်ကြီး ရတနာငွေကြုတ်ကို မြှုပ်နှံစဉ်။ (၁၉-၃-၂၀၀၇)



အင်ဒိုနီးရှားနိုင်ငံ၊ ဘာရာစတာဂီမြို့ ရွှေတိဂုံပုံတူစေတီတော်
တည်ထားမည့်ကုန်းတော်။ (၁၉-၃-၂၀၀၇)



ရွှေတိဂုံပုံတူစေတီတော်တွင် စိုက်ထူမည့် ကမ္ဗည်းကျောက်စာ၌
ဥက္ကဋ္ဌဆရာတော်ကြီး လက်မှတ်ရေးထိုးနေစဉ်။ (၁၉-၃-၂၀၀၇)





MR.TONGARIODJO ANGKASA နှင့် ဇနီးတို့
အုတ်မြစ်စီမင်္ဂလာပြုစဉ်။ (၁၉-၃-၂၀၀၇)



ထေရဝါဒဗုဒ္ဓသာသနာပြု သာသနာ့အကျိုးတော်ဆောင် ဦးဝင်းဖေ။



အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး ဦးခင်ဇော်ဝင်းနှင့်ဇနီးတို့က
ဆရာတော်ကြီးများအား ဆွမ်းဆက်ကပ်နေစဉ်။ (၂၀-၃-၂၀၀၇)




Buddhist Eduction Centre ၌ အမှတ်တရ။ (၂၂-၃-၂၀၀၇)



ဥက္ကဋ္ဌဆရာတော်ကြီး ကျိုက်ထီးရိုးပုံတူစေတီတော်တွင်
ရတနာကြုတ်မြှပ်နှံစဉ်။ (၂၁-၃-၂၀၀၇)



ကျိုက်ထီးရိုးပုံတူစေတီတော် အုတ်မြစ်စီမည့်ရတနာအုတ်တော်များကို
ဥက္ကဋ္ဌဆရာတော်ကြီးအားဆက်ကပ်နေစဉ်။ (၂၁-၃-၂၀၀၇)



အင်ဒိုနီးရှားနိုင်ငံ၊ ထရဝပ်မြို့၌ ကျိုက်ထီးရိုးပုံတူစေတီတည်ထားမည့်
ကျောက်တုံးအား တွေ့ရစဉ်။ (၂၁-၃-၂၀၀၇)




ကျိုက်ထီးရိုးပုံတူစေတီတော် အုတ်မြစ်စီမင်္ဂလာ
အခမ်းအနားကျင်းပစဉ်။ (၂၁-၃-၂၀၀၇)




တိဗက်ဘုန်းတော်ကြီး VEN–H.H. YISIE VORLE က
ဉက္ကဋ္ဌဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများဆက်ကပ်နေစဉ်။
(၁၇-၃-၂၀၀၇)



ဒေါက်တာ မဟိန္ဒရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖြစ်ခံယူစဉ်။ (၂၁-၃-၂၀၀၇)



အင်ဒိုနီးရှားနိုင်ငံ CENTRE (စင်တာ)မြို့မှ ကွမ်ရင်မယ်တော်ရှေ့တွင်
အမှတ်တရ။ (၁၇-၃-၂၀၀၇)



(စင်ကာပူနိုင်ငံ) Singapore River ၌ အမှတ်တရ။ (၂၅-၃-၂၀၀၇)



(Toba) တိုဘာကန်ကြီး၏အဆုံးရှုခင်းသာ၌ အမှတ်တရ၊ ဝဲမှယာ
ဘဒ္ဒန္တဇာဂရာဘိဝံသ(ကလေးဝတောရဆရာတော်)၊ ဦးပညာသာရ၊ ဦးသာသန
ဦးကဥ္စန (၁၇-၃-၂၀၀၇)



(Toba) တိုဘာကန်ကြီး၏ မြင်ကွင်းတစ်စိတ်တစ်ဒေသအားမြင်ရစဉ်။
(၁၇-၃-၂၀၀၇)



အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗားကျွန်း ရှိ (BOROBUDUR) ဗောရောဗုဓော
စေတီတော်ကြီးရှေ့၌စုပေါင်းအမှတ်တရ။ (၂၀-၃-၂၀၀၇)



ဗောရောဗုဓောစေတီတော်ကြီးရှေ့၌အမှတ်တရ။ (၂၀-၃-၂၀၀၇)



ဗောရောဗုဓောစေတီတော်ကြီး၏နံရံမှ ကျောက်ထွင်းရုပ်ကြွများ။





ဗောရောဗုဓောစေတီတော်ကြီးပေါ်မှ ခေါင်းလောင်းပုံစေတီရံများနှင့် ရုပ်ပွားတော်။



အင်ဒိုနီးရှားနိုင်ငံ ဂျူအာနာမြို့၌ မဟာစည်ဆရာတော် တရားပွဲကျင်းပနေစဉ်။ (၁၉၅၉ ခုနှစ်)

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | က |
| ၂။ | ဦးဝင်းဖေအကြောင်း | ဆ |
| ၃။ | ခရီးစတင်ထွက်ခွာ | ၁ |
| ၄။ | စတင်ပျံသန်း | ၃ |
| ၅။ | နာမည်ကျော်ချန်ဂီလေဆိပ် | ၄ |
| ၆။ | အင်ဒိုနီးရှားနိုင်ငံမီဒန်မြို့သို့ | ၅ |
| ၇။ | မီဒန်မြို့မှ ဗုဒ္ဓယာနဗုဒ္ဓဘာသာဘုန်းကြီးကျောင်း | ၆ |
| ၈။ | GRAND ANGKASA ဟိုတယ်မှာတစ်ညတာ | ၇ |
| ၉။ | အနေကဇာတင်နှင့် ဥက္ကဋ္ဌဆရာတော်ကြီးတရားပွဲ | ၉ |
| ၁၀။ | ဒေသန္တရခရီး | ၁၅ |
| ၁၁။ | ကွမ်ရင်မယ်တော် | ၁၇ |
| ၁၂။ | PARAPAT ပါရာပတ်မြို့ | ၁၈ |
| ၁၃။ | တောင်နံရံကြားမှ (TOBA )တိုဘာကန် | ၁၉ |
| ၁၄။ | (TOBA) တိုဘာကန်မှ ဒဏ္ဍာရီပုံပြင် | ၂၁ |
| ၁၅။ | (TOBA) တိုဘာကန်ထဲမှ (SAMOSIR) ဆာမိုဆာကျွန်း | ၂၂ |
| ၁၆။ | SAMOSIR (ဆာမိုဆာ)ဒေသ | ၂၂ |
| ၁၇။ | (BRASTAGI) ဘရာစတာဂီမြို့သို့ | ၂၃ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | လမ်းခရီးမှ SIMAR JARUN JUNG | ၂၄ |
| ၁၉။ | ရှုခင်းသာသို့ | ၂၄ |
| ၂၀။ | MR.TONGARIODJO ANGKASA ၏ (VILLA) ဗီလာ | ၂၇ |
| ၂၁။ | ရွှေတိဂုံပုံတူစေတီတည်ထားမည့်ကုန်းတော် | ၂၇ |
| ၂၂။ | MR.TONGARIODJO ANGKASA နှင့် ရွှေတိဂုံပုံတူစေတီတည်ထားရခြင်းအကြောင်း | ၂၉ |
| ၂၃။ | ထေရဝါဒသာသနာမြေအစစ် | ၃၅ |
| ၂၄။ | ဦးဝင်းဖေ၏ ပရိတ်အစွမ်း | ၃၇ |
| ၂၅။ | ရွှေတိဂုံပုံတူစေတီ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား | ၃၈ |
| ၂၆။ | ဂေါတမဗုဒ္ဓ၏ တပည့်သာဝကများ | ၄၆ |
| ၂၇။ | ဝမ်းသာကြည်နူးမဆုံးတဲ့ နေ့တစ်နေ့ | ၄၇ |
| ၂၈။ | ကလေးဝတောရဆရာတော်ကြီး၏ ဆုတောင်းမေတ္တာ | ၄၈ |
| ၂၉။ | ဥက္ကဋ္ဌဆရာတော်ကြီး၏ အမှတ်တရပစ္စည်း | ၄၉ |
| ၃၀။ | ဗီလာ၌ပင် မော်ကွန်းတင် | ၅၀ |
| ၃၁။ | သဘာဝ၏ အလှတရားများ | ၅၁ |
| ၃၂။ | သူတို့ဓလေ့ထုံးစံ | ၅၂ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၃။ | ဆုမတြာနှင့်မဟာယာနသာသနာ | ၅၃ |
| ၃၄။ | ဟိန္ဒူ၊ မွတ်ဆလင်ဘာသာ လွှမ်းမိုးလာ | ၅၈ |
| ၃၅။ | မဟာယာနဂါဒနှင့် ထေရဝါဒ | ၅၉ |
| ၃၆။ | ယနေ့ခေတ် အင်ဒိုနီးရှား | ၆၀ |
| ၃၇။ | အင်ဒိုနီးရှားနိုင်ငံ ထေရဝါဒသာသနာနှင့် မဟာစည်ဆရာတော် | ၆၁ |
| ၃၈။ | အငြင်းပွားနေဆဲဖြစ်သည့် သုဝဏ္ဏဘူမိ | ၆၅ |
| ၃၉။ | အင်ဒိုနီးရှားနိုင်ငံ ထေရဝါဒသာသနာနှင့် ဘဒ္ဒန္တကုမာရဆရာတော် | ၆၉ |
| ၄၀။ | ဥက္ကဋ္ဌဆရာတော်ကြီး၏ ပြည်ပနိုင်ငံ သာသနာပြုခရီးစဉ်များ | ၇၀ |
| ၄၁။ | သီရိလင်္ကာနိုင်ငံ(ပထမအကြိမ်)သာသနာပြုခရီး | ၇၁ |
| ၄၂။ | ဘင်္ဂလားဒေ့ရှ်နိုင်ငံ(ပထမအကြိမ်)သာသနာပြုခရီး | ၇၂ |
| ၄၃။ | မလေးရှားနိုင်ငံ (ပီနန်) သာသနာပြုခရီး | ၇၂ |
| ၄၄။ | ဘင်္ဂလားဒေ့ရှ်နိုင်ငံ (ဒုတိယအကြိမ်) သာသနာပြုခရီး | ၇၃ |
| ၄၅။ | လာအိုနိုင်ငံ (ဒုတိယအကြိမ်)သာသနာပြုခရီး | ၇၃ |
| ၄၆။ | တောင်ကိုရီးယားနိုင်ငံ (ပထမအကြိမ်) သာသနာပြုခရီး | ၇၄ |

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၄၇။ သီရိလင်္ကာနိုင်ငံ (ဒုတိယအကြိမ်) သာသနာပြုခရီး ၇၅
၄၈။ အိန္ဒိယနိုင်ငံ (မွန်ဘိုင်း၊ အီဂတ်ပူရီ) သာသနာပြုခရီး ၇၅
၄၉။ အင်္ဂလန်နိုင်ငံ (ဘာမင်ဂမ်) သာသနာပြုခရီး ၇၆
၅၀။ အမေရိကန်နိုင်ငံ (နယူးယောက်မြို့၊ ကမ္ဘာ့ကုလသမဂ္ဂ) သာသနာပြုခရီး ၇၇
၅၁။ တောင်ကိုရီးယားနိုင်ငံ (ဒုတိယအကြိမ်) သာသနာပြုခရီး ၇၇
၅၂။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ (တတိယအကြိမ်) သာသနာပြုခရီး ၇၈
၅၃။ အင်ဒိုနီးရှားနိုင်ငံ (ပထမအကြိမ်) သာသနာပြုခရီး ၇၈
၅၄။ စင်္ကာပူနိုင်ငံ သာသနာပြုခရီး ၇၉
၅၅။ ဂျပန်နိုင်ငံ သာသနာပြုခရီး ၇၉
၅၆။ JAKATA ဂျကာတာသို့ ၈၃
၅၇။ မြန်မာပြည်အလွမ်း ၈၆
၅၈။ ဆွေမျိုးရင်းချာတွေလို ၈၆

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၉။ | ဂျားဗားကျွန်း၏ ယဉ်ကျေးမှုမြို့တော်သို့ | ၈၈ |
| ၆၀။ | မီးတောင်များကြားမှ ကျွန်းနိုင်ငံ | ၈၉ |
| ၆၁။ | ဘာသာခြားတို့၏ ဗုဒ္ဓဆင်းတုအရောင်းဆိုင် | ၉၀ |
| ၆၂။ | ဈေးသည်များ၏ ဈေးရောင်းပုံ | ၉၁ |
| ၆၃။ | စိတ်ကူးယဉ်အိပ်မက်မှသည် လက်တွေ့အမှန်တကယ်ဆီ | ၉၂ |
| ၆၄။ | (BOROBUDUR) ဗောရောဗုဓောစေတီတော် | ၉၄ |
| ၆၅။ | ရှေးခေတ်က ဗိသုကာပညာ | ၉၇ |
| ၆၆။ | လောကစံမှန်တိုင်းကြားကစေတီတော် | ၉၉ |
| ၆၇။ | စေတီတော်ကြီးပေါ်မှ ဘုရားရှိခိုးသံ | [illegible] |
| ၆၈။ | မင်ဒွတ်စေတီတော်နှင့် မင်ဒွတ်ထေရဝါဒဘုန်းကြီးကျောင်း | ၁၀၄ |
| ၆၉။ | (TRAWAS) ထရဝပ်မြို့သို့ | ၁၀[illegible] |
| ၇၀။ | MR. ONGKODIGDOJO ၏ ဇီလာ | ၁၀၇ |
| ၇၁။ | ရှေးဟောင်းသာသနာ့နယ်မြေ | ၁၀၈ |
| ၇၂။ | ကျိုက်ထီးရိုးပုံတူစေတီတော် | ၁၀၉ |
| ၇၃။ | ကျိုက်ထီးရိုးပုံတူစေတီတော် တည်ရခြင်းအကြောင်း | ၁၁၀ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၄။ | MR. ONGKODIGDOJO နှင့် မိသားစု အကြောင်း | ၁၁၂ |
| ၇၅။ | ကျိုက်ထီးရိုးပုံတူစေတီအုတ်မြစ်စီ မင်္ဂလာ အခမ်းအနား | ၁၁၆ |
| ၇၆။ | ထေရဝါဒဗုဒ္ဓဘာသာခံယူပွဲ | ၁၁၇ |
| ၇၇။ | (SURABAYA) စူရာဘာရားမြို့သို့ | ၁၁၉ |
| ၇၈။ | ဂုဏ်ယူစရာ B.E.C | ၁၂၁ |
| ၇၉။ | နှုတ်ဆက်ပြီး ကျန်ခဲ့တဲ့ မိသားစု | ၁၂၄ |
| ၈၀။ | ဂျကာတာသို့ နောက်တစ်ခေါက် | ၁၂၅ |
| ၈၁။ | ဆုမတြာကျွန်း၊ မီဒန်သို့အပြန်ခရီး | ၁၂၅ |
| ၈၂။ | ဟလေးဝတောရ ဆရာတော်ကြီး၏ တရားပွဲ | ၁၂၆ |
| ၈၃။ | စင်္ကာပူနိုင်ငံသို့ | ၁၂၆ |
| ၈၄။ | KOVAN MRT မှ မြန်မာမိသားစု | ၁၂၈ |
| ၈၅။ | စင်္ကာပူ ဒေသန္တရ ဇဟုသုတခရီး | ၁၂၈ |
| ၈၆။ | တိဗက် ဗုဒ္ဓဘာသာကျောင်းမှ ပူဇော်ပွဲ | ၁၃၁ |
| ၈၇။ | မြန်မာနိုင်ငံသို့အပြန် | ၁၃၁ |
| ၈၈။ | ကြိုဆိုနှုတ်ဆက် | ၁၃၂ |

# နိဒါန်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးအား အင်ဒိုနီးရှားနိုင်ငံတွင် ရွှေတိဂုံပုံတူစေတီနှင့် ကျိုက်ထီးရိုးပုံတူစေတီ တည်ထားကိုးကွယ်ရန်အတွက် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားသို့ ကြွရောက်ရန် စကာ်ပူနိုင်ငံ၌နေသူ မြန်မာပြည်သား ထေရဝါဒဗုဒ္ဓသာသနာပြု သာသနာ့အကျိုးဆောင် ဦးဝင်းဖေက လျှောက်ထားပင့်ဆောင်လာပါသည်။ အင်ဒိုနီးရှားမှ ဗုဒ္ဓဘာသာဝင်များကလည်း ဥက္ကဋ္ဌဆရာတော်ကြီး ကိုယ်တော်တိုင် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနားသို့ ကြွရောက်ရန် မျှော်လင့်တောင့်တနေခဲ့ကြသည်။

ဥက္ကဋ္ဌဆရာတော်ကြီးသည် တစ်ချိန်က ဗုဒ္ဓသာသနာတော် စည်ပင်ထွန်းကားခဲ့ဖူးပြီး ယခုအခါ၌ ဗုဒ္ဓဘာသာ အနည်းငယ်မျှသာရှိတော့သော အင်ဒိုနီးရှားနိုင်ငံ၌ ယခုလို ရွှေတိဂုံပုံတူစေတီနှင့် ကျိုက်ထီးရိုးပုံတူစေတီ တည်ထားကိုးကွယ်ရန်ဖြစ်ပေါ်လာသည်မှာ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် လွန်စွာအဓိကကျသည်ကို သိမြင်တော်မူသဖြင့် "သမ္ဗုဒ္ဓဘာရော အဝဿံ ဝဟိတဗ္ဗော" သာသနာတော်အတွက် မိမိအပေါ် ကျရောက်လာသောတာဝန်ကို မချွတ်ဧကန် ထမ်းဆောင်ရမည်ဟူသော ကျမ်းဂန်လာစကားကို ဦးထိပ်ထား

လျက် မိမိကိုယ်တိုင် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ မဖြစ်မနေကြွရောက်မည်ဟု ဗုဒ္ဓသာသနာတော် ပြန့်ပွားစေရန် စိတ်ရည်သန်တော်မူခဲ့လေသည်။

စင်စစ် ထိုအချိန် ထိုကာလမှာ အင်ဒိုနီးရှားနိုင်ငံတွင် ခရီးသည်တင်လေယာဉ်များ မကြာခဏပျက်ကျနေသည်ကို သတင်းစာနှင့် ရေဒီယိုသတင်းများ၌ ဖတ်ရှုကြားသိ နေရ ပေသည်။ ယင်းရက်ပိုင်းအတွင်းမှာပင် အင်ဒိုနီးရှားနိုင်ငံ၊ ဆုမတြာ ကျွန်း၌ မြေငလျင်လှုပ်၍ လူအများသေကြေဒဏ်ရာရခြင်း၊ ရေလွှမ်းမိုးမှုများ ဖြစ်နေခြင်းများကိုလည်း ကြားသိနေရပေရာ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးသည် ထိုကဲ့သို့သော အန္တရာယ် များကို ကြားသိနေရသော်လည်း ထိုအန္တရာယ်များကို ဂရုစိုက်မှု မပြုဘဲ ဗုဒ္ဓမြတ်စွာ သာသနာတော်ပြန့်ပွားရေးအတွက် မိမိ အပေါ် ကျရောက်လာသော တာဝန်ကို ကျေပွန်အောင် ထမ်းဆောင် ရမည်ဟု စိတ်ကိုပိုင်းဖြတ်လျက် အင်ဒိုနီးရှားနိုင်ငံသို့ ကြွတော်မူ ခဲ့လေသည်။

ထိုသို့ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ထွန်းကားပြန့်ပွား ရေးအတွက် မိမိအပေါ် ကျရောက်လာသောတာဝန်ကို ကျေပွန် အောင် ထမ်းဆောင်မည်ဟူသော ဆန္ဒာဓိပတိကြောင့်ပင် ဆရာ တော်ဘုရားကြီးကြွရောက်တော်မူရာ ခရီးစဉ်တိုင်း၌ မည်သည့်

အန္တရာယ် မည်သည့်အခက်အခဲနှင့်မျှ မကြုံရဘဲ ခရီးစဉ်အားလုံး တိုင်း၌ အဆင်ပြေချောမွေ့ခဲ့ရပေသည်။ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတော်များနှင့် ဆရာတော်ဘုရားကြီး၏ အကျင့်သီလ သိက္ခာတို့၏ ဂုဏ်ကျေးဇူးပင်ဖြစ်သည်ဟု ဆိုရမည်ဖြစ်ပါသည်။

ဤခရီးသွားမှတ်တမ်းကိုရေးသူ မိမိသည်လည်း မကွေး ဆရာတော်ဘုရားကြီးနှင့်အတူ ပဥ္စာသမဏအဖြစ် လိုက်ပါခွင့် ရခဲ့ပါသည်။ မိမိသည် အင်ဒိုနီးရှားနိုင်ငံမှ ဗုဒ္ဓသာသနာနှင့် ပတ်သက်သော အကြောင်းကို ငယ်စဉ်ကပင် စိတ်ဝင်စားခဲ့ပါ သည်။ အထူးသဖြင့် မိမိသည် သာမဏေအရွယ် ငယ်စဉ်ကပင် ဗုဒ္ဓဝင်ဝတ္ထုများ၊ ဇာတ်တော်များစသော မြတ်စွာဘုရားနှင့် ပတ်သက်သော အကြောင်းအရာများကို ဖတ်ရှုခြင်း၌ အလွန် ဝါသနာပါခဲ့သည်။ မောင်အံ့ (မဟာဝိဇ္ဇာ-ဘုံဘေ) ရေးသား သော “ သာသနာ ၂၅၀၀ ခရီး” စာအုပ်ကို ဖတ်ရှုရာ ယင်း စာအုပ်ထဲမှ အင်ဒိုနီးရှားနိုင်ငံ၊ Borobudur “ဗောရောဗုဓော” စေတီတော်နှင့်ပတ်သက်သော အကြောင်းအရာများကို စိတ်ဝင် တစား ဖတ်ရှုမိလေသည်။ ဗောရောဗုဓောစေတီတော်ကြီး၏ ပုံတော်ကိုကြည့်ပြီး ကြည်ညိုစိတ်ဖြစ်ပေါ်ခဲ့လေရာ စိတ်ထဲတွင် အမှတ်ထင်ထင် ကျန်ရစ်ခဲ့ပေသည်။ အင်ဒိုနီးရှားနိုင်ငံ အကြောင်း ပြောလိုက်တာနဲ့ ဗောရောဗုဓောစေတီတော်ကြီး ရှိတဲ့နိုင်ငံလို့

## (ဃ) အင်ဒိုနီးရှားနိုင်ငံ သာသနာပြုခရီးစဉ်

မိမိစိတ်ထဲမှာ အင်ဒိုနီးရှားနိုင်ငံနှင့် ဗောရောဗုဓော စေတီတော်ကြီးကို ယှဉ်တွဲမှတ်မိနေပေသည်။ မိမိငယ်စဉ်ဘဝက ဖြစ်ပေါ်ခဲ့ဖူးသော စိတ်ကူးယဉ်အိပ်မက်သည် ယခုအခါ အမှန်တကယ်ဖြစ်ပေါ်လာခဲ့ပေတော့မည်။ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးနှင့်အတူ မိမိ စိတ်ကူးယဉ်အိပ်မက်မက်ခဲ့ဖူးသော ဗောရောဗုဓော စေတီတော်ကြီးတည်ရှိရာ အင်ဒိုနီးရှားနိုင်ငံသို့ လိုက်ပါခွင့်ရသည့်အတွက် မိမိအနေဖြင့် လွန်စွာအားရ ကျေနပ်မှု ဖြစ်မိရပါသည်။ ဝမ်းသာမဆုံးလည်း ဖြစ်ရပါသည်။

သို့ဖြစ်၍ မိမိသည် ဥက္ကဋ္ဌဆရာတော်ဘုရားကြီး၏ ပစ္စာသမဏအဖြစ် လိုက်ပါရင်းမှ ဆရာတော်ဘုရားကြီး၏ အင်ဒိုနီးရှားနိုင်ငံ၌ ထေရဝါဒဗုဒ္ဓသာသနာတော် ပြန့်ပွားအောင် ကြိုးစားအားထုတ်ပုံများ၊ မိမိတွေ့မြင်ကြားသိခဲ့သမျှ ဒေသန္တရဗဟုသုတ အတွေ့အကြုံများနှင့် မိမိသိရှိသမျှ အင်ဒိုနီးရှားနိုင်ငံ ဗုဒ္ဓသာသနာတော်၏ ယနေ့ ဗုဒ္ဓသာသနာအခြေအနေနှင့် နှောင်းခေတ်က ဗုဒ္ဓသာသနာတော်အကြောင်းတို့ကို အခြားသူတို့အားလည်း သိရှိမျှဝေ ခံစားစေလိုသော စေတနာဖြစ်ပေါ်လာခဲ့ပါသည်။ ယင်းစေတနာကို အခြေခံ၍ မိမိသည် မိမိကြားသိ တွေ့မြင်ခဲ့ရသည်များကို ရေးသားထားသော အင်ဒိုနီးရှား-စက်ာပူ ခရီးသွားမှတ်တမ်းကို စာအုပ်တစ်အုပ်အဖြစ်သို့ရောက်အောင် ကြိုးစားရခြင်းဖြစ်ပါသည်။

ခရီးသွားမှတ်တမ်းဟု ဆိုသော်လည်း မိမိတွေ့မြင်ကြားသိခဲ့ရသမျှသော အင်ဒိုနီးရှားဗုဒ္ဓသာသနာတော်နှင့်စပ်၍ သိမှတ်ဖွယ်ရာများကို သမိုင်းအချက်အလက်များနှင့်တကွ တတ်နိုင်သမျှ ပြည့်စုံအောင် အကျဉ်းချုံး၍ ရေးသားထားပါသည်။ သမိုင်းဆိုင်ရာအချက်အလက်များ မှန်ကန်စေရန် ရှေးပညာတတ်ဆရာတော်ကြီးများ ရေးသားထားသော စာအုပ်များနှင့် ကိုထိုသုတေသီ ပညာရှင်တို့ ရေးသားထားသော စာအုပ်စာတမ်းများကို မှီငြမ်းကိုးကားပြီး ရေးသားထားပါသည်။

ဤခရီးသွားမှတ်တမ်းကို ရေးသားရာ၌ အင်ဒိုနီးရှားနိုင်ငံခရီးစဉ်အကြောင်းကို အဓိကဦးစားပေး ဖော်ပြသွားမည်ဖြစ်ပြီး စင်္ကာပူနိုင်ငံ ခရီးစဉ်အကြောင်းကို သာမန်မျှသာ ဖော်ပြသွားမည်ဖြစ်ပါသည်။ အကြောင်းမှာ အင်ဒိုနီးရှားနိုင်ငံ ခရီးစဉ်သည် လူအများတို့အတွက် ဘာသာရေးအသိဉာဏ် ဘာသာရေး အသိစိတ်ဓာတ်ကို ပေးနိုင်လိမ့်မည်ဟု ယုံကြည်ရသောကြောင့် ဖြစ်ပါသည်။

မိမိသည် စာရေးနေကျ စာရေးဆရာမဟုတ်ပါ။ ထို့အတွက်ကြောင့် ဤခရီးသွားမှတ်တမ်းစာအုပ်ငယ်၌ မိမိ၏ စာအရေးအသား အားနည်းချွတ်ယွင်းချက်များ ရှိနိုင်ကြောင်း ရိုးသားစွာ ဝန်ခံရပါသည်။ မိမိမြင်တွေ့ ကြားသိရသမျှအတိုင်း

ရေးသားရခြင်းဖြစ်၍ အားနည်းချက်ယွင်းချက်များ ပါရှိခဲ့ပါက ပြင်ဆင်ဖြည့်စွက်၍ ဖတ်ရှုပေးရန် မေတ္တာရပ်ခံရပေသည်။

ဤစာအုပ်ကို ဖတ်ရှုခြင်းအားဖြင့် ဥက္ကဋ္ဌဆရာတော်ဘုရားကြီး၏ ဗုဒ္ဓသာသနာပြန့်ပွားအောင် ဆောင်ရွက်ပုံများကိုလည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံ၌ ဗုဒ္ဓသာသနာတော်နှင့် စပ်လျဉ်း၍ ဂုဏ်ယူဝမ်းမြောက်ဖွယ် သံဝေဂရဖွယ်များကိုလည်းကောင်း၊ ဒေသန္တရဗဟုသုတများကို လည်းကောင်း သိရှိနိုင်မည်ဖြစ်ရာ စာရှုသူအား တစ်စုံတစ်ခုသော အသိဉာဏ်ပေးစွမ်းနိုင်လိမ့်မည်ဟု ယုံကြည်ယူဆမိပါသည်။

## ထေရဝါဒဗုဒ္ဓသာသနာပြု ဦးဝင်းဖေအကြောင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီး ဦးဆောင်သောအဖွဲ့ကို အင်ဒိုနီးရှားနိုင်ငံသို့ ပင့်ဆောင်ခြင်းမှာ ဆုမတြာကျွန်း (BRASTAGI) ဘရာစတာဂီမြို့တွင် ရွှေတိဂုံပုံတူ စေတီတော်တစ်ဆူနှင့် ဂျားဗားကျွန်း (SURABAYA) စူရာဘာရားမြို့အနီး (TRAWAS) ထရဝပ်မြို့တွင် ကျိုက်ထီးရိုးပုံတူစေတီတော် တစ်ဆူ တည်ထားကိုးကွယ်ရာ၌ အုတ်မြစ်စီ မင်္ဂလာအခမ်းအနား ကျင်းပရန်အတွက် ပင့်ဆောင်ခြင်းဖြစ်သည်။

ဤသို့ပင့်ဆောင်မှုကို စင်္ကာပူနိုင်ငံ၌နေသော ထေရဝါဒဗုဒ္ဓသာသနာပြု သာသနာ့အကျိုးဆောင် ဦးဝင်းဖေက စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဥက္ကဋ္ဌဆရာတော်ကြီး ဦးဆောင်သော အဖွဲ့၏ အင်ဒိုနီးရှားနိုင်ငံနှင့် စင်္ကာပူနိုင်ငံ ခရီးစဉ်ကို မဖော်ပြမီ သာသနာ့အကျိုးဆောင် ဦးဝင်းဖေအကြောင်းကို ရှေးဦးစွာ  အနည်းငယ်ဖော်ပြဖို့ လိုပေမည်။ ဦးဝင်းဖေအကြောင်း ဖေါ်ပြမှ ပြီးပြည့်စုံပေမည်။

ဦးဝင်းဖေသည် မြန်မာနိုင်ငံသားဖြစ်သည်။ သူသည် ဘာသာရေးကို အသက် (၁၀)နှစ်အရွယ် ငယ်စဉ်ကပင် ပြုလုပ်ခဲ့ပြီး ဘာသာသာသနာ၌လည်း အလွန်လေးစား ကြည်ညို

သူဖြစ်သည်။ ဦးဝင်းဖေသည် ဗုဒ္ဓဘာသာဝင် တစ်ဦးပီပီ မြတ်ဗုဒ္ဓ၏ အဆုံးအမအတိုင်း ကျင့်ကြံနေထိုင်သူဖြစ်သည်။ ထို့အပြင် ဦးဝင်းဖေသည် မဟာစည်ဆရာတော်၊ တောင်ပုလုဆရာတော်၊ စမတောင်ဆရာတော်၊ ရွှေတောင်ကုန်းဆရာတော်များဖြစ်သည့် ဦးပဏ္ဍိတ၊ ဦးရေဝတနှင့် ဦးဣန္ဒောဘာသ၊ သံလျင်ဓမ္မရောင်ခြည်ဆရာတော် စသော ဆရာတော်ကြီးများ၏ တပည့်အရင်းတစ်ဦးဖြစ်ခဲ့သည်။ ယင်းဆရာတော်ကြီးများ၏ ဆိုဆုံးမမှုအောက်မှာ ဦးဝင်းဖေ ကြီးပြင်းခဲ့ရပြီး ဆရာတော်ကြီးများ၏ ဝေယျာဝစ္စ ကိစ္စအဝဝကို အနီးကပ်ပြုစုပေးခဲ့ရသည်။ ထို့အပြင် နိုင်ငံတော်သံဃမဟာနာယက၊ ဥက္ကဋ္ဌဆရာတော်ကြီး ဘဒ္ဒန္တကုမာရနှင့် ကလေးဝတောရဆရာတော်ကြီး၊ တိပိဋကရေယောဆရာတော်ကြီးများ၏ တပည့်ရင်းတစ်ဦးလည်း ဖြစ်ခဲ့သည်။ ဦးဝင်းဖေ့ကို ဦးစိုင်းအောင်ထွန်း (နိုင်ငံတော် ကောင်စီဝင်-အငြိမ်းစား)၊ ဒေါ်နန်းနွမ့်တို့ကလည်း သားအရင်းသဖွယ် စောင့်ရှောက်၍ လမ်းညွှန်မှုပေးခဲ့သည်။ ငယ်စဉ်ကပင် ဆရာတော်ကြီးများ၏ အနီးကပ်ဆုံးမမှုဖြင့် ကြီးပြင်းခဲ့ရသော ဦးဝင်းဖေသည် ဘာသာသာသနာ၌ အလွန်လေးစား ကြည်ညိုသည်မှာ အထူးပြောစရာ လိုမည်မထင်ပေ။ ဦးဝင်းဖေသည်

ပုတီးစိပ်ခြင်း၊ မေတ္တာပွားခြင်း၊ ပရိတ်ရွတ်ခြင်း၊ ပဋ္ဌာန်းရွတ်ခြင်း၊ ဓမ္မစကြာရွတ်ခြင်း စသော သမထ ဝိပဿနာဘာဝနာ အလုပ်တို့ကို မပြတ်ပွားများ အားထုတ်လေ့ရှိသည်။ အထူးသဖြင့် ပရိတ်ရွတ်ခြင်းကို ပိုပြီး ပြုလုပ်လေ့ရှိသည်။ ဦးဝင်းဖေသည် ငယ်ရွယ်စဉ် ဆရာတော်ကြီးများအထံအနီးအပါး၌ နေရစဉ်ကပင် ဆရာတော် သံဃာတော်များ ပရိတ်ရွတ်ဖတ်သည်ကို အားကျကာ မိမိကိုယ်တိုင်လည်း ပရိတ်ရွတ်ရလျှင် ကောင်းမှာပဲဟု တွေးပြီး ပရိတ်ရွတ်ခြင်းကို စတင်ပြုလုပ်ခဲ့လေသည်။ ထိုအချိန်မှ စတင်ကာ ယနေ့အချိန်အထိ နေ့စဉ်မပြတ် ပရိတ်ရွတ်ဖတ်ခြင်းကို ပြုခဲ့သည်။ ထူးခြားချက်မှာ ဦးဝင်းဖေရွတ်သော ပရိတ်တန်ခိုးသည် အစွမ်းထက်မြက်သည်။ အန္တရာယ်ကင်းသည်၊ စီးပွားချမ်းသာ ကျက်သရေမင်္ဂလာ တိုးတက်စေသည်ဟု လူအများက ယုံကြည်လက်ခံကြသည်။ ပို၍ ထူးခြားသည်မှာ ဦးဝင်းဖေသည် လူဝတ်ကြောင်ပင်ဖြစ်သော်လည်း ၎င်းရွတ်ဖတ်လိုက်သော ပရိတ်တော်များ၏ တန်ခိုး အစွမ်းထက်နေခြင်းပင် ဖြစ်သည်။ ပရိတ်ပေါက်သည်၊ ပရိတ်အောင်သည်ဟု ဆိုရမလိုပင် ဖြစ်သည်။

## (ည) အင်ဒိုနီးရှားနိုင်ငံ သာသနာပြုခရီးစဉ်

### (MITTA CENTRE) မေတ္တာစင်တာ စတင်တည်ထောင်

ဦးဝင်းဖေသည် CHIEF ENGINEER သင်္ဘောအင်ဂျင်နီယာအဖြစ်ဖြင့် ဂျပန်၊ အမေရိကန်၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်္ကာပူစသော နိုင်ငံများ၌ ၁၉၈၀-ပြည့်နှစ်မှစတင်ကာ အလုပ်လုပ်ကိုင်ရင်း တစ်ဖက်ကလည်း ပုတီးစိပ်ခြင်း၊ မေတ္တာပွားခြင်း၊ ပရိတ်ရွတ်ခြင်းစသော ဘာသာ သာသနာကိစ္စများ မပြတ်ပြုလုပ်ခဲ့သည်။ ထိုသို့ သင်္ဘောအင်ဂျင်နီယာ အလုပ်တစ်ဖက်ဖြင့် စင်္ကာပူမှာ ပရိတ်ရွတ်ရင်း (RICHARD LOW) ရစ်ချတ်လောနှင့် အဖွဲ့ကို စတင်တွေ့ရှိခဲ့ရသည်။ ရစ်ချတ်နှင့်အဖွဲ့မှာ ကင် (KIN)၊ (DERRICK) ဒါရတ်၊ (MR.JORG) မစ္စတာဂျော့၊ (JEMMY) ဂျင်မီ စသူတို့ဖြစ်သည်။ ရစ်ချတ်တို့အဖွဲ့နှင့် စတင်တွေ့ရှိပြီးနောက် စင်္ကာပူနိုင်ငံ၌ ပရိတ်ရွတ်ခြင်းစသော ဘာသာသာသနာရေးတို့ကို ကျယ်ပြန့်စွာ လုပ်ကိုင်နိုင်ခဲ့သည်။ ဦးဝင်းဖေသည် သင်္ဘောအင်ဂျင်နီယာအလုပ်ကို မလုပ်တော့ဘဲ ပရိတ်ရွတ်ခြင်းနှင့် ဘာသာ သာသနာအရေးတို့ကို ဇောက်ချပြီး ဆောင်ရွက်လုပ်ကိုင်လိုသောကြောင့် ၂၀၀၄-ခုနှစ်၊ ဇွန်လ (၁၅)ရက်နေ့တွင် (MITTA CENTER)မေတ္တာစင်တာကို စတင်တည်ထောင်နိုင်ခဲ့သည်။ မေတ္တာစင်တာသည်

ပုတီးစိပ်ခြင်း၊ မေတ္တာပွားခြင်း၊ ပဋ္ဌာန်းရွတ်ခြင်း၊ ဓမ္မစကြာရွတ်ခြင်း၊ ပရိတ်ရွတ်ခြင်း စသော သမထဝိပဿနာ ဘာဝနာလုပ်ငန်းတို့ကို ပြုလုပ်ရာ ဌာနဖြစ်သည်။ ဦးဝင်းဖေ၏ မေတ္တာစင်တာ၌ အဖွဲ့ဝင်များ တစ်စတစ်စ တိုးပွားလာခဲ့ပြီး စင်္ကာပူနိုင်ငံအပြင် အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနိုင်ငံများအထိ အဖွဲ့ဝင်များ တိုးတက်များပြားလာခဲ့သည်။ ဦးဝင်းဖေ ထိုသို့ ဘာသာသာသနာရေးကိစ္စများ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်အောင် အဓိကအားဖြင့် ငွေအား လူအား ပံ့ပိုးကူညီကြသူများမှာ စင်္ကာပူနိုင်ငံမှ ရစ်ချတ်လော၊ ကင်၊ ဒါရတ်၊ မစ္စတာဂျော့၊ ဂျင်မီ စသောသူများနှင့် အင်ဒိုနီးရှားနိုင်ငံမှ ရွှေတိဂုံပုံတူနှင့် ကျိုက်ထီးရိုးပုံတူစေတီ တည်ထားကိုးကွယ်မည့် ဘုရားဒါယကာများဖြစ်ကြသော MR. TONGARIODJO ANGKASA နှင့် MR. ONGKODIGDOJO၊ စင်္ကာပူနိုင်ငံ၌ နေထိုင်သူ မြန်မာပြည်သားများဖြစ်ကြသည့် ဦးဇော်ဝင်း+ဒေါက်တာဒေါ်စိန်ဝင်းမေ၊ ဦးမြတ်လင်း+ဒေါ်ခက်ခက်လွင် စသော သူတို့ဖြစ်သည်။ ဒေါ်ခင်ဌေးကြည်သည်လည်း ဦးဝင်းဖေ၏ ပါရမီဖြည့်ဖက်အဖြစ်ဖြင့် ဦးဝင်းဖေ၏ သာသနာပြုလုပ်ငန်းများ၌ နောက်တော်ပါးက ထပ်ကြပ်မကွာ လိုက်ပါ၍ ပါဝင်ပံ့ပိုး ကူညီခဲ့ပေသည်။

ထိုသူတို့၏ ပံ့ပိုးကူညီမှုဖြင့် ဦးဝင်းဖေ၏ သာသနာပြုလုပ်ငန်းများ အောင်မြင်ခဲ့လေသည်။

စင်္ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနိုင်ငံများက ဗုဒ္ဓဘာသာဝင်များသည် ဦးဝင်းဖေ၏ ပရိတ်တန်ခိုးကို အတော်ပင် ယုံကြည်လက်ခံကြ၏။ ဦးဝင်းဖေကို ပင့်ဖိတ်၍ ဦးဝင်းဖေ ပရိတ်ရွတ်လျှင် ဘေးအန္တရာယ်များ ကင်းပျောက်ခြင်း၊ စီးပွားလာဘ်လာဘများ တိုးတက်ခြင်း၊ အဆင်မပြေဖြစ်နေသော ကိစ္စများ အဆင်ပြေချောမောသွားခြင်း စသည့်များကို ၎င်းတို့ကိုယ်တိုင် ကိုယ်တွေ့လက်တွေ့ ကြုံတွေ့ကြရသည်။ ထို့အပြင် ပို၍ထူးခြားသည်မှာ ဦးဝင်းဖေ ပရိတ်ရွတ်နေစဉ် မြတ်စွာဘုရား၏ ဓာတ်တော်များ သိသိသာသာ တိုးပွားလာခြင်း၊ ပရိတ်ရေများ ဆူပွက်လာခြင်းတို့ကို ကိုယ်တွေ့ကြုံကြရသဖြင့်လည်း ဦးဝင်းဖေ ရွတ်ဖတ်သော ဗုဒ္ဓ၏ ပရိတ်ဒေသနာတော်များ အစွမ်းထက်သည်ကို အားလုံးက ယုံကြည်လက်ခံကြသည်။ ထို့ကြောင့် စင်္ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းစသော နိုင်ငံများက ဦးဝင်းဖေအား ယုံကြည်ကြခြင်းဖြစ်ပြီး မိမိတို့၏ ကိုယ်တွေ့မျက်တွေ့ ပရိတ်၏တန်ခိုး၊ ပရိတ်၏အကျိုးကို သိလာရသော အခါ ဦးဝင်းဖေအား ဝတ္ထုငွေတို့ဖြင့် လှူဒါန်းပူဇော်ကြသည်။

# ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်ဘုရားကြီး) (၃)

## သာသနာ့ဥပဋ္ဌာက သာသနာ့ဒါယကာ
## ဦးဝင်းဖေ

ဦးဝင်းဖေသည် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသူ မဟုတ်သော်လည်း ၂၀၀၅-၂၀၀၆ ခုနှစ်များ၌ မိမိပရိတ်ရွတ်၍ ရရှိသော ငွေများဖြင့်လည်းကောင်း၊ စင်္ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းစသော နိုင်ငံများမှ မေတ္တာစင်တာ အဖွဲ့သားများနှင့် ဗုဒ္ဓဘာသာဝင်များ၏ လှူဒါန်းငွေများဖြင့် လည်းကောင်း စုပေါင်း၍ မြန်မာပြည်အရပ်ရပ်ရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များ၊ သီလရှင်များ၊ သက်ကြီးရွယ်အို အဘိုးအဘွားများ၊ မိဘမဲ့ကလေးများကျောင်းတို့၌ ဆွမ်း၊သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ၊ ဆွမ်းဆန်၊ အဝတ်အထည်နှင့် လွယ်အိတ်၊ စာအုပ်၊ ဘောလ်ပင်၊ ခဲတံ စသော များပြားလှသည့် ပစ္စည်းဝတ္ထုတို့ကို လှူဒါန်းခဲ့သည်။

မကွေးမြို့ရှိ သံဃာတော်အပါး(၁၀၇၀)ကျော်တို့အား ဆွမ်း၊ သင်္ကန်း၊ ပရိက္ခရာတို့ကို လှူဒါန်းခြင်း၊ ရန်ကုန်မြို့ နာဂလိုဏ်ဂူ ကလေးဝတောရကျောင်းတိုက်၌ သံဃာတော်အပါး (၁၀၀၀)တို့အား ဆွမ်း၊ သင်္ကန်း၊ ပရိက္ခရာတို့ကို လှူဒါန်းခြင်း၊ မင်းကွန်း တိပိဋကရေကျောင်း၊ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်း၊ မန္တလေးမြို့မှ တန့်ကြည့်တောင်ကျောင်း၊ မိတ္ထီလာမြို့မှ

ဝမ်းတော်ပြည့်ကျောင်း၊ ရေလည်ကျောင်း၊ မုံရွာမြို့မှ ဗောဓိတစ်ထောင်ကျောင်း စသော မြန်မာပြည်အရပ်ရပ်ရှိ ကျောင်းတိုက်အသီးသီးတို့မှ သံဃာတော်အပါး (၉၀၀၀)တို့အား သင်္ကန်းအစုံ (၉၀၀၀)၊ ဆွမ်းဆန်တော်အိတ်ပေါင်း (၁၀၀၀)ကျော်၊ မကွေးမြို့ရှိ သီလရှင်ကျောင်းတိုက်များနှင့် မန္တလေးမြို့မှ မြဝတီသီလရှင်စာသင်တိုက်၊ စစ်ကိုင်းမြို့မှ မြဝတီသီလရှင်စာသင်တိုက် စသော သီလရှင်ကျောင်းတိုက်များ၌ သီလရှင်အပါး(၃၀၀၀)တို့အား ဝတ္ထုငွေနှင့် ဆွမ်းဆန်တော်လှူဒါန်းခြင်း၊ မိဘမဲ့ကလေးကျောင်းများ၌ လွယ်အိတ်, ခဲတံ, ဘောလ်ပင် (၁၂၀၀၀) သက်ကြီးရွယ်အိုအဘိုးအဘွား (၅၀၀)တို့အတွက် အဝတ်အထည်များလှူဒါန်းထောက်ပံ့ခြင်း၊ မကွေးမြို့ မဟာဝိသုတာရာမကျောင်းတိုက်၌ သိန်း(၅၀)တန်ဘိုးရှိ မီးစက်တစ်လုံး လှူဒါန်းခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။ လှူဒါန်းမှု စုစုပေါင်းတန်ဘိုးမှာ စင်္ကာပူဒေါ်လာ (၁၅၀၀၀၀)ကျော်၊ မြန်မာကျပ်ငွေတန်ဘိုး သိန်း(၁၃၅၀)ကျော်ရှိသည်။ ဤမျှ များပြားသော ငွေများကို ဗုဒ္ဓသာသနာတော်နှင့် အများအကျိုးအတွက် လှူဒါန်းနိုင်ခဲ့ခြင်းမှာ ဦးဝင်းဖေ၏ ဘာသာသာသနာအတွက် စွမ်းဆောင်မှုများနှင့် ပရိတ်၏တန်ခိုး၊ ပရိတ်၏ အစွမ်းကြောင့်ပင် ဖြစ်ပေသည်။

ယခုစာရေးနေချိန်၌ပင် ဦးဝင်းဖေနှင့် ဒေါ်ခင်ဌေးကြည်တို့သည် မကွေးမြို့ မဟာဝိသုတာရာမတိုက်၌ ရှင် (၁၀၈)ပါးတို့အား ရှင်ပြုပေးခြင်းနှင့် ပင့်သံဃာတော်တို့အား သက်န်းစသည် လှူဒါန်းခြင်းတို့ကို ပြုလုပ်ရန် စီစဉ်နေပေသည်။ ဦးဝင်းဖေ၏ ဗုဒ္ဓသာသနာတော်၌ ကြည်ညိုသော စေတနာ သဒ္ဓါတရားကား အံ့မခန်းပင်ဖြစ်သည်။ ထိုကဲ့သို့ ဦးဝင်းဖေ၏ မြန်မာပြည်အတွင်း၌ သာသနာပြုလုပ်ငန်းများအတွက် အဆင်ပြေစေရန် အစစအရာရာ ပံ့ပိုးကူညီပေးနေသူမှာ ဦးဝင်းဖေ၏အစ်မ ဦးခင်ကိုနိုင်+ ဒေါ်ခင်လေးမြင့်တို့ ဇနီးမောင်နှံပင်ဖြစ်သည်။ သူတို့သည် ဦးဝင်းဖေသာသနာပြုလုပ်ငန်းတို့၌ အဆင်ပြေချောမွေ့အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ခဲ့ကြပေသည်။ ဦးဂင်းဖေသည် မြန်မာပြည်တွင်း၌သာမက စင်္ကာပူ၊ အင်ဒိုနီးရှားစသော နိုင်ငံများ၌လည်း သာသနာပြုလုပ်ငန်းများ အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိရာ ၂၀၀၃-ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ၊ မာလန်ခရိုင်၊ (BATU) ဘတုမြို့တွင် ဉာဏ်တော် (၇၂)ပေရှိ ရွှေတိဂုံပုံတူ စေတီတော်ကို အဓိကဦးဆောင်၍ တည်ထားကိုးကွယ်ခဲ့သည်။ ထိုသို့ ရွှေတိဂုံပုံတူစေတီတော် တည်ထားကိုးကွယ်နိုင်ခြင်းသည် အင်ဒိုနီးရှား ဗုဒ္ဓသာသနာတော်၌ ထူးခြားသော သမိုင်းမှတ်တိုင်ပင်ဖြစ်ပြီး ဦးဝင်းဖေ၏ စွမ်းဆောင်မှုများပင် ဖြစ်သည်။ ယခုလည်း အင်ဒိုနီးရှားနိုင်ငံ၊ ဆုမတြာကျွန်း

## (တ) အင်ဒိုနီးရှားနိုင်ငံ သာသနာပြုခရီးစဉ်

(MEDAN) မိဒန်မြို့မှ သူဌေးကြီး MR. TONGARIODJO ANGKASA နှင့် ဗုဒ္ဓဘာသာဝင်များသည် (BARASTAGI) ဘရာစတာဂီမြို့၌ ရွှေတိဂုံပုံတူ စေတီတည်ထားကိုးကွယ်ရန်နှင့် ဂျားဗားကျွန်း ( SURABAYA ) စူရာဗာရားမြို့မှ သူဌေးကြီး MR. ONGKODIGDOJO နှင့် မိသားစုကလည်း (TRAWAS) ထရဝပ်မြို့ရှိ မိမိတို့ပိုင်ဆိုင်သော (VILLA) ဗီလာအတွင်း၌ ကျိုက်ထီးရိုးပုံတူစေတီတော် တည်ထားကိုးကွယ်လိုကြရာ ထိုသူဌေးနှစ်ယောက်နှင့် ဗုဒ္ဓဘာသာဝင်များသည် ဦးဝင်းဖေ၏ သာသနာပြုလုပ်ငန်းများနှင့် ပတ်သက်ပြီး ယုံကြည်လေးစားအားထားကြသည့်အလျောက် ရွှေတိဂုံပုံတူနှင့် ကျိုက်ထီးရိုးပုံတူစေတီတော် တည်ထားကိုးကွယ်ရန်အတွက် ဦးဝင်းဖေအား ဦးဆောင်ပြီး ပြုလုပ်ပေးရန် တာဝန်ပေးအပ်ခဲ့ကြလေသည်။

သို့ဖြစ်၍ ဦးဝင်းဖေသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးအား လွန်စွာ ကြည်ညိုလေးစားအားထားသူဖြစ်ခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် ရွှေတိဂုံပုံတူစေတီနှင့် ကျိုက်ထီးရိုးပုံတူစေတီတော်များ တည်ထားကိုးကွယ်ရာ၌ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ ကြွရောက်ပါရန် အင်ဒိုနီးရှားနိုင်ငံမှ ဗုဒ္ဓဘာသာဝင်တို့၏ ကိုယ်စား လျှောက်ထားပင့်ဆောင်ခြင်း ဖြစ်လေသည်။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးဦးဆောင်သော အဖွဲ့အား အင်ဒိုနီးရှား နိုင်ငံတွင် တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူနှင့် ကျိုက်ထီးရိုး ပုံတူ စေတီ အုတ်မြစ်စီမင်္ဂလာအခမ်းအနားသို့ ကြွရောက်ရန် ဦးစီးဦးဆောင်ပြု၍ ပင့်ဆောင်သူမှာ ထေရဝါဒဗုဒ္ဓသာသနာပြု သာသနာ့အကျိုးတော်ဆောင် ဦးဝင်းဖေပင်ဖြစ်သည်ဟု ဦးဝင်းဖေ၏ အကြောင်းကို ဦးစွာပထမ တင်ပြလိုက်ရပါသည်။

## ခရီးစတင်ထွက်ခွာ
## (၁၆-၃-၂၀၀၇)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်ဘုရားကြီး ဦးဆောင်သော အဖွဲ့သည် ၁၆-၃-၂၀၀၇ နံနက် ၁၁း၄၅ အချိန်တွင် အင်ဒိုနီးရှားနိုင်ငံသို့ ကြွရောက်ရန်အတွက် ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ မဟာနာယကကျောင်းတော်မှ ရန်ကုန် မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ကားများဖြင့် စတင်ထွက်ခွာလာကြပါသည်။

ဥက္ကဋ္ဌဆရာတော်ဘုရားကြီး ဦးဆောင်သောအဖွဲ့တွင် အောက်ပါပုဂ္ဂိုလ်များ လိုက်ပါလာကြပါသည်-

၁။ ဘဒ္ဒန္တဇာဂရာဘိဝံသ (ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ နာဂလိုဏ်ဂူကလေးဝတောရဆရာတော်)

၂။ ဘဒ္ဒန္တသာသန (ဥက္ကဋ္ဌဆရာတော်ဘုရားကြီး ၏ ပစ္ဆာသမဏ)

၃။ ဘဒ္ဒန္တကဥ္စန (ဥက္ကဋ္ဌဆရာတော်ဘုရားကြီး ၏ ပစ္ဆာသမဏ)

၄။ ဒေါက်တာသက်ခိုင်ဝင်း(တွဲဖက်ပါမောက္ခ၊ အထွေထွေ သမားတော်ကြီး၊ ရန်ကုန် ပြည်သူ့ဆေးရုံကြီး)

၅။ ဦးစိုင်းအောင်ထွန်း (နိုင်ငံတော်ကောင်စီဝင်-အငြိမ်း စား)

၆။ ဦးတင်စန်းမြင့် (သာသနာရေးဦးစီးဌာန)

၇။ ဦးဝင်းဖေ (ခရီးစဉ်ကို ဦးဆောင်၍ အမိက ပင့်ဆောင်သူ)

၈။ ဒေါ်ခင်ဌေးကြည် တို့ဖြစ်သည်။

## လိုက်ပါနှုတ်ဆက်

အင်ဒိုနီးရှားနိုင်ငံသို့ ကြွရောက်တော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီး အမှူးပြုသော အဖွဲ့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုဥက္ကဋ္ဌ ရေနံချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယ၊ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမာနိတသိရီဘိဝံသနှင့် အဖွဲ့ဝင် ဆရာ

တော်များ၊ သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တပည့်ဒါယကာ-ဒါယိကာမများ က ရန်ကုန် မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်ပါ ပို့ဆောင် နှုတ်ဆက်ကြသည်။ ဥက္ကဋ္ဌဆရာတော်ကြီး ဦးဆောင် သော အဖွဲ့သည် မင်္ဂလာဒုံလေဆိပ် ဧည့်ခန်းမဆောင်၌ ခေတ္တ ခဏနားနေကြပါသည်။

## စတင်ပျံသန်း

ထို့နောက် ဥက္ကဋ္ဌဆရာတော်ကြီး ဦးဆောင်သောအဖွဲ့ သည် မြန်မာစံတော်ချိန် နေ့လည် ၁၂း၅၀ မိနစ်တွင် မင်္ဂလာဒုံ လေဆိပ်မှ စင်္ကာပူနိုင်ငံသို့ SILK AIR လေကြောင်းဖြင့် စတင် ထွက်ခွာခဲ့ကြပါသည်။ မိမိတို့စီးလာသော လေယာဉ်ပေါ်တွင် ပန်းတစ်ပွင့်တောင်ဆရာတော် ဦးပညာသာရနှင့် ဒါယကာ, ဒါယိကာမများလည်း လိုက်ပါလာကြပြီး မိမိတို့သွားမည့် ခရီးစဉ် များသို့ လိုက်ပါကြမည်ဖြစ်သည်။ စင်္ကာပူနိုင်ငံ (CHAN GI) ချန်ဂီလေဆိပ်သို့ စင်္ကာပူဒေသစံတော်ချိန်ညနေ ၅း၀၀ နာရီတွင် ဆိုက်ရောက်ခဲ့ပါသည်။ ရန်ကုန် မင်္ဂလာဒုံလေဆိပ်မှ စင်္ကာပူ နိုင်ငံ (CHANGI) ချန်ဂီလေဆိပ်သို့ ၂ နာရီ ၄၀ မိနစ်ခန့်ကြာ ပျံသန်းရပါသည်။

## နာမည်ကျော်ချန်ဂီလေဆိပ်

ဉက္ကဋ္ဌဆရာတော်ကြီးနှင့်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံသို့ ခရီးဆက်ကြရမည်ဖြစ်သဖြင့် စင်္ကာပူနိုင်ငံ ချန်ဂီလေဆိပ်ထဲမှာ ခေတ္တခဏ နားနေကြရပါသည်။ အင်ဒိုနီးရှားသို့ ခရီးမဆက်ခင် မိမိနှင့် ကလေးဝတောရဆရာတော်၊ ဦးသာသန၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးတင်စန်းမြင့် တို့သည် ချန်ဂီလေဆိပ်ထဲမှာ ဟိုဟိုဒီဒီ လျှောက်ကြည့်ခဲ့ကြသည်။ ချန်ဂီလေဆိပ်သည် ကမ္ဘာ့ အကောင်းဆုံးလေဆိပ်များတွင် တစ်ခုအပါအဝင်ဖြစ်သော လေဆိပ်ဖြစ်သည်။ ချန်ဂီလေဆိပ်သည် ခေတ်မီ၍ သန့်ရှင်း သာယာလှပပြီး ခန့်ညားထည်ဝါလှပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီး ရှိ မြို့ကြီးများသို့ ပျံသန်းရာလေဆိပ်ဖြစ်ခြင်းကြောင့် လေယာဉ် များ အတက်အဆင်း မကြာခဏရှိသည်။ လေဆိပ်မှာ အတော် ကျယ်ဝန်းသည်။ ပြည်တွင်းပြည်ပ ခရီးသွားများဖြင့် မပြတ် စည်ကားလှသည်။ နိုင်ငံစုံမှ လူမျိုးအများအပြားကိုလည်း တွေ့ရသည်။ လေဆိပ်အဆောက်အဉီအတွင်း စားသောက်ဆိုင်၊ လူသုံးကုန်ပစ္စည်းမျိုးစုံရောင်းသော ကုန်မျိုးစုံအရောင်းဆိုင် အများအပြားရှိသည်။ အလှပန်းဉယျာဉ်လေးများလည်း ရှိသည်။ အခြားသော သစ်ပင်အလှပင်များလည်း သူ့နေရာနှင့်သူ လှအောင် စိုက်ထားသည်။ ခရီးသည်များ အပန်းဖြေနားနေရန်

သစ်ခွပန်းဥယျာဉ်နှင့် ရွှေရောင်အလှမွေးငါးကြီးများ မွေးမြူထားသော ငါးကန်တစ်ခုလည်း ရှိသည်။ ဤသို့ ခေတ်မီသာယာလှပ၍ ခရီးသည်များကို ဆွဲဆောင်နိုင်မှုအားကောင်းသောကြောင့်ပင် ချန်ဂီလေဆိပ်သည် နာမည်ကြီးမည်ဆိုလျှင်လည်းကြီးလောက်ပါပေသည်။ မိမိတို့သည် ချန်ဂီလေဆိပ်ဝင်းအတွင်းမှာ ဓါတ်ပုံများ အမှတ်တရ ရိုက်ကြသည်။

## အင်ဒိုနီးရှားနိုင်ငံ မီဒန်မြို့သို့

ဥက္ကဋ္ဌဆရာတော်ကြီးဦးဆောင်သော အဖွဲ့သည် စင်္ကာပူနိုင်ငံ ချန်ဂီလေဆိပ်ဟွင် (၂)နာရီကျော် နားကြပြီးနောက် စင်္ကာပူဒေသစံတော်ချိန် ည ၇း၃၀ တွင် SILK AIR လေကြောင်းဖြင့် စင်္ကာပူနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံသို့ ခရီးဆက်ကြရာ အင်ဒိုနီးရှားနိုင်ငံ၊ ဆုမတြာကျွန်း၊ (MEDAN) မီဒန်မြို့၊ မီဒန်လေဆိပ်သို့ အင်ဒိုနီးရှားဒေသစံတော်ချိန် ည ၇း၃၀ ခန့် ရောက်ရှိခဲ့ကြသည်။ စင်္ကာပူနိုင်ငံမှ အင်ဒိုနီးရှားနိုင်ငံ၊ မီဒန်မြို့သို့ (၁)နာရီကြာ ပျံသန်းရပါသည်။ (အင်ဒိုနီးရှားစံတော်ချိန်သည် မြန်မာစံတော်ချိန်ထက် မိနစ် ၃၀ ခန့်စောပြီး စင်္ကာပူ စံတော်ချိန်သည် မြန်မာစံတော်ချိန်ထက် ၁ နာရီ ၃၀ မိနစ်ခန့် စောပါသည်။)

## မီဒန်မြို့မှ ဗုဒ္ဓယာန ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်း

ဥက္ကဋ္ဌဆရာတော်ကြီး ဦးဆောင်သောအဖွဲ့အား မီဒန်လေဆိပ်တွင် မီဒန်မြို့မှ သူဌေးကြီး MR. TONGARIODJO ANGKASA နှင့် အဖွဲ့များ လာရောက်ကြိုဆိုကြပါသည်။ ကြိုဆိုရေးအဖွဲ့များသည် ဥက္ကဋ္ဌဆရာတော်ကြီး ဦးဆောင်သောအဖွဲ့အား မီဒန်မြို့တွင်းရှိ ဗုဒ္ဓယာန ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းသို့ ကားများဖြင့် ပင့်ဆောင်ကြပါသည်။ မီဒန်လေဆိပ်မှ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းသို့ မိနစ်(၃၀)ခန့် စီးရသည်။ ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွင် မီဒန်မြို့မှ တရုတ်လူမျိုး ဗုဒ္ဓဘာသာဝင်များသည် အသင့်စောင့်ကြိုနေကြပါသည်။ အားလုံး (၃၀-၄၀)ခန့် ရှိသည်။ မီဒန်မြို့၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်မှာ အင်ဒိုနီးရှားနိုင်ငံသားဖြစ်ပြီး ဘွဲ့အမည်မှာ ဦးဂမ္ဘီရဖြစ်သည်။ မြန်မာနိုင်ငံ၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် လာရောက်ပြီး တစ်နှစ်ခန့် ဗုဒ္ဓစာပေများကို လေ့လာဆည်းပူးသင်ယူဖူးသော ဆရာတော်ဖြစ်သည်။ အင်္ဂလိပ်စကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုတတ်သည်။ ဦးဂမ္ဘီရ၏ ကျောင်းတိုက်သည် အတော်အတန်သင့် ကျယ်ဝန်းပြီး သန့်ရှင်းသေသပ်မှု ရှိသည်။ နှစ်ထပ်ကျောင်းဆောင် (၃)ဆောင်ရှိပြီး ပေ

(၆၀×၃၀)ခန့်ရှိ တရားဟော တရားပြရာ ဓမ္မာရုံတစ်ခုလည်း ရှိသည်။ ဓမ္မာရုံမှာ လှလှပပ သပ်သပ်ရပ်ရပ် ဆောက်လုပ်ထား သည်။ မဓမ္မာရုံထဲတွင် (၁၀)ပေခန့်ရှိ ကြည်ညိုဖွယ်ရာ ကျောက် ဆင်းတု ဘုရားတစ်ဆူရှိသည်။ ဓမ္မာရုံဘေးတွင်လည်း အာရုံခံ တန်ဆောင်းရှိပြီး အာရုံခံတန်ဆောင်းအတွင်းမှာ (၁၅)ပေခန့်ရှိ ကျောက်ဆင်းတု ဘုရား (၁)ဆူ ရှိသေးသည်။ မီဒန်မြို့မှ ဗုဒ္ဓ ဘာသာဝင်များသည် ညစဉ် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း သို့ လာရောက်ပြီး ကျောင်းထိုင်ဆရာတော် ဦးဂမ္ဘီရ၏ လမ်းညွှန် မှုဖြင့် တရားနာခြင်း၊ တရားအားထုတ်ခြင်းများ ပြုလုပ်ကြသည်။

## GRAND ANGKASA ဟိုတယ်မှာ တစ်ညတာ

ဥက္ကဋ္ဌဆရာတော်ကြီးသည် မီဒန်မြို့မှ ဗုဒ္ဓဘာသာဝင်များ ၏ ပူဇော်မှုကို ခံယူပြီးနောက် ဥက္ကဋ္ဌဆရာတော်ကြီးနှင့်အတူ ဦးသာသန၊ ဦးကဥ္စန (စာရေးသူ)၊ ဒေါက်တာသက်ခိုင်ဝင်း တို့သည် မီဒန်မြို့၊ ဘုန်းတော်ကြီးကျောင်းမှာ ခေတ္တနားကြပြီး သူဌေးကြီး MR. TONGARIODJO ANGKASA ၏ စီစဉ် ပေးမှုဖြင့် GRAND ANGKASA ဟိုတယ်သို့ ပြောင်းရွှေ့ အနားယူကြပါသည်။ ကလေးဝတောရဆရာတော်၊ ပန်းတစ်ပွင့် တောင်ဆရာတော်တို့ ဘုန်းတော်ကြီးကျောင်းမှာ ကျန်နေခဲ့ကြ သည်။ ဦးဝင်းဖေနှင့် စင်္ကာပူမှ လိုက်လာသော မြန်မာအဖွဲ့များ

သည် မီဒန်မြို့ထဲရှိ အခြားဟိုတယ်တစ်ခုမှာ တည်းခိုကြသည်။ GRAND ANGKASA ဟိုတယ်ကြီးသည် မီဒန်မြို့တွင် အကောင်းဆုံးဟိုတယ်ဖြစ်ကြောင်း သိရပါသည်။ အထပ်ပေါင်း (၁၁)ထပ်ရှိသည်။ ရေကူးကန်လည်း ပါသည်။ ဥက္ကဋ္ဌဆရာတော်ကြီးနှင့်အဖွဲ့သည် ဟိုတယ်၏အပေါ်ဆုံးအထပ် (၁၁)ထပ်မြောက် အခန်းနံပါတ် (၃၀၁)မှာ တည်းခိုကြရသည်။ အခန်းမှာ အတော်ကျယ်ဝန်းပြီး ဧည့်ခန်းနှင့် အခန်း(၂)ခန်း ပါဝင်သည်။ အဆင့်အတန်းမြင့်မားသော ဟိုတယ်ဖြစ်သည်။ လာရောက်ကြသော ဧည့်သည်များအတွက် ဝန်ဆောင်မှု အပြည့်အဝရှိသဖြင့် တည်းခိုရန် အလွန်ကောင်းသော ဟိုတယ်ပင်ဖြစ်သည်။ ဟိုတယ်မှာ အလွန်ခန့်ညား ထည်ဝါလှပါသည်။ မိမိသည် ဟိုတယ်၏အပေါ်ဆုံးထပ်မှနေပြီး မီဒန်မြို့၏ ညအလှကို ကြည့်ရှုရာ အလွန်သာယာလှပသော မီဒန်မြို့၏ ညအလှမှာ မီးရောင်စုံတို့ဖြင့် လင်းလက်တောက်ပနေပါသည်။ ကြည့်ရသည်မှာ စိတ်ထဲတွင် ကြည်နူးစရာ ကောင်းလှပါသည်။ ကားလမ်းများပေါ်၌ ကားများ ဥဒဟိုသွားလာနေသည်ကိုလည်း ဟိုတယ်ပေါ်မှ မြင်နေရပါသည်။ အေးချမ်းသာယာလှပသည့် မြို့တစ်မြို့ဟု ခံစားမိသည်။ မီဒန်မြို့သည် အင်ဒိုနီးရှားနိုင်ငံ၌ စတုတ္ထမြို့တော်ဖြစ်သည်။

မြန်မာနိုင်ငံ ရန်ကုန်မြို့ထက်ပင် ပိုပြီးကျယ်ဝန်းသည်ဟု ထင်ရပေသည်။ လူဦးရေပေါများပြီး စည်ကားသည်။ ဒေသခံ အင်ဒိုနီးရှားလူမျိုးများအပြင် တရုတ်လူမျိုးများလည်း ရှိသည်။ တရုတ်လူမျိုးများမှာ ဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်။ အင်ဒိုနီးရှား လူမျိုးများမှာ မွတ်ဆလင်ဘာသာဝင်များဖြစ်၍ မြန်မာနိုင်ငံမှ မွတ်ဆလင် ကုလားလူမျိုးများကဲ့သို့ အသားမည်းမည်းဟု ထင်ခဲ့သော်လည်း အင်ဒိုနီးရှားလူမျိုးများမှာ အသားအရောင်သိပ်မမည်းလှပါ။ အချို့မှာ မြန်မာများနှင့်ပင် ရုပ်ချင်းဆင်တူကြပေသည်။

ဥက္ကဋ္ဌဆရာတော်ကြီးနှင့် အဖွဲ့သည် မီဒန်မြို့ရှိ GRAND ANGKASA ဟိုတယ်တွင် တစ်ညတာ ကျိန်းစက်အနားယူကြပါသည်။

## ၁၇-၃-၂၀၀၇
## အနေကဇာတင်နှင့် ဥက္ကဋ္ဌဆရာတော်ကြီး၏ တရားပွဲ

နံနက် (၆)နာရီမှာ ဟိုတယ်မှ ထမင်းပေါင်းနှင့် ကြာဇံကြော်လာပြီး ကပ်သည်။ ညကပင် မိမိတို့ စားချင်တာကို ကြိုပြီးမှာထားခြင်းဖြစ်သည်။ နံနက်ဆွမ်းစားပြီးနောက် ဦးဝင်းဖေ ရောက်လာပြီး ဥက္ကဋ္ဌဆရာတော်ကြီးနှင့် မိမိတို့ကို လာရောက်ပင့်ဆောင်ကြသည်။ မီဒန်ဘုန်းကြီးကျောင်းသို့ ရောက်ရှိကြပြီး

မီဒန်မှ ဗုဒ္ဓဘာသာများက ပြင်ဆင်ထားသော နံနက်ဆွမ်းကို ဘုဉ်းပေးကြရပြန်သည်။ ဟိုတယ်မှာ စားခဲ့ပြီးဖြစ်၍ သိပ်မစားနိုင်ကြတော့ပေ။ ဟင်းအမယ်အမျိုးအမည်တွေ စုံလှသည်။ အင်ဒိုနီးရှားအစားအစာတွေပင် ဖြစ်သည်။ မိမိတို့ မြန်မာပြည်မှ အစားအစာများနှင့်မတူ အင်ဒိုနီးရှားအစားအစာ များကို စားရသည်မှာ တစ်မျိုးပင် ထူးခြား၍ နေပေသည်။ ထို့နောက် ဘုန်းကြီးကျောင်းမှာ ခေတ္တနားကြပြီး နံနက်(၈)နာရီ အချိန်တွင် ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသော သံဃာတော်များသည် မီဒန်ဘုန်းတော်ကြီးကျောင်းအတွင်းရှိ အာရုံခံ တန်ဆောင်းအတွင်း၌ ကျောက်ဆင်းတုဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနေကဇာတင် ပူဇော်ကြသည်။ မြန်မာသံဃာတော်များနှင့် အတူ အင်ဒိုနီးရှား မီဒန် ဘုန်းကြီးကျောင်းမှ အခြားသံဃာ (၂)ပါး လည်းပါဝင်သည်။ အနေကဇာတင်ပြီးနောက် အာရုံခံတန်ဆောင်း ဘေးရှိ ဓမ္မာရုံအတွင်းမှာ ဥက္ကဋ္ဌ ဆရာတော်ကြီးက အင်ဒိုနီးရှား နိုင်ငံ မီဒန်မြို့မှ ဗုဒ္ဓဘာသာဝင်များအား တရားချီးမြှင့်ပါသည်။ တရားနာပရိသတ် (၅၀)ခန့်ရှိသည်။ အင်ဒိုနီးရှား၊ တရုတ် ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြသည်။ ဥက္ကဋ္ဌ ဆရာတော်ကြီး မြန်မာလို ဟောကြားသော တရားတော်ကို ဆရာကြီး ဦးစိုင်းအောင်ထွန်းက အင်္ဂလိပ် ဘာသာဖြင့် ပြန်ဆိုပြောကြားပါသည်။ ဆရာကြီး ဦးစိုင်းအောင်ထွန်း အင်္ဂလိပ်လို ဘာသာပြန်ပြောသည်ကို မီဒန်

ဘုန်တော်ကြီး ဦးဂမ္ဘိရ က အင်ဒိုနီးရှားဘာသာဖြင့် ထပ်ဆင့်၍ အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင်တို့အား ပြန်လည်ရှင်းလင်း ပြောကြားပါသည်။

ဥက္ကဋ္ဌဆရာတော်ကြီး တရားဟောကြားသည်မှာ-

"လူ့ဘဝ ရဖို့ရန် ခဲယဉ်းကြောင်း၊ ပုရွက်ဆိတ်, ခြင် စသော တိရစ္ဆာန်အများအပြားနဲ့ ယှဉ်လျှင် လူတွေရဲ့ အရေ အတွက်ဟာ မပြောပလောက်ကြောင်း၊ အဲဒီလို ရခဲတဲ့ လူ့ဘဝမှာ အကျိုးရှိရှိ နေသွားဖို့ အရေးကြီးကြောင်း၊ ဘုရားသာသနာနဲ့ တွေ့ဖို့ဆိုတာလည်း အင်မတန် ခဲယဉ်းကြောင်း၊ အင်ဒိုနီးရှား နိုင်ငံမှာ မြန်မာနိုင်ငံလို သာသနာမထွန်းကားပေမယ့် သာသနာ အနည်းငယ် ရှိနေသေးသည့်အတွက် ကံကောင်းကြောင်း၊ အဲဒီလို ဘုရားသာသနာ အားနည်းနေလို့ ဘုန်းကြီးကိုယ်တိုင် ကြွရောက်လာရခြင်းဖြစ်ကြောင်း၊ ယခုလို ခဲယဉ်းတဲ့ လူ့ဘဝ ရနေခိုက်၊ ဘုရားသာသနာရဲ့ တွေ့ကြုံခိုက် တန်ဖိုးရှိရှိ အကျိုး ရှိရှိ နေထိုင်အောင် သြဝါဒပေးမှာဖြစ်ကြောင်း" ဟောကြား တော်မူပါသည်။ ထို့နောက် ဥက္ကဋ္ဌဆရာတော်ကြီးက ဆက်လက် ဟောကြားသည်မှာ-

"မြတ်စွာဘုရားရဲ့ တရားတော်တွေဟာ အဆုံးအပိုင်း အခြားမရှိ များပြားပြီး ခက်ခဲနက်နဲတဲ့အကြောင်း၊ အဲဒီလို ခက်ခဲ

နက်နဲတာတွေကို ပြောမနေဘဲ လွယ်လွယ်ကူကူ လိုက်နာကျင့်သုံးနိုင်တဲ့ အဆုံးအမ(၃)ချက်လောက်ပဲ ပြောမှာဖြစ်တဲ့အကြောင်း၊ အဲဒီ အဆုံးအမ (၃)ချက်က . . .

(၁) သရဏဂုံကို မြဲမြဲစွဲစွဲဆောက်တည်မှု
(၂) ငါးပါးသီလကို မြဲမြဲစွဲစွဲစောင့်ထိန်းမှု
(၃) ဘာဝနာတရား ပွားများမှုတို့ ဖြစ်တယ်ဆိုတဲ့ အကြောင်း . . .

တစ်နံပါတ်အချက်အနေနဲ့ ဘုရား, တရား, သံဃာ ရတနာသုံးပါးကို ကိုးကွယ်ရာ (အားကိုးရာ)လို့သိတဲ့ စိတ်စေတသိက်ကို သရဏဂုံလို့ ခေါ်တဲ့အကြောင်း၊ သတ္တဝါတွေကို အပါယ်လေးပါးမကျအောင် ဆင်းရဲခပ်သိမ်းမှ လွတ်မြောက်အောင် ညွှန်ပြနိုင်တဲ့ ကိုးကွယ်ရာ (အားကိုးရာ) ဟာ ငါတို့မှာ ရတနာသုံးပါးသာ ရှိတယ်လို့ သိပြီး ရတနာသုံးပါးကို ယုံယုံကြည်ကြည် အားကိုးအားထားမှု ကြီးစွာနဲ့ ဆည်းကပ်ကိုးကွယ်ရမှာ ဖြစ်တဲ့အကြောင်း။

နှစ်နံပါတ်အချက်အနေနဲ့ သတ္တဝါအသက်ကို မသတ် မဖြတ်ပဲ ရှောင်ကြဉ်မှု၊ သူတပါးပစ္စည်းဥစ္စာကို မခိုးမယူဘဲ ရှောင်ကြည်မှု၊ မိမိ၏ဇနီးမယားမှ တစ်ပါးအခြားသော အမျိုးသမီးနှင့် မမှားယွင်းအောင်, မိမိ၏ လင်ယောကျ်ားမှ တစ်ပါးအခြားသော အမျိုးသားနှင့် မမှားယွင်းအောင် ရှောင်

ကြဉ်မှု၊ မဟုတ်မမှန်သောစကားကို လိမ်ညာပြောဆိုခြင်းမှ ရှောင်ကြဉ်မှု၊ မူးယစ်ဆေးဝါး သောက်စားသုံးစွဲခြင်းမှ ရှောင်ကြဉ်မှု၊ ဤသိက္ခာပုဒ် ငါးပါးတို့ကို အမြဲရှောင်ကြဉ်ရမှာ ဖြစ်တဲ့အကြောင်း။

သုံးနံပါတ်အချက်အနေနဲ့ မိမိ၏နှာခေါင်းမှ ဝင်လေ/ထွက်လေကို ဝင်တိုင်း/ထွက်တိုင်း သိအောင် အမှတ်သတိပြုနေတာကို သမထကမ္မဋ္ဌာန်းလို့ ခေါ်တဲ့အကြောင်း၊ နှာခေါင်းမှ အသက်ရှူတဲ့အခါ ဝင်လေ/ထွက်လေတို့က နှာခေါင်းအဖျားမှ ထိသွားတယ်၊ အဲဒီ ထိရာနေရာမှာ စိတ်ကို ကပ်ထားပြီး ထိတိုင်း ထိတိုင်း သိအောင်မှတ်နေပါ။ အဲဒီလို မှတ်ဖန်များတဲ့အခါ စိတ်ဟာ အခြားအာရုံများသို့ မသွားတော့ပဲ ဝင်လေ/ထွက်လေ ထိတာကိုပဲ သိပြီး စိတ်တည်ငြိမ်သွားတယ်၊ အဲဒီလို စိတ်တည်ငြိမ်သွားတဲ့အခါ မြင်တိုင်း-ကြားတိုင်း-နံတိုင်း-စားတိုင်း-တွေ့ထိတိုင်း သိအောင်မှတ်ရတယ်၊ သွားတာ-ရပ်တာ-ထိုင်တာ-လဲလျောင်းတာ-ကွေးတာ-ဆန့်တာ စသည်တို့ကိုလည်း သိအောင်မှတ်ရတယ်၊ စိတ်ကကြံစည်တာ-အမှတ်ရတာ-ဝမ်းနည်းတာ-ဝမ်းသာတာ စသည်တို့ကိုလည်း သိအောင်မှတ်ရတယ်။ အဟိုချုပ်ကတော့ ကိုယ်အမူအရာ၊ စိတ်အမူအရာကို ဘာမျှမကျန်

အောင် သတိဖြင့် မှတ်နေရတယ်။ အဲဒီလိုမှတ်သွားလျှင် ဝိပဿနာ ဘာဝနာဖြစ်ပွားလာပြီး မဂ်ဖိုလ်ရသွားနိုင်တယ်။ အဲဒီ အချက်သုံးချက်ကို ပြည့်စုံအောင် အားထုတ်ကြပါလို့ ဩဝါဒ ပေးလိုတဲ့အကြောင်း" မိန့်ကြားတော်မူပါသည်။

တရားဟောပြီးနောက် ဥက္ကဋ္ဌဆရာတော်ကြီးကိုယ်စား ဦးသာသနက တရားနာပရိသတ်များအား ရေစင်ရေအေး ပက်ဖြန်းပေးရသည်။ သူတို့ ဓလေ့ထုံးစံအတိုင်း လုပ်ပေးရခြင်း ဖြစ်သည်။ ပရိသတ်များက ကျေနပ်နှစ်သက်စွာ ခံယူကြသည်။ ရေစင်ရေအေး ပက်ဖြန်းနေစဉ် ဥက္ကဋ္ဌဆရာတော်ကြီးအမှူး ပြုသော သံဃာတော်များက "သာသနဿ စ လောကဿ . . ." အစရှိသော ဂါထာကို ရွတ်ဆိုကြရပါသည်။ ထို့နောက် ပရိသတ် များက ဥက္ကဋ္ဌဆရာတော်ကြီးထံမှ သရဏဂုံနှင့် (၉)ပါးသီလ ခံယူဆောက်တည်ကြပြီးနောက် အခမ်းအနားကို ရုပ်သိမ်းလိုက် ကြသည်။ ထို့နောက် ဓမ္မာရုံအတွင်း၌ ဓမ္မသီချင်းများဖွင့်ရာ "အဘိဝါဒနသီလိဿ နိစ္စံ ဝုဍ္ဎာ ပစာယိနော။ စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယုဝဏ္ဏော သုခံ ဗလံ။ " ဟူသော ဂါထာပါဋ္ဌ်ကို သီချင်းလုပ်ပြီး သီဆိုထားသံကိုလည်း ကြားလိုက်ရသည်။ အခမ်း [illegible]ားပြီးနောက် မိဒန်ဘုန်းကြီးကျောင်းမှာ ခေတ္တနားနေကြပြီး [illegible]ကြီးကျောင်းမှာပင် ဆွမ်းစားကြရပါသည်။ အင်ဒိုနီးရှား

အစားအစာတွေပင် ဖြစ်သည်။ မိမိတို့ စားနေကြ အစားအစာ မဟုတ်သော်လည်း ဗိုက်ပြည့်အောင်တော့ စားရပါသည်။ မြန်မာ့ အစားနှင့်တူတာ ဆွမ်းပဲရှိသည်။ ကျန်တဲ့အစားအစာများမှာ အင်ဒိုနီးရှားအစားအစာတွေချည်းဖြစ်၍ စားလို့ အဆင်ပြေတာ ရှိသလို အဆင်မပြေတာလည်းရှိသည်။

## ဒေသန္တရခရီး

ဆွမ်းစားပြီးနောက် နေ့ (၁)နာရီအချိန် ကလေးဝတောရ ဆရာတော်၊ ဦးသာသန၊ ဦးကဥ္စန (စာရေးသူ) ပန်းတစ်ပွင့်တောင် ဆရာတော်၊ ဒေါ်ကြည်၊ ဒေါ်ခင်ဌေးကြည်၊ ဦးတင်စန်းမြင့်နှင့် ပန်းတစ်ပွင့်တောင် ဆရာတော်၏ ဒါယကာ ဒါယိကာမများနှင့် အတူ ခရီးသွား ဘတ်စ်ကားဖြင့် ဒေသန္တရ ဗဟုသုတခရီး ထွက်ခဲ့ ကြပါသည်။ မိမိတို့အဖွဲ့က (၁၄)ယောက် ကားပေါ်မှာ ရောက်နှင့်နေကြသော စင်္ကာပူနိုင်ငံမှ ဗုဒ္ဓဘာသာအဖွဲ့က (၇) ယောက်၊ အားလုံး စုစုပေါင်း (၂၁)ယောက်ဖြစ်သည်။

ဥက္ကဋ္ဌဆရာတော်ကြီးနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ဦးစိုင်းအောင်ထွန်း၊ ဦးဝင်းဖေတို့မှာ မီဒန်ဘုန်းကြီးကျောင်းမှာပင် ကျန်ရစ်ခဲ့ကြသည်။ မိမိတို့အဖွဲ့သည် မီဒန်မြို့မှ ကားဖြင့် ခရီး ထွက်ခွာခဲ့ကြရာ မီဒန်မြို့အပြင်ကို ရောက်ရန် ကားဖြင့် အတော်ပင် မောင်းနှင်ရသည်။ မီဒန်မြို့သည် အလွန်ကျယ်ဝန်းပေသည်။

မိုးမျှော်တိုက်တာအဆောက်အဦကြီးကြီးမားမား သိပ်မရှိသော်လည်း အများစုမှာ အတော်အတန်ကြီးမားသော အဆောက်အဦများဖြစ်သည်။ လူဦးရေပေါများသည်။ ကားများလည်း အလွန်ပေါများသည်။ မီဒန်မြို့ကို လွန်သွားသော် လမ်းဘေးဝဲ/ယာရှိမြို့/ရွာများကို ဖြတ်သန်း၍ ခရီးဆက်ကြသည်။ တစ်ချို့ရွာများမှာ ရှိ[illegible]ပင်မထင်ရပေ။ တိုက်တာအဆောက်အဦတို့ဖြင့် စည်ပင်[illegible]ကား ရှိလှပြီး မြို့ဟုပင် မှတ်ထင်ရပေသည်။ မြို့များမှာလည်း အတော်အတန်သင့် စည်ကားသော မြို့များသာဖြစ်ပေသည်၊ မိမိတို့ဖြတ်သန်းခဲ့ရာ လမ်းတစ်လျှောက် အဝေးပြေးလမ်းမကြီးမှာလည်း အတော်ကောင်းမွန်လှပေသည်။ အချို့နေရာများမှာ ချိုင့်ခွက်အနည်းအကျဉ်းရှိသည်မှလွဲ၍ ကျန်နေရာများမှာ အတော်ကောင်းမွန်သည်ကို တွေ့ရသည်။ အဝေးပြေးလမ်းမကြီးပေါ်မှာ သွားလာနေကြသော ခရီးသွားကားများမှာ အလွန်များပြားလှပေသည်။ လမ်းခရီးမှာလည်း မိုင်အနည်းငယ်ရော[illegible] ရောက်တိုင်း ကားရပ်ရန်နေရာနှင့် အိမ်သာ၊ ကိုယ်ပေါက်သန့်စင်ခန်းများပါရှိသော ဓာတ်ဆီဆိုင်များကိုလည်း မကြာခဏ တွေ့ရှိရပေသည်။ ဆီများကိုလည်း မိမိတို့ကြိုက်သလောက် လွတ်လပ်စွာ ဝယ်ယူခွင့်ရှိပေသည်။ နိုင်ငံတကာမှာရှိသော ထုံးစံဖြစ်သည်ဟု သိရှိရပေသည်။

## ကွမ်ရင်မယ်တော်

မိမိတို့သည် ခရီးဆက်ခဲ့ကြရာ CENTRE စင်တာဆိုသော မြို့လေးတစ်မြို့သို့ ရောက်ကြသည်။ စင်တာမြို့မှာ အတော်အတန်သင့် စည်ကားသည်။ မိမိတို့အဖွဲ့သည် စင်တာမြို့ရှိ တရုတ်ကွမ်ရင်မယ်တော်ကျောင်းသို့ ရောက်ရှိကြသည်။ ပေ (၄၀-၅၀)ခန့် ရှိမည်ဟုထင်ရသော ကွမ်ရင်မယ်တော်ရုပ်တုကြီးကို အံ့သြစွာ မြင်တွေ့ခဲ့ရသည်။ အထက်ကို အတော်ပင်မော့၍ ကြည့်ရပေသည်။ ရုပ်တုကြီးမှာ လက်ရာအလွန်သေသပ်လှပသည်ကို တွေ့ရပေသည်။ မိမိတို့အဖွဲ့ ဓာတ်ပုံများ အမှတ်တရ ရိုက်ကြသည်။ စင်တာမြို့မှ ဆက်လက်ထွက်ခွာခဲ့ရာ လမ်းမှာ မိုးခပ်သည်းသည်းရွာလေသည်။

အင်ဒိုနီးရှားနိုင်ငံမှာ နွေရာသီ၊ မိုးရာသီ (၂)ရာသီသာရှိပြီး နွေ (၆)လ၊ မိုး (၆)လဟု သိရသည်။ မိမိတို့ရောက်ချိန်သည် မိုးရာသီကာလဖြစ်နေပေသည်။ သို့ဖြစ်၍ မိုးများ ရွာနေခြင်းဖြစ်သည်။ အင်းဒိုနီးရှားမှာ မိုးရာသီဖြစ်နေ၍လားတော့မသိပေ ဝန်းကျင်ဒေသရှိ သစ်ပင်များသည် စိမ်းလန်းစိုပြည်နေသည်ကို နေရာတိုင်းမှာပင် တွေ့နေရပေသည်။ သစ်ပင်များ စိမ်းလန်းစိုပြည်နေခြင်းသည် လူ၏စိတ်ကို ဆွဲဆောင်နိုင်သလားမသိ မြင်မြင်သမျှ ပတ်ဝန်းကျင်ဒေသမှ သက်မဲ့အရာတို့သည် လှပနေသည်ဟု ထင်ရပေသည်။

## (PARAPAT) ပါရာပတ်မြို့

မိမိတို့စီးလာသောကားသည် တဖြည်းဖြည်းနှင့် တောင်ပေါ်သို့ တက်မှန်းမသိ တက်လာပေသည်။ ည (၈)နာရီခန့်တွင် မိမိတို့အဖွဲ့သည် တောင်ပေါ်မြို့ တစ်မြို့ဖြစ်သော (PARAPAT) ပါရာပတ်မြို့သို့ ရောက်ရှိခဲ့ကြသည်။ ပါရာပတ်မြို့သည် တောင်ပေါ်မြို့ဖြစ်သည့်အလျောက် အနည်းငယ်အေးသည်။ နေသာထိုင်သာရှိ၍ ရာသီဥတုမျှတသော မြို့ဖြစ်ပြီး ခရီးသွားများ အပန်းဖြေရာ မြို့ဖြစ်ပေသည်။ ဟိုတယ်အများအပြားရှိသည်။ မိမိတို့အဖွဲ့သည် တောင်ကုန်းပေါ်မှာ တည်ဆောက်ထားသော (NIAGARA) နီရာဂရာဟိုတယ်မှာ တစ်ညတာတည်းခိုကြပါသည်။ မိမိတို့တည်းခိုရာ အဆောက်အဦနှင့် မျက်နှာချင်းဆိုင် ခပ်လှမ်းလှမ်းနေရာ၌လည်း ဟိုတယ်အဆောက်အဦများ ရှိသေးသည်။ တင်းနစ်ကစားကွင်းလည်းရှိသည်။ ဟိုတယ်ဝင်းမှာ အတော်ကျယ်ဝန်းသည်။ NIAGARA ဟိုတယ်သည် အတော်အသင့်ကောင်းမွန်သော ဟိုတယ်ဖြစ်သည်။ ပါရာပတ်မြို့တွင် အကောင်းဆုံးဟိုတယ်ဟု သိရသည်။ ဟိုတယ်မှာ သန့်ရှင်းသပ်ယပ်မှုရှိသည်။ ဟိုတယ်ရှေ့ဝင်းအတွင်းထဲမှာလည်း သစ်ပင်ပန်းပင်များ လှပစွာ စိုက်ပျိုးထားပြီး မြစိမ်းရောင်တောက်နေသော မြက်ခင်းကျယ်ကြီးများလည်းရှိ၍ စိတ်ကြည်နူးမှုကို

ဖြစ်စေပါသည်။ NIAGARA ဟိုတယ်ကြီးသည် (TOBA ) တိုဘာကန်ကြီးကို နောက်ကျောပေးကာ တည်ဆောက်ထားသဖြင့် ဟိုတယ်ပေါ်မှကြည့်လျှင် TOBA ကန်ကြီးကို လှမ်းမြင်ရနိုင်သည်။ မိမိတို့အဖွဲ့သည် NIAGARA ဟိုတယ်မှာ တစ်ညတာကျိန်းစက် အနားယူကြပါသည်။

၁၈-၃-၂၀၀၇
တောင်နံ့ရံကြားမှ (TOBA) တိုဘာကန်

နံနက် (၆း၃၀)အချိန်တွင် မိမိတို့တည်းခိုရာ NIAGARA ဟိုတယ်မှ နံနက်စာအဖြစ် ထမင်းကြော်နှင့် ကြာဇံကြော်တို့ကို ကျွေးသဖြင့် ဘုဉ်းပေးကြရသည်။ နံနက်စာစားပြီးနောက် (၇း၀၀)ခန့် အချိန်တွင် မိမိတို့အဖွဲ့သည် တည်းခိုရာ ဟိုတယ်တောင်ကုန်းထိပ်မှ တောင်ခြေသို့ ကားဖြင့်ဆင်းကြသည်။ (၁၀) မိနစ်ခန့် မောင်းရသည်။ တောင်ခြေသို့ရောက်သည်နှင့် ဈေးဆိုင်၊ စားသောက်ဆိုင် အများအပြားကို တွေ့ရသည်။ ပါရာပတ်မြို့သည် အတော်အသင့်စည်ကားသော မြို့ဖြစ်သည်ကို တွေ့ရသည်။ ယင်းတောင်ခြေမှာပင် တိုဘာကန်ကြီးကိုလည်း စတင်မြင်တွေ့ရသည်။ တိုဘာကန်ကြီးသည် အင်ဒိုနီးရှားနိုင်ငံတွင် ထင်ရှားသော ကန်ကြီးတစ်ကန်ပင်ဖြစ်သည်။ တစ်ဖက်တစ်ချက်တွင် တောင်များဖြင့် ဝန်းရံထားပြီး တောင်များ၏

အလယ်၌ရှိသည်။ တိုဘာကန်ကြီး၏ အကျယ်အဝန်းမှာ အလျား ကီလိုမီတာ (၁၀၀)(၆၂)မိုင်၊ အနံ ကီလိုမီတာ ၃၀(၁၉)မိုင်ခန့် ရှိပြီး ရေကန်ကြီး၏ ရေအနက်ဆုံးနေရာမှာ ၅၀၅-မီတာ (ပေ ၁၆၆၆ ပေခန့်) ရှိသည်ဟု သိရသည်။ မိမိတို့ မြန်မာနိုင်ငံက အင်းလေး ကန်နှင့် ဆင်တူပေသည်။ အင်းလေးကန်လို မျှော်များ၊ ဗေဒါပင်များတော့မရှိပေ။ အင်းလေးကန်သည် အလျား (၂၇)မိုင်၊ အနံ (၇)မိုင် ရှိသည်။ တိုဘာကန်ကြီး စတင်ဖြစ်ပေါ်လာပုံမှာ လည်း စိတ်ဝင်စားစရာပင် ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း (၇၀၀၀၀)ကျော်က ဤနေရာတွင် မီးတောင်ကြီးတစ်ခု ပေါက်ကွဲခဲ့၍ အလွန် ကြီးမားသော ချိုင့်ဝှမ်းကြီးတစ်ခု ဖြစ်ခဲ့ပြီး ယခုအခါ ကန်ကြီးတစ်ကန်ဖြစ်လာသည်ဟု ဆိုကြသည်။ တိုဘာကန်ကြီး ထဲတွင် အပျော်စီးသင်္ဘောများရှိသည်။ မိမိတို့အဖွဲ့သည် နှစ်ထပ် သင်္ဘောတစ်စီးဖြင့် တိုဘာကန်ကြီးကို လှည့်လည်ကြည့်ရှုကြပါ သည်။ ကန်ရေပြင်သည် ကြည်လင်အေးမြ၍ နေပေသည်။ ကန်ရေပြင်ပေါ်မှ ဖြတ်သန်းတိုက်ခတ်လာသော လေပြေ လေညင်းတို့သည် မိမိတို့အဖွဲ့အား ကြည်လင်လန်းဆန်းမှုကို ဖြစ်စေပါသည်။ အဖွဲ့သားအားလုံး ရွှင်လန်းတက်ကြွနေကြပါ သည်။ တိုဘာကန်ကြီး၏ ဟိုဘက်ကမ်းခြေ၊ သည်ဘက်ကမ်းခြေ တောင်ခြေရင်းတို့၌ တိုဘာကမ်းကြီးဘက်ကို မျက်နှာမူထား သော ဟိုတယ်အများအပြားရှိသည်။ တောင်ကုန်းတောင်ထိပ်

အမှတ် .... ..... .....
ရက်စွဲ ..... ...... ..... ...



တောင်စောင်းတို့၌လည်း ကန်ဘက်ကို မျက်နှာမူထားသော ဟိုတယ်များလည်းရှိပေသည်။ ကမ်းစပ်များမှာလည်း အပမ်းဖြေနေကြသော လူအများအပြားကိုလည်း မြင်တွေ့ရပြီး မိမိတို့လို ကန်ရေပြင်ပေါ်တွင် သင်္ဘောဖြင့် လှည့်လည်ပြီး ကြည့်ရှုကြသော လူအများအပြားကိုလည်း မြင်တွေ့ရပေသည်။ တိုဘာကန် ကြီး၏ ဝန်းကျင်ဒေသတစ်ခုလုံးသည် သစ်ပင် ပန်းပင်တို့ဖြင့် စိမ်းလန်းစိုပြေ၍ လှနေပေသည်။ စိမ်းစိုညို့မှိုင်း လျက်ရှိသော တောင်တန်းကြီးများကလည်း တိုဘာကန်ကြီး၏ အလှကို ဟန်ဆာဆင်ပေးထားသကဲ့သို့ ဖြစ်နေပေသည်။ တိုဘာကန်၏ ဝန်းကျင်ဒေသတစ်ခုလုံးသည် ရှုမငြီးနိုင်အောင်ပင် ဖြစ်ပေတော့သည်။

## တိုဘာကန်မှ ဒဏ္ဍာရီပုံပြင်

တိုဘာကန်ကြီးထဲတွင် မိမိတို့အဖွဲ့ ပထမဆုံးသွားရောက်သော နေရာမှာ တိုဘာကန်ကြီး၏ဘေး တောင်ကမ်းပါးရံထိပ် အနီးတွင် တိုဘာကန်ကြီးဘက်သို့ ထိုးထွက်နေသော ကျောက်အစွန်းတစ်ခုရှိရာ နေရာပင်ဖြစ်သည်။ ယင်းကျောက်စွန်းသည် တစ်ချိန်က ဘုရင့်သမီးတော်၏ ဆံပင်ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ပြီး ဘုရင့်သမီးတော်သည် စိတ်ညစ်၍ တိုဘာကန်ကြီးထဲ ခုန်ချရာ ဆံပင်ကို ဆွဲထားလိုက်ရာမှ ကျန်ခဲ့



၂၄၈၂၄

သောဆံပင်ဖြစ်ကြောင်း သိရသည်။ ဒဏ္ဍာရီပုံပြင်သဖွယ် ဖြစ်ပေသည်။ မိမိတို့အဖွဲ့သည် ယင်းကျောက်စွန်းကို သင်္ဘောပေါ်မှပင် ကြည့်ရှုခဲ့ကြသည်။

## တိုဘာကန်ထဲမှ (SAMOSIR) ဆာမိုဆာကျွန်း

သင်္ဘောသည် ဆက်လက်မောင်းနှင်ခဲ့ရာ တိုဘာကန်ကြီးထဲတွင် ဆာမိုဆာ အမည်ရှိသော ကျွန်းငယ်လေး တစ်ကျွန်းကိုလည်း တွေ့ရသည်။ မိမိတို့စီးလာသော သင်္ဘောသည် ဆာမိုဆာကျွန်းဘေးမှ ဖြည်းညှင်းစွာ ဖြတ်သန်းလာခဲ့ရာ သစ်ပင်ပန်းမာလ်တို့ဖြင့် နေချင်စဖွယ် လှပစွာပြုပြင်ထားပြီး ဟိုတယ်အဆောက်အဦတို့ကိုလည်း ကျွန်းငယ်ပေါ်မှာ ဆောက်လုပ်ထားသည်ကို တွေ့ရပေသည်။ ကျွန်းအခြေကမ်းစပ်မှာ အပန်းဖြေနေသော လူအများကိုလည်း မြင်တွေ့ရသည်။ နေချင်စဖွယ်ရှိ၍ အလွန်လှပသော ကျွန်းတစ်ကျွန်းပင်ဖြစ်သည်။

## SAMOSIR (ဆာမိုဆာ) ဒေသ

ဆာမိုဆာကျွန်းကလေးမှ ဆက်လက်ထွက်ခွာလာကြပြီးနောက် ခဏအကြာ မိမိတို့စီးလာသော သင်္ဘောသည် တိုဘာကန်ကြီး၏ ကမ်းခြေတစ်နေရာသို့ ဝင်ရောက်ဆိုက်ကပ်လေ

သည်။ ယင်းနေရာကို (SAMOSIR) ဒေသဟု ခေါ်သည်ဟု သိရသည်။ မိမိတို့အဖွဲ့သည် ကုန်းပေါ်သို့တက်ကြပြီး မိမိတို့အဖွဲ့ကို မိမိတို့နှင့်အတူပါလာသော ခရီးသွားလမ်းညွှန် အမျိုးသမီး (၂)ဦး က ဦးဆောင်၍ ခေါ်သွားပါသည်။ ကုန်းပေါ်ရောက်သည့်အခါ ဆာမိုဆာဒေသမှ အင်္ကျီ၊ ပုဆိုး၊ မျက်နှာသုတ်ဆောင် စသော ဒေသထွက်ပစ္စည်း အရောင်းဆိုင်များ၊ အမှတ်တရပစ္စည်း အရောင်းများကိုလည်း တွေ့ရသည်။ အတော်အသင့် စည်ကားသော ဈေးတန်းတစ်ခုဖြစ်သည်။ မိမိတို့လို ခရီးသွားအများအပြားကို တွေ့မြင်ရသည်။ ယင်းဆာမိုဆာဒေသမှာ ရှေးခေတ်ဘုရင်များနှင့်ပတ်သက်သော ရှေးဟောင်းသမိုင်းဝင် နေရာများကိုလည်းတွေ့ခဲ့ရသည်။

## (BRASTAGI ) ဘရာစတာဂီမြို့သို့

ထို့နောက် မိမိတို့အဖွဲ့သည် ဆာမိုဆာဒေသမှ ပြန်လည်ထွက်ခွာလာခဲ့ကြပြီး မိမိတို့တည်းခိုရာ NIAGARA ဟိုတယ်သို့ (၁၁း၁၅)အချိန်တွင် ပြန်လည်ရောက်ရှိခဲ့ကြသည်။ ခေတ္တခဏနားကြပြီး ဟိုတယ်မှာပင် သက်သတ်လွတ်ဟင်းဖြင့် ဆွမ်းစားကြပါသည်။ ဆွမ်းစားပြီးနောက် (၁၂း၃၀)အချိန်တွင် မိမိတို့အဖွဲ့သည် ရွှေတိဂုံစေတီပုံတူ တည်ထားကိုးကွယ်မည့် (BRASTAGI ) ဘရာစတာဂီမြို့သို့ ဦးတည်ပြီး ကားဖြင့်ခရီး

ဆက်ကြပြန်ပါသည်။ လမ်းဘေးဝဲယာမှ တောတောင်တို့သည် စိမ်းစိုလှပနေကြပါသည်။

## လမ်းခရီးမှ SIMAR JARUN JUNG

ညနေ (၃)နာရီခန့်တွင် SIMAR JARUN JUNG ဆိုသော လမ်းခရီးမှ စားသောက်ဆိုင်တစ်ဆိုင်မှာ ခေတ္တနားကြပြီး ကလေးဝတောရဆရာတော်၊ ဆရာတော် ဦးသာသန၊ ပန်းတစ်ပွင့်တောင်ဆရာတော်နှင့် မိမိတို့သည် ဂျင်းပြုတ်ရည်များ သောက်ကြပါသည်။ ရာသီဥတုအနည်းငယ်အေးသဖြင့် ဂျင်းပြုတ်ရည်သောက်ရတာ အတော်အဆင်ပြေသည်။

## ရှုခင်းသာသို့

ထိုမှတဆင့် မိမိတို့အဖွဲ့သည် ဆက်လက်ထွက်ခွာလာခဲ့ရာ ညနေ (၄)နာရီခန့်အချိန်တွင် တောင်စဉ်တောင်တန်းများ ကာရံထားသော တိုဘာကန်ကြီး၏ အဆုံးဖြစ်သည့် ရှုခင်းသာနေရာသို့ ရောက်ခဲ့သည်။ ယင်းနေရာသည် တိုဘာကန်ကြီးကို မိမိတို့ နောက်ဆုံးမြင်တွေ့ခဲ့သည့် နေရာလည်းဖြစ်သည်။ တိုဘာကန်ကြီး၏ အနီးတွင် တောင်ပေါ်မှ ကျလာသော ရေတံခွန်လည်းရှိရာ အလွန်သာယာလှပသော ရှုမျှော်ခင်းပင်ဖြစ်သည်။ ဝန်းကျင်တစ်ခုလုံးမှာလည်း အအေးဓာတ်တို့ဖြင့် ဖုံးလွှမ်း၍နေပေသည်။ ညို့မှိုင်းမှိုင်း ကောင်းကင်ယံအောက်မှာ

အင်ဒိုနီးရှားနိုင်ငံကို သွားလို့ဖြစ်မှဖြစ်ပါ့မလား၊ အင်ဒိုနီးရှားလူမျိုးတွေအနေနဲ့ ဘယ်လိုဖြစ်လာနိုင်မလဲ စသည်ဖြင့် စိုးရိမ်စိတ် ဖြစ်ခဲ့လေသည်။ သို့သော် မိမိထင်သလို မဟုတ်ပေ။ မည်သည့် အနှောက်အယှက် အန္တရာယ်မှ မရှိခဲ့ပါ။

မိမိတို့အဖွဲ့သည် ရှုခင်းသာမှာ နာရီဝက်ခန့်နေပြီး ညနေ (၅)နာရီအချိန်တွင် ခရီးဆက်ခဲ့ရာ (BRASTAGI ) ဘရာစတာဂီမြို့သို့ (၆း၃၀)အချိန်ခန့်တွင် ရောက်ခဲ့ကြသည်။ မိုးပင်အတော်ချုပ်နေပြီ။ မိမိတို့ (BRASTAGI ) မြို့သို့ မရောက်မီကပင် ဥက္ကဋ္ဌဆရာတော်ကြီးနှင့် ဦးဝင်းဖေ၊ ဦးစိုင်းအောင်ထွန်း၊ ဒေါက်တာသက်ခိုင်ဝင်းတို့အဖွဲ့သည် မီဒန်မြို့မှ (BRASTAGI ) မြို့သို့ (၁၇)ရက်နေ့ကပင် ရောက်နှင့်နေကြပြီဖြစ်သည်။

BRASTAGI မြို့သည် တောင်ပေါ်မြို့တစ်မြို့ဖြစ်၍ အလွန်အေးပြီး စည်ကားလှသော မြို့ဖြစ်ပေသည်။ အဆောက်အဦကြီးကြီးမားမား မရှိသော်လည်း ခေတ်မီလှပသော လုံးချင်းအဆောက်အဦလေးများ အများအပြားရှိသည်။ မြို့၏အနေအထားမှာ မိမိတို့ မြန်မာနိုင်ငံမှ ပြင်ဦးလွင်မြို့၊ ကလောမြို့တို့နှင့် ဆင်တူပြီး သူဌေးများ၏ အားလပ်ရက်များတွင် လာရောက်အပန်းဖြေရာ မြို့တစ်မြို့ဖြစ်ပေသည်။

## MR. TONGARIODJO ANGKASA ၏ ( VILLA ) ဗီလာ

ကလေးဝတောရဆရာတော်၊ ဦးသာသန၊ ဦးပညာသာရနှင့် မိမိတို့အဖွဲ့သည် BRASTAGI မြို့တွင် မီဒန် မြို့မှ ဘုရားဒကာ MR. TONGARIODJO ANGKASA ပိုင်ဆိုင်သော (VILLA ) ဗီလာ၌ တည်းခိုကြရသည်။ မကွေးဆရာတော်ကြီးနှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ဦးစိုင်းအောင်ထွန်းတို့လည်း ယင်းဗီလာမှာပင် တည်းခိုကြသည်။ ထိုဗီလာမှာ MR. TONGARIODJO ANGKASA ၏ အားလပ်ရက်များတွင် အပန်းဖြေရန်အတွက် ဆောက်လုပ်ထားခြင်းဖြစ်သည်။ အဆောက်အဦမှာ အိပ်ခန်း (၃)ခန်းနှင့် မီးဖိုဆောင်ခန်း၊ အလုပ်သမားတန်းလျား ပါရှိပြီး အတော်အသင့် ကျယ်ဝန်းသည်။ ဗီလာရှေ့တွင် စိမ်းစိုသော မြက်ခင်းပြင်နှင့် ပန်းခြံရှိ၍ မြင်ရသူတို့၏ စိတ်ကို ကြည်နူးမှုဖြစ်အောင် ပြုလုပ်ထားသည်။ အနီးဝန်းကျင်တွင် အခြားသော ဗီလာအများအပြား ရှိသည်။

## ရွှေတိဂုံပုံတူစေတီတည်မည့် ကုန်းတော်

မိမိတို့သည် ဥက္ကဋ္ဌဆရာတော်ကြီးအား ဝင်ရောက်ဖူးမြော်ကြပြီး ရွှေတိဂုံပုံတူစေတီတည်မည့် ကုန်းမြေပေါ်သို့ ကားဖြင့် သွားကြပါသည်။ ခဏာပဲသွားရသည်။ ဗီလာနှင့်ရွှေတိဂုံ

ပုံတူတည်မည့် ဘုရားကုန်းမြေမှာ သိပ်မဝေးပါ။ ဘုရားကုန်းသို့ သွားရာလမ်းတစ်လျှောက်နှင့် ဘုရားဝင်းအတွင်းမှာ သာသနာ့ အလံများ စိုက်ထူထားသည်ကို တွေ့ရသည်။ ဘုရားကုန်းတော် ဝင်း၏အကျယ်မှာ (၃)ကေခွဲခန့် ရှိသည်။ ဘုရားဝင်းပတ်ပတ် လည်မှာ အုတ်တံတိုင်းများ ကာရံထားပြီးဖြစ်သည်။ အုတ်တံတိုင်း များပေါ်၌ ဇာကွက်အပေါက်များ ပါရှိသော (၃)ပေခန့်ရှိ ခေါင်းလောင်းပုံစေတီငယ်လေးများ ရှိသည်။ အဝင်ဝမုခ်ဦးကြီး ကိုလည်း တစ်ဖက်တစ်ချက်စီ၌ နဂါးရုပ်ကြီးများ ပတ်ထားသော အုတ်တိုင်လုံးကြီးများဖြင့် လှပစွာပြုလုပ်ထားပြီး ယင်းအုတ်တိုင် (၂)လုံး၏ ထိပ်ပေါ်၌ ဇာကွက်အပေါက်များ ပါရှိသော (၃)ပေ ခန့်ရှိ ခေါင်းလောင်းပုံ စေတီငယ်လေးများ တင်ထားသည်။ မုခ်ဦး အပေါက်နှင့် ထိပ်တိုက်အတည့် ဘုရားဝင်းအတွင်း ပေ (၂၀)ခန့် အကွာ၌ အမြင့်(၁၀)ပေခန့်ရှိလိုဏ်ဂူအပေါ်၌ ဇာကွက်အပေါက်များ ပါရှိသော ဉာဏ်တော် (၅)ပေခန့်ရှိ ခေါင်းလောင်းပုံ စေတီ (၁)ဆူ ပူဇော်ထားသည်ကိုလည်း တွေ့ရသည်။ ယင်းခေါင်းလောင်း စေတီပုံသဏ္ဌာန်သည် ကမ္ဘာကျော် ဗောရောဗုဓော စေတီတော် ကြီးပေါ်၌ရှိသော စေတီပုံများနှင့် ပုံသဏ္ဌာန်အတူတူပင် ဖြစ်သည်။ ဘုရားဝင်းအတွင်းမှာလည်း အာရုံခံတန်ဆောင်းနှင့် ဆွမ်းစားဆောင်၊ တိုက်ခန်း တစ်လုံး ဆောက်လုပ်ပြီးစီးနေပြီ

ဖြစ်သည်။ ကလေးဝတောရဆရာတော်၊ ဦးသာသန၊ ဦးပညာသာရနှင့် မိမိတို့သည် အာရုံခံတန်ဆောင်းအတွင်း၌ ပရိတ်ရွတ်ခြင်း၊ ဘုရားဂုဏ်တော်ပွားများခြင်းများ ပြုလုပ်ကြသည်။ မကွေးဆရာတော်ဘုရားကြီးလည်း မိမိတို့ ရောက်မလာခင်ကတည်းကပင် ဤဘုရားဝင်းသို့ ကြွရောက်ပြီး ပရိတ်ရွတ်ခြင်း၊ ဘုရားဂုဏ်တော်ပွားများခြင်းတို့ကို ပြုလုပ်ပြီးဖြစ်သည်။

## MR. TONGARIODJO ANGKASA နှင့် ရွှေတိဂုံပုံတူစေတီ တည်ထားရခြင်းအကြောင်း

MR. TONGARIODJO ANGKASA နှင့် ရွှေတိဂုံစေတီပုံတည်ထားရခြင်းအကြောင်းတို့ကို ဖော်ပြရမည်ဆိုလျှင် MR. TONGARIODJO ANGKASA သည် မဟာယာန ဗုဒ္ဓဘာသာဝင် တစ်ဦးဖြစ်သည်။ စေတနာသဒ္ဒါတရား အလွန်ထက်သန်သည်။ မီဒန်မြို့၌ ဗုဒ္ဓဘာသာအထက်တန်းကျောင်းနှင့် SUNDAY BUDDHA SCHOOL (တနင်္ဂနွေ ဗုဒ္ဓဘာသာသင်တန်းကျောင်း) တို့ကို ဦးစီးတည်ထောင်ထားပြီး အဓိကအထောက်အပံ့ ပေးနေသူဖြစ်သည်။ ဗုဒ္ဓဘာသာအထက်တန်းကျောင်းတွင် ကျောင်းသား (၁၅၀၀)ခန့်ရှိ၍ SUNDAY BUDDHA SCHOOL တွင် ကျောင်းသား (၅၀၀)ခန့်ရှိသည်။ ထို့ပြင် MR. TONGARIODJO ANGKASA သည် မရှိ

နွမ်းပါး ဆင်းရဲသားများအားလည်း ထောက်ပံ့လှူဒါန်းခြင်း စသော ပရဟိတလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်နေရာ MR. TONGARIODJO ANGKASA ၏ စေတနာသဒ္ဓါတရားနှင့် ပရဟိတစိတ်ဓာတ်တို့ကို ခန့်မှန်းကြည့်နိုင်ပေသည်။ ချီးမွမ်းဖွယ်ရာ၊ အားကျအတုယူစရာပင်ဖြစ်သည်။ MR. TONGARIODJO ANGKASA သည် လူမှုရေး ပရဟိတလုပ်ငန်းများသာမက ဗုဒ္ဓဘာသာ၌လည်း အလွန်ကြည်ညိုလေးစားသောသူဖြစ်သည်။ ဤကဲ့သို့ ဘာသာတရား၌ လေးစားကြည်ညို၍ စေတနာသဒ္ဓါတရားထက်သန်သော MR. TONGARIODJO ANGKASA ၌ ရွှေတိဂုံပုံတူစေတီ တည်ဖို့ရန် အကြောင်းဖြစ်လာပုံမှာ ဂျားဗားကျွန်းအရှေ့ပိုင်း၊ မာလန်ခရိုင်၊ တောင်ပေါ်မြို့ကလေးဖြစ်သော (BATU) ဘတုမြို့တွင် ရွှေတိဂုံပုံတူ စေတီတစ်ဆူရှိသည်။ ဉာဏ်တော် စေတီသက်သက် (၄၅)ပေရှိပြီး အောက်ခြေလိုဏ်ဂူ (၂၇)ပေ ရှိကာ အားလုံး (၇၂)ပေရှိသည်။ ၎င်းရွှေတိဂုံပုံတူစေတီကို ၂၀၀၃-ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။ စေတီတော်ကြီးကို မြေသန့်မင်္ဂလာပြုသည်မှ ထီးတော်တင်လှူပြီးသည်အထိ ဦးဝင်းဖေနှင့် Mr. BAM BANG (ယခုအခါ ရဟန်းဝတ်ဖြင့် ရွှေတောင်ကုန်း သာသနာ့ရိပ်သာတွင် တရားအားထုတ်နေသူ) နှင့် MRS.EBU FARIDA (ယခုမာလန်ခရိုင်၊ ဘတုမြို့၊ ရွှေတိဂုံ

ပုံတူစေတီဝင်းအတွင်းရှိ တရားရိပ်သာ၌ သီလရှင်ဝတ်နေသူ) တို့က ဦးဆောင်၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စေတီတော်ကြီးဖြစ်မြောက်ရေးအတွက် အဓိက အားပေးကူညီပံ့ပိုးပေးသူမှာ ဆရာကြီးဦးသုခ (စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာ) ဖြစ်သည်။ ယင်းစေတီတော်ကြီးတွင် ဦးဟန်ရှိန်+ဒေါ်မြမြလေး အမှူးပြုသော မန္တလေးမှ အလှူ့ရှင်များက ကျောက်ဆင်းတုရုပ်ပွားတော်ကြီးနှင့် ပလ္လင်တော်၊ အခြားဆင်းတုတော်များကို လှူဒါန်းပြီး ထီးတော်ကို မိုးကုတ်မြို့မှ သူဌေးတစ်ဦးက လှူဒါန်း၍ စေတီအတွင်း ပတ်ပတ်လည်ရှိ ပန်းချီကားများကို ဦးဝင်းမြင့်သိန်း+ဒေါ်နှင်းနှင်းတင်တို့က လှူဒါန်းကာ အများစုပေါင်းကုသိုလ်ဖြင့် တည်ထားကိုးကွယ်ခဲ့ကြသည်။ ယင်းစေတီတော်ဖွင့်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယက အကျိုးတော်ဆောင် (ယခုဥက္ကဋ္ဌ ဆရာတော်ဘုရားကြီး)နှင့် မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ဆရာတော် ဦးရာဇဓမ္မာဘိဝံသ၊ ဗန်းမော်ဆရာတော် ဦးကုမာရာဘိဝံသ၊ တိပိဋကဆရာတော်များဖြစ်ကြသော ဦးသီလက္ခန္ဓ၊ ဦးဝံသပါလ၊ ဦးဂန္ဓမာ ဆရာတော်တို့လည်း ကြွရောက်ကြပြီး (၇-၁၂-၂၀၀၃) တွင် အနေကဇာတင် မင်္ဂလာနှင့် စေတီတော်ဖွင့်ပွဲ ပြုတော်မူခဲ့ကြသည်။ ထိုအခမ်းအနားသို့ ချမ်းမြေ့ဆရာတော်လည်း မိမိအစီအစဉ်ဖြင့် ကြွရောက်လာခဲ့သည်။ ဥက္ကဋ္ဌဆရာတော်ကြီး အမှူးပြုသော သံဃာတော်

များသည် ယင်းရွှေတိဂုံပုံတူစေတီတော်ကြီး၏ အနီးအနားၙ ဗုဒ္ဓတက္ကသိုလ် ဆောက်လုပ်မည့်နေရာကိုလည်း အုတ်မြစ်စီမင်္ဂလာပြုပေးတော်မူခဲ့ကြသည်။

အင်ဒိုနီးရှားနိုင်ငံသည် မီးတောင်ပေါများသော နိုင်ငံဖြစ်ပြီး မီးတောင်များ မကြာခဏပေါက်ကွဲခြင်း၊ မြေငလျင်များ မကြာခဏလှုပ်ခြင်း၊ ဆူနာမီလျှင်ကဲ့သို့သော သဘာဝဘေးအန္တရာယ်ပေါများသော နိုင်ငံဖြစ်သည်။ ရံဖန်ရံခါ စစ်သွေးကြွမှုဆလင်များက ဗုံးဖောက်ခွဲမှုများလည်းရှိသည်။ ယင်းသို့သော အခြေအနေများကြောင့်ပင် ဂျားဗားကျွန်း၊ မာလန်ခရိုင်၊ ဘတုမြို့၌ ဗုဒ္ဓဘာသာ ပြန့်ပွားစေရန်နှင့် လူအများတို့ ဘေးဥပါဒ်အန္တရာယ်များ ကင်းရှင်းကြပြီး ငြိမ်းချမ်းသာယာဝပြောကြစေရန်ရည်သန်၍ ဦးဝင်းဖေအမှူးပြုသော ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ရွှေတိဂုံပုံတူစေတီတော် တည်ဆောက်ကိုးကွယ်ခဲ့ကြခြင်းပင်ဖြစ်သည်။ စေတီတော်ကြီး တည်ထားကိုးကွယ်ပြီးသောအခါ ဗုဒ္ဓဘာသာဝင်များနှင့် ကျွန်းနေလူအများတို့ ဘေးဥပါဒ်အန္တရာယ်များ ကင်းရှင်းခြင်းနှင့် ချမ်းသာသုခများ ရရှိခံစားကြရသည်ဟု ယုံကြည်ကြသည်။

ထိုသို့ ဂျားဗားကျွန်း၊ မာလန်ခရိုင်၊ ဘတုမြို့၌ ရွှေတိဂုံပုံတူစေတီတော် တည်ပြီးသည့်နောက် လူအများ ဘေးအန္တရာယ်

ကင်းခြင်းစသော အကျိုးတရားများ ရရှိကြသည်ကို ကြားသိရသော မီဒန်မြို့မှ MR. TONGARIODJO ANGKASA သည် မိမိကိုယ်တိုင် မဟာယာန ဗုဒ္ဓဘာသာဝင်ဖြစ်သော်လည်း ထေရဝါဒဗုဒ္ဓသာနာတော်၏ ဂုဏ်ကျေးဇူးတို့ကို ကိုယ်တိုင်လက်တွေ့သိမြင်ရသောကြောင့် မိမိနေထိုင်ရာ ဆုမတြာကျွန်း၌လည်း လူအများ ဘေးအန္တရာယ်ကင်း၍ ငြိမ်းချမ်းသာယာဝပြောကြစေရန် ထေရဝါဒပုံစံဖြစ်သော ရွှေတိဂုံပုံတူစေတီတော် တည်ထားကိုးကွယ်လိုသော စိတ်အကြံဖြစ်ပေါ်လာရပေသည်။ (BRASTAGI ) မြို့၌ မိမိပိုင်ဆိုင်သော (၃)ကေခွဲအကျယ်ရှိ မြေကွက်နေရာရှိသည်။ ယခင်က ၎င်းနေရာကို သာသနာ့နယ်မြေ ပြုလုပ်၍ တရုတ်ဘုံကျောင်းပြုလုပ်ရန် ရည်ရွယ်ထားခဲ့သော်လည်း ယခုမူ ယင်းမြေနေရာ၌ ထေရဝါဒပုံစံဖြစ်သော ရွှေတိဂုံပုံတူစေတီ တည်ထားကိုးကွယ်တော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။ (၃)ကေခွဲအကျယ်ရှိ ယင်းမြေနေရာနှင့် ပတ်သက်၍လည်း ထူးခြားသောဖြစ်စဉ်များရှိသည်။ MR. TONGARIODJO ANGKASA သည် ယင်းမြေနေရာကို မဝယ်ယူခင် အခြားသူဌေး (၂)ဦး ၎င်းမြေနေရာကို ဝယ်ဖို့ရန် ဈေးညှိနှိုင်းစဉ်မှာပဲ သူဌေး (၂)ဦးစလုံး သေသွားကြသည်ဆို၏။ တိုက်ဆိုင်မှုလားတော့မသိ။ အဲဒီလို မြေနေရာဝယ်ယူသူများ

သေဆုံးကြရသည့်အတွက်ကြောင့် ယင်းမြေနေရာကို မည်သူမျှ မဝယ်ရဲကြပေ။ သို့နှင့် MR. TONGARIODJO ANGKASA သည် ယင်းမြေနေရာကို သာသနာ့နယ်မြေအဖြစ် အသုံးပြုမည် ရည်ရွယ်ချက်နှင့် ဝယ်လိုက်လေသည်။ သို့သော် MR. TONGARIODJO ANGKASA မှာ မည်သည့် အန္တရာယ်မှ မဖြစ်၊ မည်သည့်အန္တရာယ်မှ မကျရောက်ခဲ့ပေ။ MR. TONGARIODJO ANGKASA ၏ သာသနာတော်အပေါ် ကြည်ညိုသော စေတနာနှင့် သဒ္ဓါတရားတို့၏ ဂုဏ်ကျေးဇူးပင် ဖြစ်သည်ဟု ဆိုရမည်။

MR. TONGARIODJO ANGKASA သည် မိမိဆုံးဖြတ်ချက်အတိုင်းပင် လက်တွေ့အကောင်အထည်ဖော်တော့မည်ဖြစ်ရာ ဂျားဗားကျွန်းရှိ ရွှေတိဂုံပုံတူစေတီတော်ကို ဦးဆောင်၍ တည်ဆောက်သောသူကို မေးမြန်းစုံစမ်းရာ စင်္ကာပူနိုင်ငံ၌ နေသူ မြန်မာပြည်သား ဦးဝင်းဖေ ဦးဆောင်တည်ဆောက်ထားကြောင်း သိရပေသည်။ သို့နှင့် ဦးဝင်းဖေရှိရာ စင်္ကာပူနိုင်ငံသို့ ဖုန်းဖြင့် ဆက်သွယ်ပြီး အင်ဒိုနီးရှားနိုင်ငံသို့ ဖိတ်ခေါ်ခဲ့ရာ ၂၀၀၅-ခုနှစ်၊ ဒီဇင်ဘာလ (၁၉)ရက်နေ့တွင် ဦးဝင်းဖေသည် ဒေါ်ခင်ဌေးကြည် လိုက်ပါလျက် မေတ္တာစင်တာ အဖွဲ့သားများ ဖြစ်ကြသော (RICHARD LOW ) ရစ်ချတ်လော၊ (KIN) ကင်၊

(DERICK) ဒါရက်တို့နှင့်အတူ အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိကြသည်။ ထို့နောက် ဦးဝင်းဖေ ဦးဆောင်သော အဖွဲ့သည် MR. TONGARIODJO ANGKASA ပိုင်ဆိုင်သော BRASTAGI မြို့ရှိ ရွှေတိဂုံပုံတူစေတီတည်မည့် ကုန်းမြေသို့ ရောက်ရှိကြသည်။

## ထေရဝါဒသာသနာ့နယ်မြေအစစ်

ထို့နောက် ဦးဝင်းဖေနှင့်အဖွဲ့သည် MR.TONG AR-IODJO ANGKSA ၏ အဖွဲ့သားများ၊ မဟာယာန, တိဗက် ဗုဒ္ဓဘာသာဝင်များနှင့်အတူ ဤနေရာ ဤဌာနသည် ဗုဒ္ဓသာသနာ့နယ်မြေ အစစ်ဖြစ်မယ်ဆိုရင် အစစ အရာရာ အဆင်ပြေပါစေလို့ သစ္စာအဓိဋ္ဌာန်ပြုပြီး ပရိတ်ရွတ်ခြင်း၊ မေတ္တာပို့ အမျှဝေခြင်းတို့ ပြုလုပ်ကြရာ ထိုအချိန်မှာ ပျားကောင်များသည် ပရိတ်ရွတ်ဖတ်သောသူများ၏ ခန္ဓာကိုယ်ပေါ်မှာ လာရောက်ပြီး နားကြလေသည်။ ထိုကဲ့သို့ ပျားကောင်များ၏ ထူးခြားစွာ လာရောက်နားနေခြင်းကြောင့် ကောင်းသော အတိတ်နိမိတ် အဖြစ် ကောက်ယူ၍ ဤနေရာ ဤဌာနသည် သာသနာ့နယ်မြေ အစစ်ဖြစ်၍ စေတီဘုရားတည်မည်ဆိုလျှင် ဧကန်မုချ ဗုဒ္ဓသာသနာတော်မြတ်ကြီး စည်ပင်ထွန်းကားလိမ့်မည်ဟု စုပေါင်းတိုင်ပင် ညီညွတ်ကြ၍ ရွှေတိဂုံပုံတူ စေတီတော်တည်ဖို့ရန် စတင်ကြိုးပမ်း

အားထုတ်ကြလေသည်။ ဤကုန်းမြေနေရာကိုလည်း TAMAN ALAM LUMBINI ဥယျာဉ်ဟု အမည်ပေးလိုက်ကြသည်။

ထေရဝါဒပုံစံဖြင့် တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူ စေတီတော်ကြီးမှာ အောက်ခြေမှစ၍ စိန်ဖူးတော်အထိ ပေ(၁၃၀) ရှိမည်ဖြစ်သည်။ အောက်ခြေပိုင်း၌ လိုဏ်ဖြင့် တည်ဆောက်ပြီး ၎င်းလိုဏ်အတွင်း၌ ရုပ်ပွားဆင်းတုတော်ကြီး (၄)ဆူ ပူဇော်ထားရှိမည်ဖြစ်သည်။ ထို့အပြင် ဘုရားဝင်းအတွင်း၌ ထေရဝါဒ ဗုဒ္ဓဘာသာ၊ မဟာယာနဗုဒ္ဓဘာသာ၊ တိဗက်ဗုဒ္ဓဘာသာနှင့် ပတ်သက်သော အဆောက်အဦတစ်ခုစီ ဆောက်လုပ်မည်ဖြစ်ပြီး ဘာသာအလိုက် ဘုရားရုပ်တုများ ပူဇော်ထားမည်ဖြစ်သည်။ သံဃာတော်များ သီတင်းသုံးနိုင်ရန် သုံးထပ်ကျောင်းဆောင် တစ်ဆောင်လည်း ဆောက်လုပ်မည်ဖြစ်သည်။ မိမိတို့ရောက်ရှိချိန်မှာ အာရုံခံတန်ဆောင်းနှင့် ဆွမ်းစားဆောင်တစ်ဆောင် တစ်ထပ်လူနေအဆောက်အဦ အသေးတစ်လုံး ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည်။ ကျန်ရှိသော ဘုရားဝင်းအတွင်းမှာလည်း (၉)ပေရှိ ကျောက်ဆင်းတုဘုရားကြီးတစ်ဆူအပါအဝင် (၆)ပေ၊ (၄)ပေစသည့် အရွယ်ဆိုက်မျိုးစုံ ကျောက်ဆင်းတုဘုရားများနှင့် ရဟန္တာရုပ်တုများ ပူဇော်ထားမည်ဖြစ်သည်။ ယင်းဘုရားဆင်းတုတော်နှင့် ရဟန္တာရုပ်တုများကို မြန်မာနိုင်ငံမှ မြန်မာ့မှု၊ မြန်မာ့ဟန်ဖြင့်

ထုဆစ်ထားပြီးသော ဆင်းတုရုပ်တုများကို မှာယူပင့်ဆောင်ပူဇော်ထားမည်ဖြစ်သည်။ ကျောင်းဆောင်စသော အဆောက်အဦများကို အင်ဒိုနီးရှားရိုးရာပုံစံဖြင့် ဆောက်လုပ်မည်ဟုသိရသည်။ ရွှေတိဂုံပုံတူစေတီတော်ကြီးကို အင်ဒိုနီးရှားနိုင်ငံသားသူဌေးကြီး MR.T0NGARIODJO ANGKASA က အဓိကဦးဆောင်မ,တည်၍ လှူဒါန်းပြီး အင်ဒိုနီးရှားမှ ဗုဒ္ဓဘာသာဝင်များနှင့် မြန်မာနိုင်ငံ၊ စင်္ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံတို့မှ ဗုဒ္ဓဘာသာဝင်များ၏ စုပေါင်းအလှူဖြင့် တည်ထားကိုးကွယ်မည်ဖြစ်ရာ ရွှေထီးတော်ကြီးကို မြန်မာနိုင်ငံအစိုးရက သာသနာရေးဝန်ကြီးဌာနမှတစ်ဆင့် လှူဒါန်းမည်ဟုသိရသည်။ (ယခုအခါ ထီးတော်ကြီးကိုမြန်မာနိုင်ငံ ရွှေတိဂုံစေတီတော်ရင်ပြင်၌ အပူဇော်ခံထားသည်။) စိန်ဖူးတော်ကို မြန်မာနိုင်ငံ ရန်ကုန်မြို့မှ ဒေါက်တာ သက်နိုင်ဦး+ဒေါ်ပပဝင်း မိသားစုတို့မှ လှူဒါန်းမည်ဖြစ်ပြီး ဘုရားဆင်းတုတော်များကို မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ဗုဒ္ဓဘာသာဝင်များက လှူဒါန်းမည်ဖြစ်သည်။ အာရုံခံတန်ဆောင်းနှင့် ကျောင်းဆောင်စသော အဆောက်အဦအားလုံးကို သူဌေးကြီး MR.TONGARIODJO ANGKASA က လှူဒါန်းမည်ဖြစ်သည်။

## ဦးဝင်းဖေ၏ ပရိတ်အစွမ်း

နောက်တစ်ခု ထူးခြားသည်မှာ ယခုစေတီတော်တည်မည့်နေရာ၌ ယခင်က တစ်နှစ်ပတ်လုံး ရေတွင်းတူသော်

လည်း ရေမထွက်ဟုသိရသည်။ ယင်းသို့ ရေမထွက်သဖြင့် ဦးဝင်းဖေသည် ယခုနေရာ၌ (၄၅)ရက် အဓိဋ္ဌာန်ပြုပြီး ပုတီးစိပ်ခြင်း၊ ပရိတ်ရွတ်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှဝေခြင်း စသည်တို့ကို ပြုလေရာ ယခင်က မထွက်ခဲ့ဖူးသောရေသည် ထူးခြားအံ့သြလောက်အောင် ပေါများစွာထွက်ရှိလာခဲ့ပေသည်။ ရေသည် အအေးဓာတ်၊ အငြိမ်းဓာတ်ကို ပေးနိုင်သလို၊ အပူခပ်သိမ်းကိုလည်း ပယ်ဖျောက်နိုင်ပေသည်။ ဤနေရာ၊ ဤဌာနသည်။ မြတ်ဗုဒ္ဓ၏ ထေရဝါဒဗုဒ္ဓသာသနာ့နယ်မြေအစစ် ဧကန်ဖြစ်၍ ဗုဒ္ဓသာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွားတိုးတက်ကာ သတ္တဝါတို့ကို အအေးဓာတ်၊ အငြိမ်းဓာတ်ပေး၍ ခပ်သိမ်းသော အပူများကို ပယ်ဖျောက်ပေးရာဌာနအဖြစ် အတိတ်နိမိတ်ပေးလိုသောကြောင့် ယခုလို ရေများ ပေါများစွာ ထွက်ရှိလာရသည်ဟု မိမိစိတ်ထဲမှာ ယုံကြည်မိပါသည်။ ဤကား သူဌေးကြီး MR. TONGARIODJO ANGKASA ၏ အကြောင်းနှင့် ရွှေတိဂုံပုံတူ စေတီဖြစ်ပေါ်လာခြင်း၏အကြောင်း ဖြစ်ပေသည်။ မိမိတို့သည် ဗီလာသို့ပြန်ခဲ့ပြီး တစ်ညတာ အနားယူကြပါသည်။

၁၉-၃-၂၀၀၇
ရွှေတိဂုံ ပုံတူစေတီ အုတ်မြစ်တော်စီ
မင်္ဂလာအခမ်းအနား

နံနက် (၆)နာရီတွင် ဘုရားဒါယကာ MR. TONGARIODJO ANGKASA ၏ ဗီလာမှာပင် အရုဏ်ခေါက်ဆွဲဆွမ်း

ဘုဉ်းပေးကြရသည်။ ထို့နောက် နံနက် (၈း၃၀) ခန့်အချိန်တွင် ဥက္ကဋ္ဌဆရာတော်ကြီး ဦးဆောင်သောအဖွဲ့သည် ဗီလာမှ ကားများဖြင့် ရွှေတိဂုံပုံတူစေတီတည်မည့် ကုန်းပေါ်သို့ ကြွရောက်ကြပါသည်။ ဘုရားကုန်းပေါ်ရောက်သောအခါ MR. TONGARIODJO ANGKASA နှင့်အဖွဲ့များက ကြိုဆိုပင့်ဆောင်ကြပါသည်။ ဘုရားဝင်းအတွင်း ဘေးပတ်လည်တွင် ယာယီဆောက်လုပ်ထားသော မဏ္ဍပ်များ၌ လူအများအပြား ရောက်ရှိနေသည်ကို တွေ့ရသည်၊ ဥက္ကဋ္ဌဆရာတော်ကြီး ဦးဆောင်သော ဆရာတော်များအဖွဲ့ကို မတ်တပ်ရပ် လက်အုပ်ချီလျက် ဖူးမြော်ကြိုဆိုနေကြသော ဗုဒ္ဓဘာသာဝင် ပရိသတ်တို့မှာ အတော်ပင်များပေသည်။ (၁၀၀၀)ကျော်ခန့်ရှိမည်ဟု ခန့်မှန်းရသည်။ ဤနေရာ ဤဒေသမှာ ဤမျှလောက် များပြားလှသော ပရိသတ်များကို မြင်တွေ့ရသည့်မှာ အလွန်အံ့ဩစရာ ကောင်းလှပေသည်။ စိတ်ထဲ၌လည်း ဝမ်းသာကြည်နူးမိရသည်။ ယခင်က မိမိစိတ်ထဲထားခဲ့သည်မှာ ပရိသတ် ဤမျှလောက် များလိမ့်မည်ဟု မထင်ခဲ့။ MR. TONGAPJODJO ANGKASA ၏ မိသားစုမျှလောက်သာ ရှိလိမ့်မည်ဟု ထင်ခဲ့သည်။ ဤမျှ များပြားလှသော ဗုဒ္ဓဘာသာဝင် ပရိသတ်တို့မှာ အင်ဒိုနီးရှား ဗုဒ္ဓဘာသာဝင် ပရိသတ်များအပြင် စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံကို့မှ ဦးဝင်းဖေ၏

မေတ္တာစင်တာ ဗုဒ္ဓဘာသာအဖွဲ့များလည်း လာရောက်ကြသည်ဟု သိရသည်။ လာရောက်ကြသော ပရိသတ်အများစုမှာ တရုတ်လူမျိုး အများစုဖြစ်ပြီး အားလုံး တိဗက်နှင့် မဟာယာန ဗုဒ္ဓဘာသာဝင်တွေချည်း ဖြစ်သည်။ ဘုရားဒါယကာ MR. TON-GARIODJO ANGKASA ကိုယ်တိုင်ပင် မဟာယာနဗုဒ္ဓဘာသာဖြစ်သည်။ ပရိသတ်ထဲ၌ အင်ဒိုနီးရှားလူမျိုး အနည်းငယ်မျှသာ ပါဝင်သည်ကို သတိပြုမိသည်။

ဥက္ကဋ္ဌဆရာတော်ကြီး ဦးဆောင်သောအဖွဲ့သည် အခမ်းအနားကျင်းပမည့် အာရုံခံတန်ဆောင်းအတွင်းသို့ ကြွရောက်တော်မူကြသည်။ အာရုံခံတန်ဆောင်းအတွင်းမှာ မိမိတို့နှင့်အတူပါလာသော မြန်မာပရိသတ်တစ်ချို့နှင့် အင်ဒိုနီးရှားနိုင်ငံ၊ မီဒန်မြို့၊ ဟောရောဗုဓောကျောင်းမှ ဘဒ္ဒန္တဇိန-ဓမ္မော ဆရာတော်ကြီးနှင့် ဗုဒ္ဓယာနဗုဒ္ဓဘာသာ သံဃာတော် (၉)ပါး၊ တိဗက် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ မဟာယာန ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၊ မဟာယာနသီလရှင်များနှင့် အင်ဒိုနီးရှား ပရိသတ်တစ်ချို့တို့ ကြိုတင်ရောက်ရှိနေကြသည်ကို တွေ့ရသည်။ သီလရှင်များထဲတွင် မြန်မာနိုင်ငံမှ သီလရှင်ပုံစံမျိုး ဝတ်ဆင်ထားသော အင်ဒိုနီးရှားသူ သီလရှင်တစ်ဦးလည်း ပါဝင်သည်။

အခမ်းအနားသို့ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးခင်ဇော်ဝင်းနှင့်ဇနီး၊ အင်ဒိုနီးရှားနိုင်ငံ၊ သာသနာရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့လည်း တက်ရောက်ကြသည်။

အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို နံနက် (၉)နာရီတွင် စတင်ကျင်းပသည်။ ရှေးဦးစွာ ဥက္ကဋ္ဌဆရာတော်ကြီးထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပါသည်။ ထို့နောက် ဥက္ကဋ္ဌဆရာတော်ဘုရားကြီးက ပရိသတ်များအား ရွှေတိဂုံပုံတူ စေတီတော်တည်ထားကိုးကွယ်ခြင်းနှင့် ပတ်သက်၍ တရားဟောပြ မိန့်ကြားတော်မူပါသည်။ ဆရာတော်ကြီး မြန်မာလိုမြွက်ကြားသည်ကို ဆရာကြီးဦးစိုင်းအောင်ထွန်းက အင်္ဂလိပ်လိုဘာသာပြန်ပြီး ယင်းအင်္ဂလိပ်ဘာသာကို MR. TONGARIODJO ANGKASA ၏ တစ်ပည့်တစ်ဦးက အင်ဒိုနီးရှားဘာသာဖြင့် ပရိသတ်များအား ပြန်လည်ရှင်းပြပါသည်။ ဥက္ကဋ္ဌဆရာတော်ကြီး ဟောပြသော တရားတော်မှာ အောက်ပါအတိုင်းဖြစ်သည်-

"ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အမျိုးကောင်းသား တစ်ယောက်ဟာ ယခုဘဝမှာ ဖြစ်လာတယ်၊ အဲဒီအမျိုးသားဟာ မြတ်စွာဘုရားကို မဖူးလိုက်ရတဲ့အတွက်

စိတ်မချမ်းမသာဖြစ်တယ်၊ အဲဒီတော့ ရှင်သာဂရ ရဟန္တာမထေရ်မြတ်က အဲဒီအမျိုးသားကို တရားဟောတယ်။ မြတ်စွာဘုရားကို မဖူးလိုက်ရတဲ့အတွက် စိတ်မချမ်းမသာ မဖြစ်ပါနဲ့။ မြတ်စွာဘုရားကို မဖူးလိုက်ရ၊ မပူဇော်လိုက်ရသော်လည်း ဘုရားရှင်ရဲ့ မုန်ညင်းစေ့လောက်ရှိတဲ့ ဓာတ်တော်တွေကို စေတီတည်ပြီးတော့ ပူဇော်ရတဲ့ကုသိုလ်ဟာ ဘုရားရှင်ကို ဖူးလိုက်ရ၊ ပူဇော်လိုက်ရတဲ့ကုသိုလ်နဲ့ ကြည်ညိုစိတ်တူရင် ကုသိုလ်လည်း အတူတူပဲရပါတယ်လို့ ဟောပါတယ်။ အဲဒီလို ဟောတဲ့အတွက်ကြောင့် ဘုရားရှင်ရဲ့ဓာတ်တော်တွေကို ဌာပနာပြီးတော့ စေတီတည်ထား ကိုးကွယ်ပူဇော်ခဲ့ပါတယ်။ အဲဒီကုသိုလ်ကြောင့် ကမ္ဘာပေါင်း (၁၈၀၀)ကာလပတ်လုံး ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် အပါယ်လေး၀ မလားရောက်ရဘဲနဲ့ ယခုဘုရားရှင် လက်ထက်မှာ ပစ္စုပဋ္ဌာနသညကဆိုတဲ့ အမည်ဖြင့် ရဟန္တာဖြစ်ပြီးတော့ ကျွတ်တမ်း၀င်သွားပါတယ်။ အခုလည်းပဲ အင်ဒိုနီးရှား၊ ဆုမတြားကျွန်းမှ ဗုဒ္ဓဘာသာ၀င်တွေ၊ ဘုရားရှင်ဓာတ်တော်တွေနဲ့ ရုပ်ပွားတော်တွေ ဌာပနာပြီးတော့ စေတီတည်ပြီး ကိုးကွယ်တာဟာ ဘုရားရှင် ပွင့်တော်မူလာတာပဲလို့ စိတ်ထဲမှာ နှလုံးသွင်းပြီးတော့ ဘုရားရှင်ကို ကြည်ညိုသလောက် ပူဇော်ကြလို့ ရှိရင် ခုနပြောခဲ့တဲ့ ပစ္စုပဋ္ဌာနသညကမထေရ်လိုပဲ အပါယ်လေးပါးမလားဘဲနှင့် ဒုက္ခခပ်သိမ်း ငြိမ်းရာနိဗ္ဗာန်ကို

ဝင်စံနိုင်ကြ ပါတယ်။ အေး. . . . ဒါ့ကြောင့် ဆုမတြားကျွန်းက ဗုဒ္ဓဘာသာဝင်တွေ ငါတို့ ဆုမတြားကျွန်းမှာ ဘုရားတစ်ဆူ ပွင့်တော်မူပြီလို့ နှလုံးသွင်းဆင်ခြင်ကြ၍ မြတ်စွာဘုရား ဂုဏ်တော်တွေ အာရုံပြု ပြီး ပူဇော်ကြပါလို့ တိုက်တွန်းလိုက်ပါ တယ်"။

ထို့နောက် ရွှေတိဂုံပုံတူစေတီ အုတ်မြစ်စီမင်္ဂလာပြုရန် အတွက် ရတနာအုတ်မျိုးစုံတို့ကို ဥက္ကဋ္ဌဆရာတော်ကြီးထံ ဆက်ကပ်ကြသည်။ ယင်းအုတ်များကို တကယ့်အစစ် ရွှေ, ငွေ, ပတ္တမြား, မြ, ပုလဲ, ကျောက်စိမ်းစသည်တို့ဖြင့် ရောနှောပြုလုပ် ထားသည်ဟု သိရသည်။ ရှေးဦးစွာ ဘုရားဒါယကာ MR. TONGARIODJO ANGKASA နှင့် ဇနီးမောင်နှံတို့က ရတနာ အုတ်တို့ကို ဆက်ကပ်ပါသည်။ ထို့နောက် MR. TONGAR-IODJO ANGKASA ၏ သားနှင့်သမီး၊ အင်ဒိုနီးရှားနိုင်ငံ ဆိုင်ရာ မြန်မာသံမတ်ကြီး ဦးခင်ဇော်ဝင်းနှင့်ဇနီး၊ အင်ဒိုနီးရှား သာသနာရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်တို့က ရတနာအုတ်တော် များကို အသီးသီး ဆက်ကပ်လှူဒါန်းကြပါသည်။ ထို့နောက် ရတနာအုတ်တော်များကို လူငယ်အမျိုးသားများက ရွှေတိဂုံ ပုံတူစေတီတည်မည့်နေရာသို့ သယ်ဆောင်သွားကြပါသည်။ ထို့နောက် ဥက္ကဋ္ဌဆရာတော်ကြီးနှင့် ကလေးဝတောရဆရာတော်၊

အင်ဒိုနီးရှားနိုင်ငံမှ ဘန္တေ-ဇိနဓမ္မော ဆရာတော်ကြီး (၃)ပါးတို့သည် အာရုံခံတန်ဆောင်းအတွင်းမှ စေတီတည်မည့်နေရာသို့ ဦးစွာ ကြွရောက်တော်မူကြပါသည်။ ဆရာတော်ကြီးများကြွရာ လမ်းတစ်လျှောက်မှာ ဗုဒ္ဓဘာသာဝင် အမျိုးသမီးများက တန်းစီပြီး မတ်တပ်ရပ်ကာ လက်အုပ်ချီ၍ ဖူးမြော်နေကြသည်။ ဆရာတော်ကြီး (၃)ပါးတို့က ရတနာငွေကြုတ်ကို စတင်၍ မြှုပ်နှံကြပါသည်။ ထို့နောက် ရတနာအုတ်တော်များကို ဥက္ကဋ္ဌ ဆရာတော်ကြီးကစတင်၍ အုတ်မြစ်ချစီတော်မူပြီး အင်ဒိုနီးရှား ဆရာတော် ဘန္တေ-ဇိနဓမ္မောနှင့် ကလေးဝတောရဆရာတော်တို့ကလည်း အစဉ်အတိုင်း အုတ်မြစ်တော်စီကြကာ "ဇယန္တော. . ." အစရှိသော အောင်ဂါထာကို သံပြိုင်ရွတ်ဆို ပူဇော်တော်မူကြပါသည်။ ထို့နောက် ဘုရားဒါယကာ MR. TONGARIODJO ANGKASA တို့ဇနီးမောင်နှံနှင့်တကွ ဦးဝင်းဖေ+ဒေါ်ခင်ဌေးကြည်၊ ဒေါ်ကြည်၊ အင်ဒိုနီးရှားနိုင်ငံမှ ဗုဒ္ဓယာန ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး၊ မဟာယာနဘုန်းတော်ကြီး၊ တိဗက် ဘုန်းတော်ကြီး၊ အင်ဒိုနီးရှားနိုင်ငံ သာသနာရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်၊ ဘုရားဒါယကာသူဌေး၏ သားနှင့်သမီး၊ အင်ဒိုနီးရှားမှ ရဲအရာရှိတစ်ဦး၊ SURABAYA မြို့မှ MR. KARTONO တို့က အစဉ်အတိုင်း အုတ်မြစ်စီကြပါသည်။ ထို့နောက် ဆရာတော် ဦးသာသနနှင့် မိမိတို့က ရတနာကျောက်များကို ထည့်သွင်းပူဇော်

ကြပါသည်။ ထို့နောက် ကျန်ရှိသော ဗုဒ္ဓယာန ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၊ မဟာယာန ဘုန်းတော်ကြီးများ၊ တိဗက် ဘုန်းတော်ကြီးများကလည်း အစဉ်အတိုင်း ရတနာကျောက်များ ကို ထည့်သွင်းပူဇော်ကြပါသည်။ ထို့နောက် အခမ်းအနားသို့ လာရောက်ကြသော ပရိသတ်များကလည်း အစဉ်အတိုင်း ငြိမ်သက်စွာဖြင့် တန်းစီ၍ အုတ်မြစ်တော်စီထားသော ရတနာ အုတ်များပေါ်၌ ကျောက်မျက်ရတနာများကို အလှည့်ကျ အသီးသီး ကြပက်ထည့်သွင်း ပူဇော်ကြပါသည်။

ယင်းသို့ အုတ်မြစ်တော်စီ မင်္ဂလာပြုနေသောအချိန် တွင် အခမ်းအနားမှူးဖြစ်သော အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့က အစီအစဉ်များကို တစ်ခုပြီးတစ်ခု ကြေညာနေကြ ကာ သာယာနာပျော်ဖွယ် အလွန်ကောင်းသော ဓမ္မသီချင်းများက လည်း TAMAN ALAM LUMBINI ဥယျာဉ် ဘုရားဝင်း အတွင်းမှာ ပျံ့လွင့်လျက်ရှိနေပေသည်။ လာရောက်ကြသော ပရိသတ်အားလုံးကလည်း ဆူဆူညံညံမရှိ၊ မိမိတို့နေရာမှာ စည်းကမ်းတ ကျ နေရာယူကြပြီး တိတ်ဆိတ်ငြိမ်သက်စွာ လက်အုပ်ချီ၍ ဘုရားဂုဏ်တော်ကို အာရုံပြုနေကြသည်မှာ အတုယူစရာကောင်းလှသည်။ စည်းကမ်းရှိလှသော ပရိသတ် များပင် ဖြစ်သည်ဟု စိတ်ထဲမှာ ချီးမွမ်းမိသည်။

## ဂေါတမဗုဒ္ဓ၏ တပည့်သာဝကများ

လာရောက်ကြသော ပရိသတ်အများစုသည် မဟာယာန ဗုဒ္ဓဘာသာဝင်များဖြစ်ကြ၍ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များက အနည်းစုမျှသာ ရှိပေသည်။ သို့သော် ဂိုဏ်းဂဏဝါဒချင်းမတူပေမယ့် ဂေါတမဗုဒ္ဓကို သက်ဝင်ယုံကြည်ကြသော ဂေါတမဗုဒ္ဓ၏ တပည့်သာဝကများချည်းပင်ဖြစ်ရာ ဂိုဏ်းဂဏစွဲ မရှိကြဘဲ အားလုံး ဂေါတမဗုဒ္ဓ၏ သာသနာတော် ပြန့်ပွားရေးအတွက် အခမ်းအနားသို့ တစ်ခဲနက် လာရောက်ပူဇော်ကြခြင်း ဖြစ်ပေသည်။

အခမ်းအနားသို့ တိဗက်ဘုန်းတော်ကြီးများနှင့် တိဗက်ဗုဒ္ဓဘာသာဝင်များလည်း တက်ရောက်ကြရာ ယနေ့ကျင်းပသော အခမ်းအနားသည် ထေရဝါဒ၊ မဟာယာန၊ တိဗက်ဗုဒ္ဓဘာသာဝင်တို့စုပေါင်းပြီး မိမိတို့၏ ဘုံရည်မှန်းချက်ဖြစ်သော ဗုဒ္ဓ သာသနာတော် ပြန့်ပွားရေးအတွက် လာရောက်ကြသော အခမ်းအနားဖြစ်သည်ဟု ဆိုရမည်ဖြစ်ပေသည်။ အင်ဒိုနီးရှားနိုင်ငံ၌ ဗုဒ္ဓဘာသာဝင်များသည် နိုင်ငံလူဦးရေ၏ (၁%)မျှသာရှိရာ အများစုမှာ တရုတ်လူမျိုး တိဗက်နှင့် မဟာယာနဗုဒ္ဓဘာသာဝင်တွေက အများစုဖြစ်သည်။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များမှာ အနည်းစုမျှသာ ရှိသည်။ အချို့ မဟာယာနဗုဒ္ဓဘာသာဝင်များသည် မဟာယာန ဗုဒ္ဓဘာသာဟုဆိုသော်လည်း ထေရဝါဒ ဗုဒ္ဓဘာသာကို သက်ဝင်

ယုံကြည်၍ အားပေးထောက်ပံ့မှုများ လည်း ရှိသည်။ မည်သို့ပင် ဖြစ်စေ တိပဋက၊ မဟာယာန၊ ထေရဝါဒဗုဒ္ဓဘာသာဝင်အားလုံး ပူးပေါင်းဆောင်ရွက်မှ အင်ဒိုနီးရှားနိုင်ငံ၌ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားနိုင်ပေမည်။ ယနေ့ကျင်းပသော အုတ်မြစ် တော်စီ မင်္ဂလာအခမ်းအနားကို ထေရဝါဒ၊ မဟာယာန၊ တိပဋက ဗုဒ္ဓဘာသာဝင်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။ တရုတ်နွယ်၊ အင်ဒိုနီးရှား လူမျိုးများသည် အင်ဒိုနီးရှားနိုင်ငံ၏ ပုဂ္ဂလိက ပိုင်ဆိုင်မှု အများစုကို ပိုင်ဆိုင်ထိန်းချုပ်ထားသည့်အတွက် လူနည်းစု ဖြစ်သော်လည်း ဩဇာတိက္ကမရှိသော လူမျိုးစုများ ဖြစ်ကြသည်။ သို့အတွက်ကြောင့်ပင် ယခုလို ရွှေတိဂုံပုံတူစေတီ တည်ထား နိုင်ရန် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို စည်ကားသိုက်မြိုက် စွာ ကျင်းပနိုင်ခြင်းဖြစ်ပေသည်။

## ဝမ်းသာကြည်နူးမဆုံးတဲ့ နေ့တစ်နေ့

ယနေ့ မြင်တွေ့ရသော အခမ်းအနားကျင်းပသည့် မြင်ကွင်းမှာ မိမိအတွက် တစ်သက်မမေ့နိုင်စရာပင် ဖြစ်သည်။ မိမိစိတ်ထဲမှာ အလွန် ဝမ်းသာပီတိဖြစ်ရသည်။ ကြည်နူးမဆုံးနိုင် ပါ။ မိမိတို့ မြန်မာနိုင်ငံတွင်ဘုရားထီးတင်ကဲ့သို့သော ဘာသာရေး ပွဲများ၊ အများအပြား တွေ့မြင်ဖူးသော်လည်း ယခုလောက်

ဝမ်းသာကြည်နူးမှု မဖြစ်ခဲ့ဖူးပါ။ မိမိသည် ယနေ့ မြင်တွေ့ရသော အုတ်မြစ်စီမင်္ဂလာအခမ်းအနား၌ အဘယ့်ကြောင့် ဝမ်းသာပီတိ ဖြစ်ရသနည်းဆိုပါလျှင် ကမ္ဘာ့မွတ်ဆလင် ဘာသာဝင် အများဆုံး နေထိုင်သော အင်ဒိုနီးရှားနိုင်ငံလို နိုင်ငံမျိုး၌ ယခုကဲ့သို့ ထေရဝါဒပုံစံအတိုင်း ရွှေတိဂုံပုံတူစေတီ တည်ထားကိုးကွယ် နိုင်ခြင်းသည် ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် များစွာအဓိကကျပြီး နောင်မဝေးလှသော အနာဂတ်ကာလ၌ မြတ်ဗုဒ္ဓ၏ ထေရဝါဒသာသနာတော်မြတ်ကြီး ထွန်းလင်းတောက်ပ လာတော့မည်ကို တွေးမိသောကြောင့် အလွန် ဝမ်းသာပီတိ ဖြစ်မိ ရခြင်း ဖြစ်ပါသည်။ လူဦးရေ သန်း (၂၂၀)ကျော် နေထိုင်သော အင်ဒိုနီးရှားနိုင်ငံမှာ မွတ်ဆလင် ဘာသာဝင် အများစုကြားမှ ဗုဒ္ဓဓမ္မကို လေးစားယုံကြည် လိုက်နာကြသော ဗုဒ္ဓဘာသာဝင် များ လာရောက်စုဝေးကြသည်မှာ အားရဝမ်းမြောက်စရာပင် ဖြစ်သည်။ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအတွက် များစွာ အားတက်ဖွယ်ပင် ဖြစ်ပေသည်။

**ကလေးဝတောရ ဆရာတော်ကြီး၏ ဆုတောင်းမေတ္တာ**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင်၊ ဒွိပိဋကဓရ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တ ဇာဂရာဘိဝံသ၊ နာဂလိုဏ်ဂူ ကလေးဝတောရဆရာတော်ကြီး

က အင်ဒိုနီးရှားနိုင်ငံသူ နိုင်ငံသားများနှင့် အားလုံးသော သတ္တဝါ အပေါင်း ကျမ်းမာချမ်းသာစေကြောင်း ဆုတောင်းဂါထာရွတ်ဆို ပြီး လှူဒါန်းမှုကုသိုလ်အစုစု အရပ်ရပ်အတွက် ရေစက်သွန်းချ အမျှပေးဝေတော်မူပါသည်။

## ဥက္ကဋ္ဌဆရာတော်ကြီး၏ အမှတ်တရပစ္စည်း

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးက အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးခင်ဇော်ဝင်းအား ဥက္ကဋ္ဌဆရာတော်ကြီးကိုယ်တိုင် ရွတ်ပွား သရဇ္ဈာယ်ထားသော ပရိတ်တရားတော် စီဒီခွေများနှင့် ဗုဒ္ဓ ရုပ်ပွားတော်တစ်ဆူကို ပေးအပ်ချီးမြှင့်တော်မူပါသည်။ ထို့နောက် အင်ဒိုနီးရှားနိုင်ငံ သာသနာရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်အား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ပါသည်။ ထို့နောက် MR. TONGARIODJO ANGKASA နှင့် ဇနီးတို့ အား ကိုးကွယ်ရန် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် ရွှေချည်ထိုး ပန်းချီကားတစ်ချပ် ပေးအပ်ချီးမြှင့်ပါသည်။ ထို့နောက် MR. TONGARIODJO ANGKASA ၏ သားနှင့်သမီးတို့အား ရွှေချည်ထိုး ပန်းချီကားတစ်ချပ် ပေးအပ်ချီးမြှင့်ပါသည်။ ဆက်လက်၍ အာရုံခံတန်ဆောင်း အပြင်ဖက် အခမ်းအနားမှူး စင်မြင့်ပေါ်တွင် MR. TONGARIODJO ANGKASA က

ဉက္ကဋ္ဌဆရာတော်ကြီးအား ရွှေတိဂုံပုံတူစေတီ ဒ‌ေ့တ်မြစ်စ်မင်္ဂလာ အခမ်းအနားသို့ကြွရောက်ခြင်း အထိမ်းအမှတ် လက်မှတ် ဆက်ကပ်လှူဒါန်းရာ ဉက္ကဋ္ဌဆရာတော်ကြီးကိုယ်စား ဆရာတော်ကြီး၏ပစ္ဆာသမဏ ဆရာတော်ဦးသာသနက လက်ခံရယူသည်။ ထို့နောက် ကလေးဝတောရ ဆရာတော်ကြီးအားလည်း ဆက်ကပ်လှူဒါန်းပါသည်။ ဆက်လက်၍ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဘန္တေ-ဇိနဓမ္မော၊ မဟာယာန ဘုန်းတော်ကြီး၊ တိဗက် ဘုန်းတော်ကြီးစသော ပုဂ္ဂိုလ်များအား အသီးသီး ဆက်ကပ်လှူဒါန်းပေးအပ်ပြီးနောက် ရွှေတိဂုံပုံတူစေတီ အုတ်မြစ်စီမင်္ဂလာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ပါသည်။

နေ့လည် (၁၁)နာရီခန့်အချိန်တွင် ဉက္ကဋ္ဌဆရာတော်ကြီး အမှူးပြုသော ထေရဝါဒသံဃာတော်များနှင့် မဟာယာန၊ တိဗက် သံဃာတော်များအား ဆွမ်းစားဆောင်တွင် သက်သတ်လွတ် ဆွမ်းကပ်ကြပါသည်။

## ဗီလာ၌ပင် မော်ကွန်းတင်

ဆွမ်းစားပြီးနောက် MR. TONGARIODJO ANGKASA ၏ ဗီလာသို့ပြန်ကြွပြီး အနားယူကြပါသည်။ ညနေ (၃)နာရီခန့်တွင် ဗီလာ၌ ရွှေတိဂုံပုံတူစေတီတော်တွင် စိုက်ထူမည့် (၄-ပေ× ၃-ပေ)ခန့်ရှိ မော်ကွန်းကမ္ပည်းကျောက်စာ၌

နိုင်ငံတော်သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော်ကြီးက ရွှေမှင်ဖြင့် လက်မှတ်ရေးထိုးတော်မူပါသည်။ ထို့နောက် ဥက္ကဋ္ဌဆရာတော်ကြီးဦးဆောင်သောအဖွဲ့သည် MR. TONGAR-IODJO ANGKASA ၏ အဖွဲ့သူ/သား တပည့်များနှင့် အမှတ်တရ ဓာတ်ပုံအရိုက်ခံကြပါသည်။

## သဘာဝ၏ အလှတရားများ

ညနေ (၃း၃၅) အချိန်ခန့်တွင် ဥက္ကဋ္ဌဆရာတော်ကြီးဦးဆောင်သောအဖွဲ့သည် ဗီလာမှ ကားများဖြင့် ထွက်ခွါလာခဲ့ပြီး (BRASTAGI) ဘရာစတာဂီတောင်ပေါ်မြို့လေးမှ (MEDAN) မီဒန်မြို့သို့ ဆက်လက်ထွက်ခွါ လာခဲ့ကြသည်။ တောင်ပေါ်လမ်းမှ တစ်ဖြည်းဖြည်း ကွေ့ကာဝိုက်ကာ ဆင်းလာရာ ပတ်ဝန်းကျင်မှ တောတောင်သဘာဝ အလှအပများသည် ရှုမငြီးနိုင်အောင်ပင်ဖြစ်ပြီး အလွန်လှပသော သဘာဝရှုခင်းများဟု မှတ်ချက်ချမိသည်။ မကြာမီမှာပင် တောတောင်များမှ မြူခိုးများ အုံ့ဆိုင်းတက်လာပြီး မိုးရွာချလိုက်ရာ မိမိတို့စီးလာသော ကားလေးသည် သဲသဲမဲမဲရွာနေသော မိုးပေါက် မိုးရေစက်များကြားမှပင် ခက်ခက်ခဲခဲ ရုန်းကန်ပြေးလွှားနေရသလို ဖြစ်နေရှာလေသည်။ ဆက်လက်ပြီး မောင်းနှင်လာခဲ့ရာ မြေပြန့်ရောက်သောအခါ မိုးအနည်းငယ်သာ ရွာတော့သည်။

## သူတို့ ဓလေ့ထုံးစံ

မီဒန်မြို့မရောက်မီ လမ်းတစ်လျှောက်မှာ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများကို မကြာခဏဆိုသလိုပင် မြင်တွေ့ရပေသည်။ လမ်းဘေး ဝဲ/ယာရှိ အိမ်အများစု၏ ဝင်းအတွင်းမှာ အုတ်ဂူလေးများကို မြင်တွေ့ရသည်။ လူအများသေသည့်အခါ မိမိတို့အိမ်တွင်းမှာပင် ဂူသွင်းထားသည်ဟု သိရသည်။ အချို့အုတ်ဂူများမှာ လှလှပပ သေသေသပ်သပ် ပြုလုပ်ထားသည်ကို တွေ့ရသည်။ သူတို့ဒေသထုံးစံပင် ဖြစ်ပေသည်။ ညနေ (၆း၃၀) ခန့် အချိန်တွင် မီဒန်မြို့သို့ ပြန်လည်ရောက်ရှိကြပါသည်။ ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသော အဖွဲ့သည် GRAND ANGKASA ဟိုတယ်ကြီးမှာပင် တည်းခိုကြရသည်။ ဟိုတယ်မှာ မိမိ ယနေ့ကြုံတွေ့ခဲ့ရသော ရွှေတိဂုံပုံတူစေတီ အုတ်မြစ်စီမင်္ဂလာ အခမ်းအနားနှင့် ပတ်သက်ပြီး ပြန်လည်စဉ်းစားရင်း ယနေ့ အင်ဒိုနီးရှားနိုင်ငံ၏ ဗုဒ္ဓသာသနာ အခြေအနေနှင့် တစ်ချိန်က အင်ဒိုနီးရှားနိုင်ငံ၏ ဗုဒ္ဓသာသနာ အခြေအနေတို့ကို ဆက်လက်ပြီး စဉ်းစားနေမိပေသည်။

အင်ဒိုနီးရှားနိုင်ငံသည် မျက်မှောက်ခေတ်၌ မွတ်ဆလင်ဘာသာဝင် အများစုနေထိုင်သည့် နိုင်ငံဖြစ်နေသော်လည်း တစ်ချိန်က ဗုဒ္ဓဘာသာနိုင်ငံတော် ဖြစ်ခဲ့ဖူးကြောင်း သိရသည်။

ဗုဒ္ဓဘာသာနိုင်ငံတော် ဖြစ်ခဲ့သည်ဆိုသော်လည်း မဟာယာန ဗုဒ္ဓဘာသာသာလျှင် ထွန်းကားခဲ့သည်။

## ဆုမတြာနှင့် မဟာယာနသာသနာ

သာသနာနှစ် (၅၀၀)ကျော် (ဘီစီ ၁-ရာစုခန့်) သာသနာတော်ထွန်းကားရာ အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ တောင်ပိုင်းမှ သုမိတ္တအမည်ရှိသော ကုန်သည်တစ်ယောက်သည် အခြားသော ကုန်သည်များကို ခေါင်းဆောင်၍ ဆုမတြာကျွန်းသို့ ကုန်ပစ္စည်း ရောင်းဝယ်ဖောက်ကားရင်း ရောက်ရှိလာရာ အရောင်းအဝယ်ကောင်း၍ ရာသီဥတုကလည်း သာယာကောင်းမွန် ညီညွတ်သဖြင့် ထိုဆုမတြာကျွန်း၌ အခြေချနေထိုင်ခဲ့ကြသည်။ ဆုမတြာကျွန်း၌ နေထိုင်ကြကုန်သော တိုင်းရင်းသားကျွန်းသားများနှင့် တိုင်ပင်ညီညွတ်၍ နိုင်ငံတစ်ခု တည်ထောင်ခဲ့ကြသည်။ ခေါင်းဆောင်ဖြစ်သော သုမိတ္တကုန်သည်ကြီးကို အစွဲပြု၍ သုမိတ္တကျွန်းဟု ခေါ်ကြရာမှ နောင်အခါ ကာလရွေ့လျော၍ ၎င်းသုမိတ္တကျွန်းနာမည်မှ ဆုမိတ္တကျွန်း၊ ဆုမိတြာကျွန်း၊ ဆုမတြကျွန်း၊ ဆုမတြာကျွန်းဟု အဆင့်ဆင့် ပြောင်းလဲခေါ်ခဲ့ကြသည်။ ၎င်းတို့သည် ဟိန္ဒူဗြဟ္မဏဘာသာဝင်များ ဖြစ်ကြ၍ ထိုကျွန်းများ၌ ဟိန္ဒူ ဗြဟ္မဏဘာသာ ထွန်းကားခဲ့သည်။ဆုမတြာကျွန်းမှ ဂျားဗားကျွန်း၊ ဗာလီကျွန်းများတိုင်အောင် ဟိန္ဒူ ဗြဟ္မဏ

ဘာသာ ပြန့်ပွားခဲ့သည်။ သာသနာနှစ် (၉၀၀)ကျော် (အေဒီ ၄-ရာစု) မှစ၍ အိန္ဒိယတောင်ပိုင်းဒေသမှ ဗုဒ္ဓဘာသာလူမျိုးများ ရောက်ရှိလာခဲ့၍ ဆုမတြာ၊ ဂျားဗားစသော ကျွန်းအများစုမှာ တစ်စတစ်စ ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားလာခဲ့လေသည်။

တရုတ်ရဟန်းတော် အရှင်ဖာဟီယန် (FA-HIEN) သည် သာသနာနှစ် (၉၄၃)ခု (ခရစ်နှစ် ၃၉၉-ခု) (အေဒီ ၄-ရာစု) တွင် အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ သာသနာထွန်းကားရာ ဒေသများသို့ ရောက်ခဲ့သည်။ သာသနာနှစ် (၉၅၈) (ခရစ်နှစ် ၄၁၄-ခုနှစ်) တွင် အိန္ဒိယမှအပြန် ဆုမတြာကျွန်း၊ ဂျားဗားကျွန်းများသို့ ရောက်ရှိ၍ ထိုကျွန်းများ၌ ဟိန္ဒူဗြဟ္မဏဘာသာတို့ အလွန်စည်ပင်ပြန့်ပွား၍ မဟာယာန ဗုဒ္ဓဘာသာ အနည်းငယ်မျှသာ ရှိကြောင်း မှတ်တမ်းတင်ခဲ့သည်။ သာသနာနှစ် (၁၀၀၀)ခန့် အချိန်က အိန္ဒိယနိုင်ငံ၊ နာလန္ဒတက္ကသိုလ်မှ ဆရာတော် အရှင်ဓမ္မပါလသည်လည်း အင်ဒိုနီးရှားနိုင်ငံသို့ သာသနာပြု ကြွခဲ့သည်။

သာသနာနှစ် (၁၂၀၀) (အေဒီ ၇-ရာစု)သို့ ရောက်သော အခါ SAILENDRA ဆိုင်လင်ဒရာမင်းဆက်တို့သည် ဆုမတြာကျွန်းကို သီရိဝိဇယနိုင်ငံအဖြစ် ထူထောင်ခဲ့ကြပြီး ဆုမတြာကျွန်း တောင်ပိုင်း (PALEMBANG) ပလင်ဘန်းမြို့၌ ထီးနန်းစိုက်ထူခဲ့သည်။ သီရိဝိဇယမင်းကြီးလက်ထက်မှာ မဟာယာနဗုဒ္ဓ

ဘာသာ လွှန်စွာထွန်းကားခဲ့သည်။ ဂျားဗားကျွန်းတိုင်အောင် မဟာယာနဗုဒ္ဓဘာသာပြန့်နှံ့၍ သီရိဝိဇယမင်းကြီး၏ တန်ခိုးအာဏာမှာ အနီးအနားကျွန်းစုများသာမက မလေးကျွန်းဆွယ်၊ ကမ္ဘောဒီးယား နှင့် ထိုင်းနိုင်ငံအလယ်ပိုင်း၊ အရှေ့မြောက်ပိုင်း လွင်ပြင်ဒေသများအထိ ဩဇာအာဏာပျံ့နှံ့ခဲ့သည်။ ၎င်းနိုင်ငံများသို့ မဟာယာနဗုဒ္ဓဘာသာလည်း ရောက်ရှိပြန့်ပွား ထွန်းကားခဲ့သည်။ သီရိဝိဇယမင်းကြီးသည် သာသနာတော်၌ လွန်စွာကြည်ညိုလေးစား၍ အိန္ဒိယနိုင်ငံ၌ ထင်ရှားကျော်ကြားသော နာလန္ဒတက္ကသိုလ်ကြီးများကဲ့သို့ ဆုမတြာကျွန်း၌လည်း ကျောင်းတိုက်ကြီးတစ်ခု တည်ထောင်ဆောက်လုပ်၍ သီရိဝိဇယယူနီဗာစီတီ (SRIVIJAYA UNIVERSITY) ဟု နာမည်ပေးခဲ့သည်။ ထိုကျောင်းတော်ကြီး၌ သက္ကဋ၊ ဟိန္ဒီ၊ ပါဠိစသော ကျမ်းဂန်အမျိုးမျိုးတို့ကို သင်ကြားပေးသည်။ သီရိဝိဇယယူနီဗာစီတီကျောင်းတော်ကြီး၏ ဂုဏ်သတင်းကျော်စောခြင်းကြောင့် အနီးအဝေး နိုင်ငံများမှလည်း လာရောက်သင်ကြားကြသည်။

သာသနာတော်နှစ် (၁၂၁၇) (အေဒီ ၇-ရာစု)က တရုတ်ရဟန်းတော် (YI-JING) ရီဂျင်းသည် အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသသို့ ပညာဆည်းပူးသွားရင်း အင်ဒိုနီးရှားနိုင်ငံ၊ ဆုမတြာကျွန်းသို့ ရောက်ရှိနေထိုင်၍ ဆုမတြာကျွန်း၊ သီရိဝိဇယနိုင်ငံတော်၌ မဟာယာနဗုဒ္ဓသာသနာ အလွှန်စည်ပင်ထွန်းကားကြောင်း၊

အိန္ဒိယနိုင်ငံ နာလန္ဒာတက္ကသိုလ်သို့ ပညာသင်သွားလိုသူတို့သည် သီရိဝိဇယယူနီဗာစီတီ၌ သက္ကဋဘာသာနှင့် မဟာယာနဘာသာကို သင်ယူလေ့လာပြီး သွားမှသာလျှင် သာ၍ အဆင်ပြေနိုင်ကြောင်း မှတ်တမ်းတင်ခဲ့သည်။ သာသနာတော်နှစ် (၁၂၀၀)နှင့် (၁၃၀၀)ကြား (အေဒီ ၇-ရာစုနှင့် ၈-ရာစုကြား) ဆိုင်လင်ဒရာမင်းဆက်တို့ အုပ်စိုးချိန် ဂျားဗားကျွန်း၌လည်း ဗုဒ္ဓဘာသာမင်းတို့သည် ဗုဒ္ဓသာသနာ့အဆောက်အဦဖြစ်သော ကမ္ဘာ့အကြီးဆုံးစေတီကြီးဖြစ်သော ကမ္ဘာကျော် ဗောရောဗုဓော (BORO-BUDUR) စေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့သည်။ ဤမျှကြီးမားသော စေတီတော်ကြီးကို တည်ထားနိုင်ခြင်းသည် ထိုခေတ် ထိုအချိန်က ဗုဒ္ဓသာသနာ လွန်စွာထွန်းကားခဲ့ကြောင်း သိနိုင်ပေသည်။

သာသနာတော်နှစ် (၁၃၀၀)ကျော် (အေဒီ ၉-ရာစု)ခန့်တွင် ဘင်္ဂါမှ ပါလမင်းများနှင့် အိန္ဒိယတောင်ပိုင်းမှ စောဠမင်းများသည် အင်ဒိုနီးရှားနိုင်ငံ ဗုဒ္ဓသာသနာပြန့်ပွားရေးကို အားပေးကူညီထောက်ပံ့ခဲ့ကြသည်။ ထိုအချိန်က ဆုမတြာကျွန်း၌ သီရိဗလပုတ္တာဒေဝမင်း အုပ်ချုပ်စိုးစံနေချိန်ဖြစ်သည်။ ထိုမင်းသည် အိန္ဒိယနိုင်ငံမှ နာလန္ဒာတက္ကသိုလ်ကြီးအား အရှည်ခန့်၍ တည်တံ့စေရန်နှင့် အစောင့်အရှောက် အထောက်အပံ့ဖြစ်စေရန်အတွက် ယင်းကျောင်းတော်ကြီး၌ လာရောက်ပညာသင်ကြားကြကုန်

သော ရဟန်းတော်များ ချမ်းသာသုခ ရရှိစေရန် ရည်သန်၍ ပါဠလိပုတ်ခရိုင်၊ ရာဇဂြိုဟ် ဂယာစီရင်စု ရွာ(၅)ရွာကို မိမိပိုင် ဆုမတြာကျွန်းမှ ရွာ(၅)ရွာနှင့် လဲလှယ်၍ လှူဒါန်းခဲ့သည်။ ထိုစဉ် အခါက ပါဠလိပုတ်ပြည် ရှင်ဘုရင်မှာ ဒေဝပါလမင်းဖြစ်သည်။ ဤသို့လျှင် ဆုမတြာစသော ကျွန်းများ၌ မဟာယာနဗုဒ္ဓ သာသနာ စည်ပင်ထွန်းကား၍ ဘုရင်မင်းမြတ်များကလည်း သာသနာတော်ကို အားပေးချီးမြှောက်ထောက်ပံ့ လှူဒါန်းကြ ကြောင်း သိရှိနိုင်ပေသည်။

သာသနာတော်နှစ် (၁၆၀၀) (အေဒီ ၁၀-ရာစုခန့်)တွင် ဆုမတြာကျွန်းသည် မဟာယာနဗုဒ္ဓဘာသာ၏ ဗဟိုအချက် အချာကျရာ နေရာဖြစ်လာခဲ့သည်။ အိန္ဒိယနိုင်ငံရှိ ဗုဒ္ဓတက္ကသိုလ် များအနက် ဝိက္ကမသီလာတက္ကသိုလ်မှ ကျောင်းအုပ်ဆရာတော် အတိဆာ (ခေါ်) ဒီပင်္ကရာဉာဏသည် အင်ဒိုနီးရှားနိုင်ငံ၊ ဆုမတြာ ကျွန်း သီရိဝိဇယယူနီဗာစီတီ၌ ဆရာတော် စန္ဒြကိတ္တိအထံတွင် တန္တရ, မန္တရ ပညာရပ်များကို လေ့လာသင်ယူခဲ့သည်။ နောင် သောအခါ အတိဆာ (ခေါ်) ဒီပင်္ကရာဉာဏသည် တိဗက်ပြည်မှ ပင့်ဆောင်၍သွားရောက်ကာ တန္တရ, မန္တရဂိုဏ်းတည်ထောင်၍ သာသနာပြုခဲ့သည်။

သာသနာတော်နှစ် (၁၇၀၀) (အေဒီ ၁၂-ရာစု)ကုန်ဆုံး ချိန်ထိ ကာလသည် ဆုမတြာကျွန်း၊ ဂျားဗားကျွန်း၊ မလေးကျွန်း

ဆွယ်များ ပါဝင်သော သီရိဝိဇယဗုဒ္ဓနိုင်ငံတော်ကြီး၏ တန်ခိုးဩဇာ အတိုးတက်ဆုံး အချိန်ဖြစ်ခဲ့သည်။

## ဟိန္ဒူ, မွတ်ဆလင်ဘာသာ လွှမ်းမိုးလာ

ထိုသို့ ဆုမတြာကျွန်း၊ ဂျားဗားကျွန်းစသော ကျွန်းများ၌ ဗုဒ္ဓဘာသာဝင်မင်းများနှင့် ဟိန္ဒူဘာသာဝင်မင်းများသည် စင်ပြိုင်ကဲ့သို့ တစ်ခေတ်တစ်ခါ၌ ဗုဒ္ဓဘာသာဝင် ဘုရင်များ၏ တန်ခိုးအာဏာကြီးမား၍ နောက်တစ်ခေတ် တစ်ခါ၌မူ ဟိန္ဒူဘာသာဝင်ဘုရင်များ တန်ခိုးအာဏာ ကြီးမားလာကြရာ သာသနာတော်နှစ် (၁၈၀၀) (အေဒီ ၁၃-ရာစု)တွင် ဟာယန်ဝုရုတ်မည်သော ဟိန္ဒူပြဟ္မဏဘာသာဝင် မင်းတစ်ပါးသည် သီရိဝိဇယ ဗုဒ္ဓဘာသာနိုင်ငံတော်ကို တိုက်ခိုက်သိမ်းပိုက်၍ အုပ်ချုပ်ခဲ့ရာ ဆုမတြာ၊ ဂျားဗား၊ ဗာလီ၊ ဘော်နီယိုစသော ကျွန်းများတွင် ဟိန္ဒူပြဟ္မဏဘာသာများ လွှမ်းမိုးပြန့်ပွား၍ ဟိန္ဒူများ တန်ခိုးဩဇာ ကြီးမားလာခဲ့ပြန်သည်။

ယင်း အေဒီ ၁၃-ရာစုတွင် အာရပ်နိုင်ငံများမှ မွတ်စလင်ဘာသာဝင် ကုန်သည်များနှင့် အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်မှ မွတ်စလင်ဘာသာဝင် ကုန်သည်များသည် ဆုမတြာကျွန်း၌ စတင်အခြေစိုက်၍ ဂျားဗားကျွန်းစသော ကျွန်းများသို့ ရောက်ရှိကာ အစ္စလာမ်ဝါဒ ပြန့်ပွားအောင်ဖြန့်ဝေကြရာ တစ်စတစ်စနှင့်

အောင်မြင်လာပြီးနောက် သာသနာတော်နှစ် (၂၀၀၀) (အေဒီ ၁၅-ရာစု)တွင် အင်ဒိုနီးရှားနှင့် မလေးကျွန်းဆွယ်ဒေသ တစ်ခုလုံး မွတ်စလင်တို့၏ လွှမ်းမိုးဝါးမျိုခြင်းကို ခံရပြီးနောက်မာဂျာပါဟစ် (ခေါ်) ဂျားဗား ဟိန္ဒူမြို့တော်ကို မွတ်စလင်တို့ သိမ်းပိုက်အုပ်ချုပ်နိုင်ခဲ့သည်။ အခြားကျွန်းစုများကိုလည်း သိမ်းယူအုပ်ချုပ်ခဲ့သည်။ ဟိန္ဒူဘာသာဝင်များ ဗာလီကျွန်းသို့ ထွက်ပြေးကြရသည်။ ထိုအချိန်အခါမှစ၍ အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းအများစုမှာ အစ္စလာမ်ဘာသာ လွှမ်းမိုးလာခဲ့ရာ ယခုကာလအထိပင် ဖြစ်သည်။ အစ္စလာမ်ဘာသာ ရောက်ရှိလာပြီးနောက် မဟာယာန ဗုဒ္ဓဘာသာလည်း မှေးမှိန်၍ ကွယ်ပျောက်လုနီးပါး ဖြစ်ခဲ့ရလေသည်။ ဗုဒ္ဓဘာသာ အနည်းငယ်မျှသာ ကျန်ရှိလေသည်။ ယခုအခါ အင်ဒိုနီးရှားနိုင်ငံတွင် အစ္စလာမ်ဘာသာကို အများစု ကိုးကွယ်နေကြသော်လည်း တစ်ချိန်က မဟာယာနဗုဒ္ဓဘာသာ လွန်စွာထွန်းကားခဲ့ကြောင်း ရှေးဟောင်း ဘုရားကျောင်းကန် အဆောက်အဦများနှင့် ဗောရောဗုဓော (BOROBUDUR) စေတီတော်ကြီးက ပြောပြသကဲ့သို့ ရှိနေပေသည်။

## မဟာယာနဝါဒနှင့် ယောရဝါဒ

စင်စစ် အင်ဒိုနီးရှားနိုင်ငံတွင် ထွန်းကားခဲ့သော သာသနာတော်မှာ အများအားဖြင့် မဟာယာနဗုဒ္ဓသာသနာသာလျှင် ဖြစ်ပေသည်။ မဟာယာနသာသနာသည် မြတ်ဗုဒ္ဓ၏ သာသနာ

အစစ်အမှန် ဟုတ်ပေ။ ထေရဝါဒသာသနာသည်သာလျှင် မြတ်ဗုဒ္ဓ၏ သာသနာအစစ်အမှန်ဖြစ်ပေသည်။ မဟာယာနဝါဒမှာ မြတ်စွာဘုရားဟောတော်မူခဲ့သော တရားတော်များကို မိမိတို့ မလိုသည်များကို ပယ်နုတ်၍ မိမိတို့ အကျင့်စရိုက်နှင့် ကိုက်ညီသော တရားအသစ်များကို ဒေသအလိုက်၊ ခေတ်အလိုက် ပြင်ဆင်ဖြည့်စွက် ထည့်သွင်းထားသောဝါဒ ဖြစ်သည်။ ထို့ကြောင့် မဟာယာနဗုဒ္ဓဘာသာ၌ မြတ်စွာဘုရားဟောတော်ခဲ့သည့် တရားတော်များ နဂိုမူလအတိုင်း မရှိတော့ပေ။ ထေရဝါဒမှာ မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားတော်များကို ပြင်ဆင်ဖြည့်စွက် နုတ်ပယ်ခြင်းမပြုဘဲ မြတ်စွာဘုရားဟောတော်မူခဲ့သည့် နဂိုမူရင်းအတိုင်း ထိန်းသိမ်းစောင့်ရှောက်ထားသော ဝါဒ ဖြစ်သည်။

## ယနေ့ခေတ် အင်ဒိုနီးရှား

ယခုအခါ အင်ဒိုနီးရှားနိုင်ငံ၌ အများစုမှာ အစ္စလာမ်ဘာသာကို ယုံကြည်ကိုးကွယ်ကြသည်။ အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေမှာ ၂၀၀၅ ခုနှစ် စာရင်းအရ သန်း (၂၂၀)ကျော် ရှိသည်။ ကမ္ဘာပေါ်တွင် စတုတ္ထလူဦးရေအများဆုံး နိုင်ငံဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး မွတ်စလင်နိုင်ငံလည်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ အကျယ်အဝန်းမှာ စတုရန်းမိုင် (၇၄၁,၁၀၀)မိုင် ရှိသည်။ ကျွန်း

ပေါင်း (၁၇၀၀၀)ဖြင့် ဖွဲ့စည်းထားပြီး ကမ္ဘာ့အကြီးဆုံး ကျွန်းစု နိုင်ငံလည်းဖြစ်သည်။ ဆုမတြာ၊ ဂျားဗား၊ ကာလီမန်တန်၊ စူလာ ဝေစီ၊ အီရီယန်ဂျယားကျွန်းတို့သည် အကြီးဆုံးကျွန်းများ ဖြစ်သည်။ လူဦးရေ သန်း (၂၂၀)ကျော်ရှိသည့်အနက် ၂၀၀၀ ပြည့်နှစ်၊ သန်းခေါင်စာရင်းအရ မွတ်စလင်ဘာသာဝင် (၈၆%)၊ ခရစ်ယာန် ဘာသာဝင် (၁၁%)၊ ဟိန္ဒူဘာသာ (၂%)၊ ဗုဒ္ဓဘာသာ (၁%) ရှိသည်။ (၁%)မျှသာရှိသော ဗုဒ္ဓဘာသာ ကိုးကွယ်ယုံကြည်ကြ သူများမှာ တရုတ်လူမျိုးများက အများစု ဖြစ်သည်။

## အင်ဒိုနီးရှားနိုင်ငံ ထေရဝါဒသာသနာနှင့် မဟာစည်ဆရာတော်

ရှေးယခင်က အင်ဒိုနီးရှားနိုင်ငံ၌ ထွန်းကားခဲ့သော ဗုဒ္ဓ သာသနာတော်မှာ မဟာယာနဗုဒ္ဓဘာသာ ဖြစ်သော်လည်း ယခု အခါ မဟာယာနဗုဒ္ဓသာသနာနှင့်အတူ ထေရဝါဒဗုဒ္ဓသာသနာပါ ပြန့်ပွားစပြုနေပြီဖြစ်သည်။ ထေရဝါဒဗုဒ္ဓသာသနာ ရောက်ရှိ ပြန့်ပွားလာခြင်းမှာ လွန်ခဲ့သော နှစ်ပေါင်း (၅၀)ကျော်လောက်မှ စ၍ ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာမှ မဟာစည် ဆရာတော် ဘုရားကြီးသည် အင်ဒိုနီးရှားနိုင်ငံသို့ ကြွရောက်ပြီး ထေရဝါဒဗုဒ္ဓသာသနာတော်ကို စတင်၍ အုတ်မြစ်ချခဲ့ခြင်း ကြောင့် ဖြစ်ပေသည်။

အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့မှ ကျောင်းဆရာတစ်ဦးဖြစ်သူ မစ္စတာဘွန်အန်သည် ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာသို့ ၁၃၁၅-ခုနှစ်၊ နတ်တော်လဆန်း (၁၁)ရက် (၁၇-၁၂-၁၉၅၃)နေ့က ရောက်ရှိလာခဲ့သည်။ မစ္စတာဘွန်အန်သည် မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒကိုခံယူ၍ မဟာစည်သာသနာ့ရိပ်သာ၌ ဝိပဿနာဘာဝနာတရားများကို ပွားများအားထုတ်ခဲ့လေသည်။ မဟာစည်ဆရာတော်နှင့် ဆရာတော်ဦးဉာဏုတ္တရတို့ ညွှန်ကြားပြသသည့်အတိုင်း ဝိပဿနာဘာဝနာတရားကို ရိုသေစွာလိုက်နာအားထုတ်ခြင်းကြောင့် ဝိပဿနာဉာဏ်စဉ်များ တိုးတက်လာခဲ့သည်။ ၁၃၁၅-ခု၊ တပေါင်းလဆန်း (၃)ရက် (၇-၃-၁၉၅၄)နေ့တွင် မဟာစည်ဆရာတော်ဘုရားကြီးက မစ္စတာဘွန်အန်အား ဝိပဿနာဉာဏ်စဉ်တရားများကို အပြည့်အစုံ ရှင်းလင်းဟောကြားပြသပြီးနောက် ဝိပဿနာဉာဏ်စဉ်တရားများကို ဆက်လက်အားထုတ်လေ့လာခဲ့သည်။

မစ္စတာဘွန်အန်သည် ဗုဒ္ဓတရားတော်မြတ်ကို ကိုယ်တိုင်အားထုတ် တွေ့မြင်သိရှိရသောကြောင့် ရဟန်းပြု၍ သာသနာတော်အကျိုး သည်ပိုးထမ်းရွက်လိုသော ပြင်းပြသောဆန္ဒရှိသဖြင့် ၁၃၁၅-ခု၊ တပေါင်းလပြည့်ကျော်(၁၅)ရက် (၅-၄-၁၉၅၄) စနေနေ့တွင် သတိုးသီရိသုဓမ္မသူဌေးကြီး ဆာဦးသွင်၊ ဒေါ်ဒေါ်သိန်း

တို့က ရဟန်းဒါယကာအဖြစ်ခံယူ၍ မဟာစည်သာသနာ့ရိပ်သာအတွင်းရှိ သိမ်၌ ရဟန်းအဖြစ်ကို ခံယူခဲ့သည်။ ဘွဲ့အမည်မှာ အရှင်ဇိနရက္ခိတ ဖြစ်သည်။ ဥပဇ္ဈာယ်ဆရာတော်မှာ မဟာစည်ဆရာတော်ဖြစ်၍ ကမ္မဝါစာ ဆရာတော်များမှာ ဦးဉာဏုတ္တရ၊ သီဟိုဠ်ဆရာတော် အရှင်အာနန္ဒာမေတ္တေယျ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၊ မဟာစည်သာသနာ့ရိပ်သာမှ အရှင်သုဇာတ၊ အရှင်ဝဏ္ဏိတ စသည်တို့ဖြစ်သည်။ မဟာစည်ဆရာတော်၏ အထံ၌ (၁)နှစ်ကျော် တရားဓမ္မတို့ကို သင်ယူလေ့လာပြီးနောက် အရှင်ဇိနရက္ခိတသည် မိမိဒေသ အင်ဒိုနီးရှားနိုင်ငံသို့ သာသနာပြုရန် ပြန်ကြွသွားလေသည်။ အင်ဒိုနီးရှားနိုင်ငံသို့ ပြန်ရောက်သောအခါ မွတ်ဆလင်ဘာသာကအများစုဖြစ်နေ၍ မိမိဇာတိဌာနဖြစ်သော်လည်း သာသနာပြုဖို့ရန်မလွယ်ကူ၊ တစ်နေ့တစ်ရက်မျှ တည်းခိုနေထိုင်ရန်ပင် အခက်အခဲရှိခဲ့ရသည်။ သို့နှင့် အင်ဒိုနီးရှား၌မနေဘဲ စင်္ကာပူနိုင်ငံနှင့် မလေးရှားနိုင်ငံ၌ သီဟိုဠ်ဗုဒ္ဓဘာသာဘုန်းကြီးကျောင်း၌ နေထိုင်၍ တစ်ခါတရံမှသာ အင်ဒိုနီးရှားနိုင်ငံသို့သွား၍ မိမိနှင့်စပ်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ ရင်းနှီးကျွမ်းဝင်သူများအား စိတ်အားထက်သန်စွာ တရားဓမ္မများကို ဟောကြားပြသပြီး ဇွဲလုံ့လသန်စွာဖြင့် တဖြည်းဖြည်း စည်းရုံးသိမ်းသွင်းကာ ထေရဝါဒဗုဒ္ဓဘာသာ၌ ယုံကြည်သက်ဝင်အောင် ပြုလုပ်နိုင်ခဲ့သည်။ ဤသို့ အရှင်ဇိနရက္ခိတ၏

မလျော့သောဇွဲလုံ့လဖြင့် ကြိုးပမ်းအားထုတ်ခဲ့မှုကြောင့် (၅)နှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ကျောင်းပေါင်း(၂၀)အထိ ရှိလာခဲ့ပြီး သရဏဂုံနှင့်ငါးပါးသီလဆောက်တည်သူ အမျိုးသား-အမျိုးသမီး (၆၀၀)ကျော်မျှအထိ တိုးတက်များပြားလာခဲ့သည်။ ထို့အပြင် သရဏဂုံ သီလမဆောက်တည်သော်လည်း ထေရဝါဒဗုဒ္ဓသာသနာတော်ကို ယုံကြည်လေးစားသူ အများအပြားလည်း ရှိလာခဲ့ရာ အချို့မှာ ရှင်ရဟန်းပြုလိုသူများပင် ရှိလာခဲ့သည်။

ထိုကဲ့သို့ ထေရဝါဒဗုဒ္ဓသာသနာတော်ကို ယုံကြည်လေးစားအားထားလာသောသူများ များပြားလာခြင်းကြောင့် အရှင်ဇိနရက္ခိတသည် ဗုဒ္ဓသာသနာ့အသင်းများ ဖွဲ့စည်း၍ ရှင်ရဟန်းပြုလိုသူများ ရှင်ရဟန်းပြုပေးနိုင်ရန်နှင့် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး၏ မူလအခြေအမြစ်ဖြစ်သော သိမ်သမုတ်ရန်အတွက် သီဟိုဠ် (သီရိလင်္ကာ)၊ ထိုင်း၊ ကမ္ဘောဒီးယား၊ မြန်မာနိုင်ငံတို့မှ ထေရဝါဒသာသနာပြုဆရာတော်ကြီးများကို ပင့်ဆောင်ရန် ကြိုးပမ်းအားထုတ်စီမံဆောင်ရွက်ရလေသည်။ ထိုသို့ပင့်ဆောင်ရာတွင် မြန်မာနိုင်ငံမှ မဟာစည်ဆရာတော်အား ပင့်ဆောင်ကြသည်။ မဟာစည်ဆရာတော်သည် ၁၃၂၁-ခုနှစ်၊ ကဆုန်လဆန်း(၈)ရက် (၁၄-၅-၁၉၅၉) ကြာသပတေးနေ့ ည (၇)နာရီတွင် စင်္ကာပူနိုင်ငံမှတဆင့် အင်ဒိုနီးရှားနိုင်ငံသို့ ကြွရောက်တော်မူခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၊

ဂျားဗားကျွန်း၌ မဟာစည်ဆရာတော်နှင့်အတူ ကမ္ဘောဒီးယား နိုင်ငံမှ သံဃရာဇာဆရာတော်ကြီး အမှူးပြုသော နိုင်ငံခြား သံဃာတော် (၁၃)ပါး၊ အင်ဒိုနီးရှား သာသနာပြု အရှင်ဇိနရက္ခိတ အပါအဝင် (၁၄)ပါးသော ထေရဝါဒသံဃာတော်များ တစ်စု တစ်ဝေးတည်း ဆုံမိကြသည်မှာ အင်ဒိုနီးရှားနိုင်ငံသမိုင်းတွင် ထူးခြားအံ့သြဖွယ်ပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အင်ဒိုနီးရှားနိုင်ငံ၌ ယခင်ထွန်းကားခဲ့ဖူးသော သာသနာမှာ မဟာယာနဗုဒ္ဓ ဘာသာဖြစ်၍ ယခုခေတ်သာသနာတော်နှစ် (၂၅၀၀)ခန့်ရောက်မှ ထေရဝါဒဗုဒ္ဓဘာသာ သံဃာတော်များ ပထမဆုံး စုဝေးဆုံမိကြခြင်းကြောင့် ဖြစ်ပေသည်။ ယခုမှ ထေရဝါဒ ဗုဒ္ဓသာသနာ စတင်သည်ဟု ဆိုရပေမည်။

## အငြင်းပွားနေဆဲဖြစ်သည့် သုဝဏ္ဏဘူမိ

အိန္ဒိယနိုင်ငံ၊ သီရိဓမ္မာသောကမင်းကြီးလက်ထက် သာသနာတော်နှစ် (၂၃၅) (ဘီစီ-၃၀၉)တွင် အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿမထေရ် အမှူးပြုသော ရဟန္တာမထေရ်ကြီးတို့သည် သီရိဓမ္မာသောကမင်းကြီး၏ အစောင့်အရှောက် အထောက်အပံ့ ကို ယူ၍ ပါဋလိပုတ်ပြည်၊ အသောကာရုံကျောင်း၌ တတိယ သင်္ဂါယနာတင်တော်မူခဲ့ကြသည်။ တတိယသင်္ဂါယနာ တင်ပြီးသော အခါ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်ကြီးသည်

မဇ္ဈိမဒေသ၌ သာသနာတော် ရေရှည် မတည်တံ့နိုင်သည်ကို သိမြင်တော်မူ၍ (၉)တိုင်း (၉)ဌာနသို့ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားစေရန် သာသနာပြုမထေရ်များအား စေလွှတ်တော်မူခဲ့သည်။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် စေလွှတ်ခဲ့သော ယင်း(၉)တိုင်း (၉)ဌာန၌ တစ်ခုအပါအဝင်ဖြစ်၍ အရှင်သောဏ ထေရ်နှင့် အရှင်ဥတ္တရထေရ်တို့ ကြွရောက်ခဲ့သော သုဝဏ္ဏဘူမိ အရပ်သည် မြန်မာနိုင်ငံ သထုံမြို့မဟုတ်ဘဲ အင်ဒိုနီးရှားနိုင်ငံမှ ဆူမကြာကျွန်းသည်သာ သုဝဏ္ဏဘူမိဖြစ်သည်ဟု အယူအဆလည်း ရှိသည်။ ထိုင်းတို့ကလည်း ထိုင်းနိုင်ငံတောင်ပိုင်း နခုန်ပထုမ်မြို့သို့ အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့ သာသနာပြု ကြွရောက်လာသည့်အတွက် နခုန်ပထုမ်မြို့သည်သာ သုဝဏ္ဏဘူမိ ဖြစ်ကြောင်းဆိုကြသည်။ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှား တို့ကလည်း မိမိတို့ဒေသများကို သုဝဏ္ဏဘူမိဟု ဆိုကြသည်။ အချို့သော သမိုင်းသုတေသီများကလည်း အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် မြန်မာပြည် အောက်ပိုင်းများ ပါဝင်သော အရှေ့တောင်အာရှကျွန်းဆွယ်ကြီး တစ်ခုလုံး သုဝဏ္ဏဘူမိဖြစ်သည်ဟု ဆိုကြသည်။ သို့သော် အရှင်သောဏနှင့် အရှင်ဥတ္တရမထေရ်တို့ စတင်ကြွရောက်ရာ မူလ သုဝဏ္ဏဘူမိဒေသကိုကား အငြင်းပွားနေကြဆဲပင် ဖြစ်သည်။

မူလသုဝဏ္ဏဘူမိအရပ်သည် ဆုမတြာကျွန်းဖြစ်ခဲ့လျှင် ရှေးယခင်ကတည်းကပင် အင်ဒိုနီးရှားနိုင်ငံ၌ ထေရဝါဒဗုဒ္ဓ သာသနာ စတင်ရောက်ရှိခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။ နောင် အခါမှ ဟိန္ဒူပြဟ္မဏဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာတို့ လွှမ်းမိုးလာ၍ ထေရဝါဒဗုဒ္ဓသာသနာ ပျောက်ကွယ်ခဲ့သည်ဟု ယူဆဖွယ်ရှိသည်။ သို့သော် အင်ဒိုနီးရှားနိုင်ငံ၌ ထေရဝါဒဗုဒ္ဓ သာသနာတော် ထွန်းကားခဲ့သော ခိုင်လုံသည့် အထောက် အထား၊ မှတ်တမ်းမှတ်ရာများ မရှိခဲ့ပေ။ ယခုမျက်မှောက် ကာလ၌ မဟာစည်ဆရာတော်၏ လမ်းညွှန်မှုဖြင့် အရှင် ဇိနရက္ခိတ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ထေရဝါဒဗုဒ္ဓဘာသာ စတင်ရောက်ရှိပြန့်ပွားလာသည်ဟု ဆိုရပေမည်။ အရှင် ဇိနရက္ခိတသည် အင်ဒိုနီးရှားနိုင်ငံသားဖြစ်၍ ပထမဦးဆုံး ရဟန်း ပြုခဲ့သူလည်းဖြစ်ပေသည်။ ထိုသို့ မဟာစည်ဆရာတော်နှင့် အရှင် ဇိနရက္ခိတတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် အင်ဒိုနီးရှားနိုင်ငံ၌ ဗုဒ္ဓမြတ်စွာ၏ စစ်မှန်တိကျသော တရားတော်များ စတင် ရောက် ရှိလာခဲ့ပေပြီ။

မဟာစည်ဆရာတော်နှင့် ကမ္ဘောဒီးယားနိုင်ငံ သံဃ ရာဇာအမှူးပြုသော သံဃာတော်(၁၄)ပါးသည် အင်ဒိုနီးရှား နိုင်ငံ၌ ရှိနေစဉ်တွင် (SEMARANG) ဆီမာရန်မြို့အနီး (၁၀)မိုင်ခန့်အကွာ ဗုဒ္ဓဇယန္တီဝိဟာရမှာ သိမ်သမုတ်ပေးခြင်း၊

အင်ဒိုနီးရှားနိုင်ငံသား (၂)ဦးအား ရဟန်းခံပေးခြင်း၊ အခြား(၂)ဦး တို့အား ရှင်သာမဏေပြုပေးခြင်း၊ တရားပွဲများ ကျင်းပခြင်း စသည်ဖြင့် ထေရဝါဒသာသနာအုတ်မြစ်ကို စတင်ချနိုင်ခဲ့သည်။ ထို (၁၄)ပါးသော သာသနာပြုအဖွဲ့၌ သီရိလင်္ကာနိုင်ငံမှ ဆရာတော် အရှင်နာရဒမထေရ်သည် မဟာစည်ဆရာတော် အင်ဒိုနီးရှားနိုင်ငံသို့ မရောက်ခင်ကတည်းကပင် အင်ဒိုနီးရှား နိုင်ငံသို့ အကြိမ်ကြိမ်ကြွရောက်၍ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားစေရန် ကြိုးပမ်းအားထုတ်တော်မူခဲ့ဘူးသည်။ မဟာစည် ဆရာတော်နှင့် ကမ္ဘောဒီးယားနိုင်ငံ သံဃရာဇာအမှူးပြုသော အင်ဒိုနီးရှားနိုင်ငံ သာသနာပြုအဖွဲ့၏ခရီးစဉ်၌ အရှင်နာရဒ မထေရ်သည် အဓိကပါဝင် ကူညီပံ့ပိုးပေးခဲ့ပြီး သာသနာပြုတော် မူခဲ့သည်။ မဟာစည်ဆရာတော်သည် အင်ဒိုနီးရှားနိုင်ငံ၌ သာသနာပြုတော်မူခဲ့ပြီးနောက် ၁၃၂၁-ခု၊ နယုန်လပြည့်ကျော် (၁၀)ရက် (၃၀-၆-၁၉၅၉) အင်္ဂါနေ့တွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိခဲ့သည်။

မဟာစည်ဆရာတော်နှင့် ကမ္ဘောဒီးယားနိုင်ငံ သံဃ ရာဇာအမှူးပြုသော သံဃာတော်(၁၄)ပါးတို့ စတင်၍ အုတ်မြစ် ချခဲ့သော ထေရဝါဒဗုဒ္ဓသာသနာတော်သည် တဖြည်းဖြည်းနှင့် ပြန့်ပွားလာခဲ့သည်။ ထို့နောက် ထိုင်းနိုင်ငံမှ ထေရဝါဒ သံဃာ တော်များကလည်း အင်ဒိုနီးရှားနိုင်ငံသို့ ကြွရောက်၍ သာသနာ

ပြုခဲ့ကြသည်။ ယခုအခါ အင်ဒိုနီးရှားနိုင်ငံ၌ ဗုဒ္ဓသာသနာတော်သည် ပွင့်လင်းလာပြီဖြစ်ရာ သံဃာတော်အပါး (၅၀)ကျော် ရှိနေပြီဖြစ်သည်။ ထေရဝါဒဒေ့ဆင့်မြင့် သင်ကြားရေး ဗုဒ္ဓကောလိပ် ၈-ခုရှိသည်ဟုလည်း သိရသည်။

## အင်ဒိုနီးရှားနိုင်ငံ ထေရဝါဒသာသနာနှင့် ဘဒ္ဒန္တကုမာရဆရာတော်

မြန်မာနိုင်ငံမှ မဟာစည်ဆရာတော်ဘုရားကြီးသည် အင်ဒိုနီးရှားနိုင်ငံ၌ ထေရဝါဒသာသနာ့အုတ်ဖြစ်၊ ထေရဝါဒသာသနာ့မျိုးစေ့ ချခဲ့သည့်နည်းတူ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီး ဘဒ္ဒန္တကုမာရသည်လည်း ၁၃၆၅-ခု၊ နတ်တော်လဆန်း (၁၄)ရက် (၇-၁၂-၂၀၀၃) နေ့က အင်ဒိုနီးရှားနိုင်ငံ ဂျားဗားကျွန်းအရှေ့ပိုင်း' မာလန်ခရိုင်၊ ဘတုမြို့မှာ ဉာဏ်တော်(၇၂)ပေရှိ ရွှေတိဂုံပုံတူစေတီတော် ဖွင့်ပွဲနှင့် ဗုဒ္ဓတက္ကသိုလ်အုတ်မြစ်စီမင်္ဂလာ အခမ်းအနားသို့ မြန်မာနိုင်ငံမှ ဆရာတော်များအဖွဲ့ကို ဦးဆောင်ပြီး ကြွရောက်တော်မူ၍ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားစေရန် သာသနာပြုတော်မူခဲ့သည်။ ယခု ဒုတိယအကြိမ်မြောက်လည်း ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးသည် ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားစေရန် ရည်သန်တော်မူ၍ အင်ဒိုနီးရှားနိုင်ငံ၊ ဆုမတြာကျွန်း၊ ဘရာစတာဂီမြို့၌

ရွှေတိဂုံပုံတူစေတီတော် အုတ်မြစ်စီမင်္ဂလာအခမ်းအနားနှင့် ဂျားဗားကျွန်း အရှေ့ပိုင်း၊ ထရဝပ်မြို့၌ ကျိုက်ထီးရိုးပုံတူစေတီ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူလာခဲ့ပြန်ပါသည်။ ဆရာတော်ဘုရားကြီးသည် မိမိ၏ အသက်အရွယ်ကိုပင် ငဲ့ညှာတော်မမူပဲ အင်ဒိုနီးရှားနိုင်ငံသို့ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားစေရန် အားထုတ်ကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ပေါ်၌ ထားရှိသော ဗုဒ္ဓမြတ်စွာ၏ ထေရဝါဒသာသနာတော်ကို ပြန့်ပွားစေလိုသော ဆရာတော်ဘုရားကြီး၏ ထက်သန်သော သာသနာပြုစိတ်ဓာတ်ကား အံ့သြကြည်ညိုဖွယ်ရာပင် ဖြစ်ပေသည်။ ဆရာတော်ဘုရားကြီးသည် ယခုလို အင်ဒိုနီးရှား နိုင်ငံတွင်သာမက အမေရိကန်၊ ဂျပန်၊ တောင်ကိုရီးယား၊ လာအို၊ သီရိလင်္ကာ၊ အိန္ဒိယ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ် စသော နိုင်ငံများသို့ အကြိမ်ကြိမ်ကြွရောက်၍ ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားစေရန် အားထုတ်ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ပါသည်။

## ဥက္ကဋ္ဌဆရာတော်ကြီး၏ ပြည်ပနိုင်ငံသာသနာပြုခရီးစဉ်များ

### ၁။ လာအိုနိုင်ငံ (ပထမအကြိမ်) သာသနာပြုခရီး

၁၃၅၃-ခု၊ ပထမဝါဆိုလဆန်း(၉)ရက် (၂၀-၆-၉၁)မှ ပထမဝါဆိုလဆန်း(၁၄)ရက် (၂၅-၆-၉၁)ထိ လာအို

နိုင်ငံသို့ကြွရောက်သော နှစ်နိုင်ငံ သာသနာ့ ချစ်ကြည်ရေး အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါပြီး လာအို သံဃသမဂ္ဂ ဥက္ကဋ္ဌဆရာတော်နှင့် တွေ့ဆုံ၍လည်းကောင်း၊ ဝပ်အွန်တု မဟာဝိဟာရ သံဃာ့တက္ကသိုလ် ဗုဒ္ဓဘာသာအဖွဲ့နှင့် တွေ့ဆုံ၍လည်းကောင်း၊ လာအိုသမ္မတကြီးနှင့် တွေ့ဆုံ ၍လည်းကောင်း နှစ်နိုင်ငံ သာသနာချစ်ကြည်ရေး ဆွေးနွေးတော်မူခဲ့ပါသည်။

**၂၈ သီရိလင်္ကာနိုင်ငံ(ပထမအကြိမ်) သာသနာပြုခရီး**

၁၃၅၆-ခု၊ နတ်တော်လဆန်း(၁၁)ရက် (၁၃-၁၂-၉၄)မှ နတ်တော်လဆုတ်(၈)ရက် (၂၅-၁၂-၉၄)ထိ သီရိလင်္ကာ နိုင်ငံသို့ ကြွရောက်၍ သီရိလင်္ကာသမ္မတ ကုမာရတွန်ဂါ၊ ဝန်ကြီးချုပ် ဘန္ဒရာနာယကေ၊ နိုင်ငံခြားရေးဝန်ကြီး၊ သာသနာရေးဝန်ကြီးများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ သာသနာ ချစ်ကြည်ရေး ဆွေးနွေးခဲ့ပါသည်။ ထို့နောက် သီရိလင်္ကာ နိုင်ငံ၌ ထင်ရှားကျော်ကြားသော အမရပူရဂိုဏ်း၊ ရာမည ဂိုဏ်း၊ သျှာမဂိုဏ်းဟူသော ဂိုဏ်းကြီး (၃)ဂိုဏ်းနှင့် မဟာဗောဓိအသင်းတိုက်များသို့ ကြွရောက်၍လည်း နှစ်နိုင်ငံ သာသနာရေးကိစ္စများ ဆွေးနွေးတော်မူခဲ့ သည်။

## ၃။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ (ပထမအကြိမ်) သာသနာပြုခရီး

၁၃၅၃-ခု၊ ပြာဆိုလဆန်း(၁)ရက် (၂၁-၁၂-၉၅)မှ ပြာသိုလဆန်း(၈)ရက် (၂၈-၁၂-၉၅)ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘန္ဒရဘာခရိုင်၊ ရွာတော်မြို့၊ ပညာပဿနာရာမကျောင်းတိုက် ဆရာတော် အရှင်ပညာဇောတ၏ ပင့်ဖိတ်ချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကြွရောက်၍ အရှင်ပညာဇောတ၏ သာသနာပြုအဖွဲ့က ကျင်းပသော ရှင်(၁၀၀)ကျော် ရှင်ပြုပွဲ၊ ပဉ္စင်းလောင်း(၃၇)ပါး ရဟန်းခံပွဲ၊ အမျိုးသမီး(၅၀)ကျော် သီလရှင်ဝတ်ပွဲနှင့် စေတီတော်အုတ်မြစ်စီပွဲတို့ကို ဦးဆောင်ဦးရွက်ပြု၍ လည်းကောင်း၊ စစ်တကောင်းမြို့၊ ရွာတော်မြို့၊ ဒါကာမြို့၊ ကောက်စ်ဘဇားမြို့၊ ကူမီလာခရိုင် စသည်တို့၌ တရားပွဲများပြုလုပ်၍လည်းကောင်း ထေရဝါဒသာသနာပြန့်ပွားရန်ဆောင်ရွက်တော်မူခဲ့ပါသည်။

## ၄။ မလေးရှားနိုင်ငံ (ပီနန်)သာသနာပြုခရီး

၁၃၅၈-ခု၊ နယုန်လဆန်း(၉)ရက် (၂၅-၅-၉၆)မှ နယုန်လဆုတ်(၂)ရက် (၂-၆-၉၆)ထိ မလေးရှားနိုင်ငံ၊ ပီနန်မြို့၊ ဓမ္မိကာရာမကျောင်းတိုက်အတွင်းရှိ သိမ်ကျောင်းတော်ကြီး

ဖွင့်ပွဲနှင့်ရေစက်ချပွဲ၊ ရုပ်တော်မူရုပ်ပွားတော်ကြီးနှင့် ဆင်းတုတော်များ အနေကဇာတင်ပွဲ၊ စေတီတော်ကြီး ထီးတော်တင်လှူပွဲနှင့် ပီနန်မြို့၊ ဗုဒ္ဓဘာသာကျောင်း ပေါင်းစုံ၊ အသင်းအဖွဲ့ပေါင်းစုံတို့၏ ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဝိသာခါပွဲတော်သို့ တက်ရောက်၍ အားပေး ချီးမြှောက်တော်မူခဲ့သည်။

၅။ **ဘင်္ဂလားဒေ့ရှ်နိုင်ငံ(ဒုတိယအကြိမ်) သာသနာပြုခရီး**

၁၃၅၈-ခု၊ ပြာသိုလဆန်း(၂)ရက် (၁၀-၁-၉၇)မှ ပြာသို လဆန်း(၉)ရက် (၁၇-၁-၉၇)ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘန္ဒရဘာခရိုင်၊ ရွာတော်မြို့၌ ဒုတိယအကြိမ် ကြွရောက် ၍ ပဥ္စင်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲများကို ဦးဆောင် ပြုလုပ်၍ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားစေရန် အားထုတ် ဆောင်ရွက်တော်မူခဲ့ပါသည်။

၆။ **လာအိုနိုင်ငံ (ဒုတိယအကြိမ်) သာသနာပြုခရီး**

၁၃၅၈-ခု၊ တပို့တွဲလဆုတ်(၁)ရက် (၂၃-၂-၉၇)မှ တပို့တွဲလဆုတ်(၆)ရက် (၂၈-၂-၉၇)ထိ လာအိုနိုင်ငံ၊ လာအိုဖရန့် (ခေါ်) နေရှင်နယ်ကွန်ဖက်ဒရေးရှင်း၏ ဖိတ်ကြားချက်အရ လာအိုနိုင်ငံသို့ ကြွရောက်၍ လာအို

နိုင်ငံ သံဃသမဂ္ဂနှင့်လည်းကောင်း၊ လာအိုဖရန့်ဥက္ကဋ္ဌ နှင့်လည်းကောင်း နှစ်နိုင်ငံချစ်ကြည်ရေးနှင့် သာသနာရေး ကိစ္စများ ဆွေးနွေးတော်မူခဲ့ပါသည်။

၇။ **တောင်ကိုရီးယားနိုင်ငံ(ပထမအကြိမ်) သာသနာပြုခရီး**

၁၃၅၉-ခု ဦးတန်ဆူးလဆန်း(၁၀)ရက် (နှစ်ဆန်းတစ်ရက်) (၁၇-၄-၉၇)မှ တန်ခူးလပြည့်ကျော် (၁)ရက် (၂၃-၄-၉၇)ထိ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကိုရီးယား ဗုဒ္ဓဘာသာ ချွန်တေးဂိုဏ်းအဖွဲ့ အတွင်းရေးမှူး ဂျွန်ဝမ်ဒုက် (JEON WOON DUK)၏ ပင့်လျှောက် ချက်အရ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ ကြွရောက်၍ ဖူဆန်မြို့၊ ဆမ်ကွမ်းကျောင်း၌ ကျင်းပသော စေတီတော်ဖွင့်ပွဲ၊ ဘုရားဝတ်ပြုပွဲ၊ ဆုတောင်းပွဲသို့ တက်ရောက်ချီးမြှင့်တော်မူသည်။ ထိုအခမ်းအနား၌ တရုတ်၊ ဂျပန်နိုင်ငံတို့မှ ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ များ၊ ကိုရီးယားဗုဒ္ဓဘာသာဂိုဏ်းပေါင်းစုံမှ အကြီးအကဲ များ အပါအဝင် ပရိသတ် (၁)သိန်းကျော်တက်ရောက်၍ ဥက္ကဋ္ဌဆရာတော်ကြီးသည် စေတီတော် တည်ထားရခြင်း၏ အကျိုးကြီးကျယ်ပုံ စသည်တို့ကို ဟောပြရာ ပရိသတ် များ၏ အလွန်သဘောကျနှစ်သက်မှုကို ခံယူခဲ့ရပါသည်။

၈။ **သီရိလင်္ကာနိုင်ငံ(ဒုတိယအကြိမ်) သာသနာပြုခရီး**

၁၃၅၉-ခု၊ နယုန်လဆုတ်(၁၃)ရက်(၃-၇-၉၇)မှ ဝါဆို လဆန်း(၆)ရက် (၁၀-၇-၉၇)ထိ သီရိလင်္ကာနိုင်ငံ၊ ရာမညဂိုဏ်း၏ ပင့်လျှောက်ချက်အရ သီရိလင်္ကာနိုင်ငံသို့ ကြွရောက်တော်မူခဲ့သည်။ သီရိလင်္ကာနိုင်ငံ၊ ဂေါ့ဒ်မြို့၌ ကျင်းပသော ရာမညဂိုဏ်း၏ အပါး(၃၀၀)ကျော် ပဥ္စင်းခံပွဲသို့ ကြွရောက်၍ ချီးမြှောက်တော်မူခဲ့သည်။ သီရိလင်္ကာနိုင်ငံ သမ္မတကြီးနှင့် ဝန်ကြီးချုပ်၊ သာသနာရေးဝန်ကြီးတို့နှင့်လည်းကောင်း တွေ့ဆုံ၍ သာသနာရေးကိစ္စများ ဆွေးနွေးခဲ့သည်။

၉။ **အိန္ဒိယနိုင်ငံ(မွန်ဘိုင်း၊ အီဂတ်ပူရီ) သာသနာပြုခရီး**

၁၃၅၉-ခု၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက် (၂၄-၁၀-၉၇)မှ သီတင်းကျွတ်လပြည့်ကျော်(၁၂)ရက် (၂၈-၁၀-၉၇)ထိ အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့(ဘုံဘေ) ဝိပဿနာတရားပြဆရာကြီး ဦးဂိုအင်ကာ၏ ပင့်လျှောက်ချက်အရ အိန္ဒိယနိုင်ငံသို့ ကြွရောက်တော်မူခဲ့သည်။ အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့၏ တစ်ဖက်ကမ်း ဂိုရေးဒေသ၊ ဗုဒ္ဓဒီပကျွန်းကြီးပေါ်၌ တည်ထားကိုးကွယ်မည့် ဉာဏ်တော်

(၃၂၅)ပေရှိ ရွှေတိဂုံပုံတူစေတီတော်ကြီး အုတ်မြစ်တော်စီ၊ ဌာပနာသွင်း မင်္ဂလာအခမ်းအနားသို့ ကြွရောက်တော်မူခဲ့သည်။ ဆရာကြီး ဦးဂိုအင်ကာ၏ အီဂတ်ပူရီမြို့ရှိ ဓမ္မဂီရိဝိပဿနာဌာနချုပ်၌လည်း မြန်မာဆရာတော်များ၊ ဧည့်သည်တော်များနှင့် ဆရာကြီး ဦးဂိုအင်ကာတို့၏ တရားဆွေးနွေးပွဲများ ပြုလုပ်တော်မူခဲ့ပါသည်။

## ၁၀။ အင်္ဂလန်နိုင်ငံ (ဘာမင်ဂမ်) သာသနာပြုခရီး

၁၃၆၀-ခု၊ နယုန်လဆုတ်(၁၂)ရက် (၂၁-၆-၉၈)မှ ဝါဆိုလဆန်း(၈)ရက် (၁-၇-၉၈)ထိ အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့၊ ဗုဒ္ဓဝိဟာရကျောင်းဆရာတော် ဒေါက်တာရေဝတ၏ ပင့်ဖိတ်ချက်အရ အင်္ဂလန်နိုင်ငံသို့ ကြွရောက်ခဲ့ပါသည်။ အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့၌ သာသနာ့ဝေပုလ္လ သိမ်တော်ကြီး သိမ်သမုတ်ပွဲ၊ ဓမ္မတဋ္ဌာကစေတီတော်ဖွင့်ပွဲနှင့် ဗုဒ္ဓဘာသာ၊ ခရစ်စယန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာ၊ ဂျူးဘာသာ၊ ဆစ်ခ်ဘာသာတို့၏ စုပေါင်းဆွေးနွေးပွဲသို့ ကြွရောက်တော်မူခဲ့ပါသည်။ ထို့အပြင် ပရိသတ်များအားလည်း တရားဓမ္မဟောပြောခြင်းများ ပြုတော်မူခဲ့ပါသည်။

၁၁။ အမေရိကန်နိုင်ငံ(နယူးယောက်မြို့၊ ကမ္ဘာ့ကုလသမဂ္ဂ) သာသနာပြုခရီး

၁၃၆၂-ခု၊ ဝါခေါင်လပြည့်ကျော်(၁၁)ရက် (၂၅-၈-၂၀၀၀)၌ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့သို့ ကြွရောက်၍ (၂၈-၈-၂၀၀၀)နေ့ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံခန်းမ၌ ကျင်းပသော ကမ္ဘာ့ဘာသာရေးခေါင်းဆောင်များ၏ ထောင်စုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေး ထိပ်သီးညီလာခံသို့ တက်ရောက်ဟော်မူခဲ့သည်။ ဘဒ္ဒန္တကုမာရဆရာတော်ကြီးသည် ငြိမ်းချမ်းရေးတရားမိန့်ခွန်း ပြောကြားခဲ့ပါသည်။

၁၂။ တောင်ကိုရီးယားနိုင်ငံ (ဒုတိယအကြိမ်) သာသနာပြုခရီး

၁၃၆၂-ခု၊ တန်ဆောင်မုန်းလဆန်း(၈)ရက် (၃-၁၁-၂၀၀၀)နေ့တွင် ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကိုရီးယားဗုဒ္ဓဘာသာ၊ ချွန်တေးဂိုဏ်း၏ ပင့်ဖိတ်ချက်အရ ကိုရီးယားနိုင်ငံသို့ ကြွရောက်ခဲ့သည်။ ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဂျက်ချွန်းမြို့အနီး ချွန်တေးဂိုဏ်း၏ ဟူယင်စံကျောင်းတော်ကြီးဖွင့်ပွဲသို့ ကြွရောက်

၍ ချီးမြှင့်တော်မူခဲ့သည်။ ယင်းအခမ်းအနားသို့ ချွန်တေး ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီးနှင့် အကြီးအကဲများ၊ ပြည်ပအဖွဲ့ အစည်းများမှ ခေါင်းဆောင်များ၊ ကိုရီးယားနိုင်ငံမှ ဝန်ကြီးများ၊ လွှတ်တော်အမတ်များ တက်ရောက်ပြီး ပရိသတ် (၅၀၀၀၀)ခန့် တက်ရောက်ခဲ့ကြသည်။

## ၁၃။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ (တတိယအကြိမ်)သာသနာပြု ခရီး

၁၃၆၃-ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၉)ရက် (၉-၁၂-၂၀၀၁)မှ နတ်တော်လဆန်း(၁)ရက် (၁၆-၁၂-၂၀၀၁) ထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘန္ဒရဘာခရိုင်၊ ရွာတော်မြို့ သို့ ကြွရောက်၍ ပဋ္ဌာန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲများ ကျင်းပပြီးလျှင် မြန်မာသံဃာတော်များအား ဩဝါဒပေး ခြင်း၊ ရွာတော်မြို့နှင့် စစ်တကောင်းမြို့တို့၌ တရားဒေသနာ တော်များ ဟောပြောခြင်းတို့ဖြင့် သာသနာပြုတော်မူ ခဲ့သည်။

## ၁၄။ အင်ဒိုနီးရှားနိုင်ငံ (ပထမအကြိမ်) သာသနာပြုခရီး

၁၃၆၅-ခု၊ နတ်တော်လဆန်း(၇)ရက်(၃၀-၁၁-၂၀၀၃) မှ နတ်တော်လဆုတ်(၄)ရက် (၁၂-၁၂-၂၀၀၃)ထိ

စင်္ကာပူနိုင်ငံ၌နေသူ မြန်မာပြည်သား ဦးဝင်းဖေ၏ ပင့်ဖိတ်ချက်အရ အင်ဒိုနီးရှားနိုင်ငံ၊ မာလန်ခရိုင်၊ ဘတုမြို့၊ ရွှေတိဂုံပုံတူစေတီတော်ဖွင့်ပွဲနှင့် ဗုဒ္ဓတက္ကသိုလ် အုတ်မြစ်စီမင်္ဂလာအခမ်းအနားသို့ ကြွရောက်၍ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် အားပေးဆောင်ရွက်တော်မူခဲ့ပါသည်။

## ၁၅။ စင်္ကာပူနိုင်ငံ သာသနာပြုခရီး

၁၃၆၆-ခု၊ ကဆုန်လပြည့်ကျော်(၁၄)ရက် (၁၇-၅-၂၀၀၄)နေ့တွင် စင်္ကာပူနိုင်ငံ၊ ရွှေဘုရားကျောင်း ဆရာတော် ရှိဖာဇော့၏ ပင့်ဖိတ်ချက်အရ စင်္ကာပူနိုင်ငံသို့ ကြွရောက်၍ ဗုဒ္ဓဓာတ်တော် မွေတော် ရုပ်ပွားတော်များနှင့် ဗုဒ္ဓဘာသာဆိုင်ရာ ယဉ်ကျေးမှု ရှေးဟောင်းပစ္စည်းများပြပွဲသို့ တက်ရောက်အားပေးခဲ့ပါသည်။

## ၁၆။ ဂျပန်နိုင်ငံ သာသနာပြုခရီး

၁၃၆၆-ခု၊ ပထမဝါဆိုလဆန်း (၉)ရက် (၂၅-၆-၀၄)မှ ပထမဝါဆိုလဆန်း(၁၃)ရက် (၂၉-၆-၀၄)ထိ မိုနိုဘုရှု ဗုဒ္ဓဘာသာဂိုဏ်း၏ ပင့်ဖိတ်ချက်အရ သီတဂူဆရာတော် ဦးဉာဏိဿရ၊ တိပိဋကဓရ ရေစကြိုဆရာတော် ဦးဝါယမိန္ဒာဘိဝံသတို့ လိုက်ပါကြလျက် မိုနိုဘုရှု ဗုဒ္ဓ

ဘာသာဂိုဏ်း၏ ကမ္ဘာ့ဗုဒ္ဓဘာသာအဖွဲ့ ဌာနချုပ်၊ ဗုဒ္ဓ
တက္ကသိုလ်အဆောက်အအုံ အထွတ်တင်ပွဲသို့ တက်
ရောက် ချီးမြှောက်ခဲ့သည်။

ထိုကဲ့သို့ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးသည် ဗုဒ္ဓသာသနာတော် ပြန့်ပွားရေးအတွက် နေရာဒေသမရွေး သာသနာပြုကြွရောက်တော်မူခဲ့သည်။ ယခုအခါ၌လည်း ဥက္ကဋ္ဌဆရာတော်ဘုရားကြီးသည် အင်ဒိုနီးရှားနိုင်ငံ ရွှေတိဂုံပုံတူစေတီ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့ ကိုယ်တော်တိုင် ကြွရောက်တော်မူလာသည့်အတွက် MR. TONARIODJO ANGKASAနှင့် အင်ဒိုနီးရှားမှ ဗုဒ္ဓဘာသာဝင်များကလည်း အားရဝမ်းသာ ဖြစ်နေကြသည်။ ထေရဝါဒသာသနာ့ထုံးစံအတိုင်း တည်ထားကိုးကွယ်မည့် ရွှေတိဂုံပုံတူစေတီ အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား၌ မြန်မာနိုင်ငံမှ ထေရဝါဒသာသနာပိုင် ဆရာတော်ဘုရားကြီး ကိုယ်တိုင်ကြွရောက်လာပြီး ချီးမြှင့်တာဟာ တကယ်အနှစ်သာရရှိပြီး ပိုပြီးလည်း အဓိပ္ပာယ်ရှိတယ်လို့ အားရဝမ်းသာပြောပြကြသည်။

အင်ဒိုနီးရှားမှ ဗုဒ္ဓဘာသာဝင်များသည် ရှေးအစဉ်အလာအရ မဟာယာနဗုဒ္ဓဘာသာများ ဖြစ်ကြသော်လည်း မြတ်ဗုဒ္ဓ၏ သာသနာ့အစစ်အမှန်သည် ထေရဝါဒဗုဒ္ဓသာသနာမှာသာ

ရှိသည်ကို သူတို့ နားလည်လက်ခံကြသည်။ တံငါနားနီး၍ တံငါ, မုဆိုးနားနီး၍ မုဆိုး ဖြစ်နေရသော်လည်း ထေရဝါဒဗုဒ္ဓသာသနာနှင့်နီးလျှင် ထေရဝါဒဗုဒ္ဓဘာသာ ဖြစ်မည့်သူများ ဖြစ်ကြသည်။ ထို့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာ သာသနာပြန့်ပွားစေရန် သာသနာပြု ပုဂ္ဂိုလ်အများအပြား လိုအပ်လှပေသည်။ ထိုင်းနိုင်ငံသို့ သွားရောက်၍ ဗုဒ္ဓစာပေများကို သင်ယူပြီး ပြန်လာသော ဒေသခံ ရဟန်းသံဃာတော်များကလည်း ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားစေရန် အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပေသည်။ မိမိတို့ မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၌လည်း အင်ဒိုနီးရှားနိုင်ငံမှ သံဃာတော်များ လာရောက်၍ ပညာသင်ကြားလျက်ရှိကြသည်။

ထေရဝါဒဗုဒ္ဓသာသနာပြု ဦးဝင်းဖေ၏ ကြိုးပမ်းအားထုတ်မှုများကြောင့်လည်း ရွှေတိဂုံပုံတူနှင့် ကျိုက်ထီးရိုးပုံတူစေတီများ သာမက ဂျားဗားကျွန်း၊ (KEDIRI) ကေဒီရီမြို့အနီး ၃-ဧကခွဲ အကျယ်ရှိ မြေနေရာ၌ ၂၂-ပေရှိ ထိုင်တော်မူကျောက်ဆင်းတု ဗုဒ္ဓရုပ်ပွားတော်ကြီး တစ်ဆူ ပူဇော်ထားရှိမည်ဖြစ်သည်။ ၎င်းနေရာ၌ မြေသန့်မင်္ဂလာပြုလုပ်ပြီးဖြစ်သည်။ ယင်းဗုဒ္ဓရုပ်ပွားတော်ကြီးကို ယခုအခါ မြန်မာနိုင်ငံ၊ မတ္တရာမြို့နယ်အတွင်းရှိ စကျင်တောင်၌ ထုလုပ်နေပြီဖြစ်သည်။ မြေနေရာနှင့် ဘုရားဒါယကာမှာ

(KEDIRI) ကေဒီရီမြို့မှ MR. PINTERO UTOMO နှင့် ဇနီး MRS.EBU LILI မိသားစုတို့ ဖြစ်သည်။ ထို့အပြင် ဂျားဗား ကျွန်း၊ (BLITAR)ဘလီတာမြို့၌လည်း မြန်မာနိုင်ငံ၊ ပုဂံဒေသမှ ဗူးဘုရားပုံစံနှင့်ပုံတူ စေတီတစ်ဆူ တည်ထားကိုးကွယ်မည်ဖြစ် သည်။ ဘုရားဒါယကာများမှာ (BLITAR) ဘလီတာမြို့မှ MR. ARIFIN နှင့် မိသားစုတို့ ဖြစ်သည်။ ၎င်းမိသားစုသည် ယခု တည်ထား ကိုးကွယ်မည့် ရွှေတိဂုံပုံတူစေတီ၌လည်း ရွှေစင် ၃၅/-ကျပ်သား ပါဝင်လှူဒါန်းခဲ့သော သူများဖြစ်ကြသည်။

ထိုကဲ့သို့ ထေရဝါဒပုံစံအတိုင်း ရွှေတိဂုံပုံတူစေတီ တည် ထားကိုးကွယ်နိုင်ခဲ့ခြင်းကြောင့်လည်းကောင်း၊ ရွှေတိဂုံပုံတူ စေတီတော် အုတ်မြစ်စိမင်္ဂလာအခမ်းအနားသို့ တခဲနက်လာရောက် ကြသော ဗုဒ္ဓဘာသာဝင် ပရိသတ်များကို မြင်ရခြင်းအားဖြင့် လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ ထေရဝါဒသံဃာတော်များ၏ ကြိုးပမ်းအားထုတ်မှုကြောင့်လည်းကောင်း၊ မြန်မာပြည်မှ ဆရာ တော်ကြီးများနှင့် အင်ဒိုနီးရှားနိုင်ငံနှင့် မြန်မာနိုင်ငံ စသည်တို့မှ ဗုဒ္ဓဘာသာဝင်အပေါင်းတို့၏ ကြိုးပမ်းအားထုတ်မှုများကြောင့် လည်းကောင်း နောင်မဝေးလှသော အနာဂတ်ကာလ၌ မြတ်ဗုဒ္ဓ၏ ထေရဝါဒသာသနာတော်မြတ်ကြီးသည် အင်ဒိုနီးရှားနိုင်ငံ၌ စည်ပင်ပြန့်ပွားထွန်းကားလာတော့မည်ဟု ယုံကြည်မိပေသည်။

ရှေးယခင်က အင်ဒိုနီးရှားနိုင်ငံ၌ မဟာယာနဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပခဲ့သလို မဟာစည် ဆရာတော်ကြီး စတင်၍ မျိုးစေ့ချပေးခဲ့သော စစ်မှန်သော ထေရဝါဒ ဗုဒ္ဓသာသနာတော် မြတ်ကြီးသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ထွန်းလင်း တောက်ပပါစေဟု ဆုတောင်းလိုက်ရပေတော့သည်။

## ၂၀-၃-၂၀၀၇
## JAKARTA ဂျကာတာသို့

နံနက် (၅)နာရီတွင် အသင့်ကြိုနေသော ကားများဖြင့် ဟိုတယ်မှ မီဒန်လေဆိပ်သို့ သွားကြသည်။ ဟိုတယ်မှ လေဆိပ် သို့ (၁၀)မိနစ်ခန့် ကားမောင်းရသည်။ လေဆိပ်မှာ စားရန် ဟိုတယ်မှ ထမင်းကြော်ထုပ်များကို တစ်ခါသုံး ဖော့ဘူးများဖြင့် ထည့်ပေးလိုက်သည်။ နံနက်(၅)နာရီ လေဆိပ်ဆင်းရမည်ဖြစ်၍ ညကပင် ထမင်းကြော်ထုပ်များ မှာထားခြင်းဖြစ်သည်။ လေဆိပ် မှာ မိမိသည် ထမင်းကြော်မစားဖြစ်၊ ဥက္ကဋ္ဌဆရာတော်ကြီးမှာ အနည်းငယ်ဘုဉ်းပေးသည်။ နံနက်အစောကြီးဖြစ်သော်လည်း လေဆိပ်မှာ ခရီးသွားများဖြင့် ပြည့်နေပါသည်။ ဥက္ကဋ္ဌဆရာတော် ကြီးနှင့်အဖွဲ့သည် လေဆိပ်မှာ အတန်ကြာစောင့်နေရပြီး (၆)နာရီ (၄၅)မိနစ်အချိန်တွင် GARUDA AIR LINE လေယာဉ်ဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော်၊ ဂျကာတာမြို့သို့

စတင်ပျံသန်းပါသည်။ လေယာဉ်ပေါ်မှ နံနက်စာအဖြစ် မုန့်နှင့် ကော်ဖီတို့ကို ကျွေးမွေးပါသည်။ GARUDA AIR LINE လေယာဉ်သည် အင်ဒိုနီးရှားနိုင်ငံ၌ လေကြောင်းလိုင်းပေါင်း များစွာ ရှိသည့်အထဲမှ အကောင်းဆုံးလေကြောင်းလိုင်း ဖြစ်သည် ဟု သိရသည်။ မိမိသည် လေယာဉ်မှန်ပြူတင်းပေါက်မှနေ၍ အောက်သို့ငုံ့ကြည့်ရာ ဟိုတစ်စု သည်တစ်စု တည်ရှိနေသော ကျွန်းငယ်လေးများကို မြင်တွေ့ရသည်။ (၈း၄၅)မိနစ်အချိန် တွင် အင်ဒိုနီးရှားနိုင်ငံ၏မြို့တော် ဂျကာတာလေဆိပ်သို့ ရောက်ရှိ သည်။ ဆုမတြာကျွန်း၊ မီဒန်မြို့မှ ဂျားဗားကျွန်း၊ ဂျကာတာ မြို့တော်သို့ (၂)နာရီကြာ စီးရသည်။ မိမိတို့ လေယာဉ် ပေါ်မှာ ယမန်နေ့က ရွှေတိဂုံပုံတူ အုတ်မြစ်စီမင်္ဂလာအခမ်း အနားသို့ တက်ရောက်ခဲ့သော မြန်မာသံအမတ်ကြီး ဦးခင်ဇော်ဝင်းလည်း လိုက်ပါလာခဲ့သည်။ ဥက္ကဋ္ဌဆရာတော်ကြီးနှင့်အဖွဲ့ လေဆိပ် ရောက်သောအခါ မြန်မာသံရုံးဝန်ထမ်းများ နှင့် သံရုံးမိသားစု တို့က လာရောက်ကြိုဆိုနေကြပါသည်။

ဥက္ကဋ္ဌဆရာတော်ကြီးနှင့် ကလေးဝတောရဆရာတော်၊ ဦးသာသန၊ ဦးပညာသာရ၊ ဦကဥ္စန (စာရေးသူ) ဦးစိုင်းအောင် ထွန်း၊ ဒေါက်တာသက်ခိုင်ဝင်း တို့အဖွဲ့ကို အသင့်စောင့်နေသော

ဟားဖြင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်အတွင်းရှိ အရေးကြီး ပုဂ္ဂိုလ်များ နားနေဆောင်ခန်းမသို့ ပင့်ဆောင်သွားကြပါသည်။ ဂျကာတာလေဆိပ်သည် အလွန်ကြီးမားကျယ်ဝန်းသော လေဆိပ်ကြီးဖြစ်သည်။ လေဆိပ်မှာ ခမ်းခမ်းနားနား ရှိလှပါ သည်။ လေဆိပ်အတွင်း၌ စတိုးဆိုင်၊ စားသောက်ဆိုင်၊ လူသုံး ကုန်ပစ္စည်းအမျိုးမျိုး အရောင်းဆိုင် အများအပြားရှိသည်။ လေဆိပ်ကို ပြည်တွင်းလေဆိပ်၊ ပြည်ပလေဆိပ်ဟု နှစ်ပိုင်း ခွဲခြား ထားသည်။ ဂျကာတာလေဆိပ်တွင် တစ်နေ့လျှင် လေယာဉ် အစီး (၁၀၀၀)ခန့် အတက်/အဆင်း ရှိကြောင်း သိရသည်။ ပြည်ပလေကြောင်းလိုင်းများအနေဖြင့် ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်၊ ဆော်ဒီအာရေးဗီးယား၊ တရုတ်၊ ဂျပန်၊ တောင်ကိုရီး ယား စသော နိုင်ငံများရှိ မြို့ကြီးများသို့ တိုက်ရိုက်ပျံသန်းသည်။ ပြည်တွင်းလေကြောင်းလိုင်းအနေဖြင့်လည်း အင်ဒိုနီးရှားနိုင်ငံ သည် ကျွန်းစုများဖြင့် ဖွဲ့စည်းထားသော နိုင်ငံဖြစ်သည့် အလျောက် တစ်ကျွန်းနှင့်တစ်ကျွန်း ကူးလူးသွားလာ ဆက်သွယ် ရာတွင် လေကြောင်းသည် အဓိကကျသဖြင့် ပြည်တွင်းသွား လေယာဉ်များ အများအပြား ရှိသည်။ မိမိတို့ရောက်ရာ လေဆိပ် တိုင်းမှာပင် ပြည်တွင်း-ပြည်ပ ခရီးသွားများဖြင့် စည်ကားသည် ကို တွေ့ရသည်။

သာ-ပြုခရီးစဉ် (၈)

## မြန်မာပြည်အလွမ်း

ဥက္ကဋ္ဌဆရာတော်ကြီး ဦးဆောင်သောအဖွဲ့ကို ပြည်ပလေဆိပ်အတွင်းရှိ အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်ခန်းမသို့ ပင့်ဆောင်သွားကြသည်။ ကျန် မြန်မာအဖွဲ့များအားလုံး ပြည်တွင်းလေဆိပ်မှာဘဲ ကျန်ရစ်ခဲ့ကြသည်။ (၉)နာရီ အချိန်တွင် အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်ခန်းမထဲမှာပင် သံအမတ်ကြီး ဦးခင်ဇော်ဝင်းနှင့် သံရုံးမိသားစုတို့က အသင့်စီမံထားသော ဆွမ်း၊ ဆွမ်းဟင်းများကို ဆက်ကပ်ကြသည်။ ဟင်းအမယ်အားလုံး မြန်မာ့လက်ရာ၊ မြန်မာ့အစားအစာများချည်း ဖြစ်သည်။ သံရုံးမိသားစုကိုယ်တိုင် ချက်ပြုတ်ထားခြင်းဖြစ်သည်။ ယမန်နေ့က အင်ဒိုနီးရှား အစားအစာများသာ စားရသဖြင့် အဆင်မပြေခဲ့။ ယခုအခါ မြန်မာ့လက်ရာ မြန်မာ့ထမင်းဟင်းများ စားရသည့်အခါမှ အဆင်ပြေတော့သည်။ မြန်မာပြည် ပြန်ရောက်နေသလားပင် မှတ်ထင်ရသည်။ မြန်မာပြည်ကိုပင် ပြန်လည်သတိရနေမိသည်။

## ဆွေမျိုးရင်းချာတွေလို

ဆွမ်းစားပြီးနောက် (၁၀)နာရီတွင် ဥက္ကဋ္ဌဆရာတော်ကြီးသည် ဦးစိုင်းအောင်ထွန်း၊ ဦးဝင်းဖေတို့ လိုက်ပါလျက်

(SURABAYA) ဆူရာဘာယားမြို့သို့ လေယာဉ်ဖြင့် ထွက်ခွာသွားကြပါသည်။ ကျိုက်ထီးရိုးပုံတူစေတီ တည်ထားရန် ကြွရောက်ခြင်းဖြစ်သည်။ အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်ခန်းမထဲမှာ ကလေးဝတောရဆရာတော် ဦးသာသန၊ ဦးကဥ္စန (စာရေးသူ)၊ ဦးပညာသာရတို့ ကျန်ရစ်ခဲ့ကြသည်။ မိမိတို့အဖွဲ့မှာ (JOGJAKARTA) ဂျော့ဂျကာတာမြို့သို့ ဆက်လက်သွားရမည်ဖြစ်သည်။ မိမိတို့ စီးရမည့်လေယာဉ်မှာ (၁၁)နာရီမှ ထွက်မည်ဖြစ်သဖြင့် စောင့်နေရင်း သံရုံးမိသားစုများနှင့် ရင်းရင်းနှီးနှီး စကားပြောဖြစ်ကြသည်။ ကွဲကွာနေသော ဆွေမျိုးများ ပြန်လည်ဆုံတွေ့ကြသည့်အလား အားရဝမ်းသာ ဖြစ်ကြရသည်။ သံမှူးကြီး ဦးကြည်မောင်ဦးနှင့် ဇနီး ဒေါ်ခိုင်မူမူ၊ သမီးမကြည်စုမွန် တို့မှာ မိမိတို့ မကွေးဇာတိဖြစ်နေသဖြင့် တကယ့်ဆွေမျိုးများ တွေ့ရှိရသလိုပင် ဖြစ်သည်။ ဒေါ်ခိုင်မူမူ၏ မိဘများမှာ ဥက္ကဌဆရာတော်ကြီး၏ ဒါယကာရင်းများ ဖြစ်ကြသည်။ သံအမတ်ကြီးဦးခင်ဇော်ဝင်းနှင့် သံရုံးမိသားစုများမှာ အားလုံးသဘောကောင်းကြပြီး လိုက်လိုက်လဲ့လဲ့ ပျူပျူငှာငှာ ရှိကြပါသည်။ မြန်မာပြည်မှ ဆရာတော်များကို ဖူးတွေ့ရသဖြင့် လည်း အားလုံး ကြည်နူးဝမ်းသာနေကြသည်။

## ဂျားဗားကျွန်း၏ ယဉ်ကျေးမှုမြို့တော်သို့

(၁၁)နာရီတွင် ကလေးဝတောရ ဆရာတော်ကြီး ဦးဆောင်သော ဦးသာသန၊ ဦးကဥ္စန (စာရေးသူ)၊ ဦးပညာသာရ နှင့် ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်တွင်းလေဆိပ်၌ ကျန်ရစ်ခဲ့ ကြသော ဦးတင်စန်းမြင့်၊ ဦးစန်းကြည်၊ ဒေါ်ကောက်ပို့၊ ဒေါ်ခင်ဌေးကြည်၊ ပန်းတစ်ပွင့်တောင်ဆရာတော် ဦးပညာသာရ ၏ ဒါယကာများဖြစ်ကြသော ဦးဇော်ဝင်း+ဒေါ်စိန်ဝင်းမေ (စက်ဘာပူ၌နေထိုင်သူ)၊ ဒေါ်စိန်မြင့်၊ ဦးသန်းညွှန့်၊ မမော်တို့နှင့် မိမိတို့ဘုန်းကြီး(၄)ပါး အပါအဝင် (၁၄)ယောက်တို့သည် GARUDA AIR LINE လေယာဉ်ဖြင့် ဂျော့ဂျကာတာမြို့သို့ ဆက်လက်ထွက်ခွာကြရာ (၁၂)နာရီခန့် အချိန်တွင် ဂျော့ဂျကာတာ လေဆိပ်သို့ဆိုက်ရောက်ကြပါသည်။ လေယာဉ် ပေါ်မှ ဆင်းလိုက်သည်နှင့် ယင်းဒေသ၏ နေအပူဒဏ်ကို စတင်တွေ့ထိ ခံစားရသည်။ ဂျော့ဂျကာတာ လေဆိပ်သည် အတော်အသင့်ကောင်းမွန်သော လေဆိပ်တစ်ခု ဖြစ်ပြီး ခရီးသည် အများအပြားကို မြင်တွေ့ရသည်။ စင်စစ်အားဖြင့် ဂျော့ဂျကာတာ လေဆိပ်သည်လည်း ကမ္ဘာလှည့်ခရီးသွား အများအပြား အဝင်-အထွက်များသော လေဆိပ်တစ်ခု ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဂျော့ဂျကာတာမြို့သည်

ဂျားဗားကျွန်း၏ အလယ်ပိုင်း၌ တည်ရှိပြီး ဂျားဗားကျွန်း၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ စုဝေးတည်ရှိရာမြို့ ဖြစ်၍ ကမ္ဘာကျော် (BOROBUDUR) ဗောရောဗုဓောစေတီ တော်ကြီးနှင့် ဗုဒ္ဓဘာသာဘုရားကျောင်းများ၊ ဟိန္ဒူဘုရားကျောင်း များ၊ ရှေးဟောင်းနန်းတော်များစသော ယဉ်ကျေးမှု အမွေအနှစ် တို့၏ စုဝေးရာဒေသဖြစ်သောကြောင့် ကမ္ဘာလှည့်ခရီးသည်များ အဝင်-အထွက် များခြင်းဖြစ်ပေသည်။ ဂျော့ဂျကာတာ မြို့သည် အင်ဒိုနီးရှားနိုင်ငံ၏ နာမည်ကျော်ပါတိတ်အထည်များ ထွက်ရှိရာ ဒေသလည်းဖြစ်သည်။ မြို့အနေအထားမှာ ကောင်းမွန်ကျယ်ပြန့် သော လမ်းမကျယ်ကြီးများရှိ၍ သန့်ရှင်းသေသပ်လှပသော တိုက်တာအဆောက်အဦများစွာ ရှိရာ တိုးတက်စည်ကားသော မြို့တစ်မြို့ပင်ဖြစ်သည်။

## မီးတောင်များကြားမှ ကျွန်းနိုင်ငံ

မိမိတို့အဖွဲ့ကိုဆူရာဘာယာမြို့မှ MR.KARTONO နှင့် အဖော်တစ်ယောက်တို့ လေဆိပ်မှာ လာကြိုနေကြသည်။ လေဆိပ်မှ ထွက်ထွက်ချင်း MR.KARTONO စီစဉ်ထားသော AIRCON-BUS ဖြင့် ကမ္ဘာကျော် ဗောရောဗုဓောစေတီတော် ကြီး ရှိရာသို့ ဆက်လက်ထွက်ခွာခဲ့ကြပါသည်။ ဗောရောဗုဓော စေတီတော်ကြီးသည် ဂျော့ဂျကာတာမြို့၏ အနောက်

မြောက်ဖက်တွင် တည်ရှိပြီး ဂျော့ဂျကာတာမြို့နှင့် (၄၂)မိုင် ဝေးသည်။ ဂျော့ဂျကာတာမြို့၏ အရှေ့ယွန်းယွန်း (၁၀)မိုင်ခန့်ဝေးသောနေရာတွင် MOUNTMERAPI ခေါ်သော မီးတောင်ရှိပြီး ၎င်း၏မြောက်ဖက်တွင် MOUNT MERBABU ခေါ်သော မီးတောင်လည်းရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် မီးတောင်ပေါများသော နိုင်ငံဖြစ်ပြီး မီးတောင်ရှင် အနည်းဆုံး (၁၅၀)ခန့် ရှိသည်ဟု သိရသည်။ မီးတောင်မှ မှုတ်ထုတ်သော မီးခိုးပြာများ၊ ချော်ရည်များသည် လယ်ယာစိုက်ပျိုးမှုမှာ များစွာ အထောက်အကူ ပြုသည်ဟုလည်း သိရသည်။

## ဘာသာခြားတို့၏ ပုဒ္ဓဆင်းတုအရောင်းဆိုင်

မိမိတို့စီးလာသောကားသည် ဆက်လက်မောင်းနှင်လာရင်း MAGELANG ဒေသ၊ MUNTILAN ဆိုသော မြို့လေးသို့ ရောက်လာသည်။ MUNTILAN မြို့လေးသည် စည်စည်ကားကား သိပ်မရှိလှ။ သာမန်မြို့လေးမျှသာဖြစ်သည်။ ယင်းမြို့ထဲ ရောက်သည်နှင့် ဘုရားရုပ်ထုများ ရောင်းချသော ဆိုင်များကို မြင်တွေ့ရသည်။ ဘုရားရုပ်ထုများကို ဆိုင်ရှေ့မြေကြီး ပေါ်၌ ဖြစ်သလိုချထားပြီး ရောင်းနေသော ဆိုင်များကို မြင်တွေ့ရာ မိမိစိတ်ထဲမှာ အတော်စိတ်မကောင်းဖြစ်ရသည်။ အမှန်စင်စစ် ဈေးအရောင်းဆိုင်များမှာ မွတ်ဆလင် ဘာသာဝင်

များသာဖြစ်၍ ဗုဒ္ဓရုပ်တုတော်များကို ရောင်းကုန်ပစ္စည်း အဖြစ်သာ ရောင်းချနေခြင်း ဖြစ်ကြသည်။

မိမိတို့စီးလာသောကားသည် MUNTILAN မြို့ကို လွန်၍သွားသော် ဗောရောဗုဓော စေတီတော်ကြီးရှိရာသို့ ရောက်ရှိလာခဲ့တော့သည်။ (၁း၄၅) အချိန်ခန့် ရှိပေပြီ။ စေတီတော်ကြီးဝင်းအနီး ရောက်သော်လည်း သစ်ပင်များဖုံးအုပ် နေသဖြင့် စေတီတော်ကြီးကို မမြင်ရသေးပေ။ ဗောရောဗုဓော စေတီဆိုသော ဆိုင်းဘုတ်ကို စတင်မြင်လိုက်ရသည်နှင့် မိမိ စိတ်ထဲမှာ အလွန်ပဲ ဝမ်းသာရမိသည်။

## ဈေးသည်များ၏ ဈေးရောင်းပုံ

မိမိတို့စီးလာသောကားသည် စေတီတော်ကြီးဝင်း အတွင်းသို့ ရောက်သည်နှင့် စိတ်အနှောင့်အယှက် ဖြစ်စရာ ကြုံရတော့သည်။ မိမိတို့အဖွဲ့ ကားပေါ်မှ ဆင်းလာသည်နှင့် လက်ထဲမှာ ဗောရောဗုဓောစေတီပုံစံရုပ်တုလေးများနှင့် အမှတ်တရပစ္စည်းများ ကိုင်ထားသော ဈေးရောင်းသူများက ဇွတ်အတင်းလိုက်ရောင်းရာ အလွန်စိတ်ပျက်စရာ ကောင်းလှပေသည်။ မဝယ်ချင်ဘူးဆိုပြီး အမူအရာဖြင့် ပြသော်လည်းမရ။ ဇွတ်အတင်းလိုက်၍ ရောင်းမြဲပင်။ မိမိမှာ စေတီတော်ရုပ်တုများ ဝယ်ချင်သော်လည်း သူတို့၏ ဈေးရောင်းပုံကို ကြည့်ပြီး မဝယ်

ရဲတော့။ မိမိမှာ ဈေးရောင်းသူများကို ဂရုစိုက်နေရသဖြင့် ပတ်ဝန်းကျင် အနေအထားကိုပင် လွတ်လပ်စွာ လေ့လာခွင့်မရ။ နဂိုက ဝမ်းသာကြည်နူးလာခဲ့သော စိတ်များပင် ပျောက်သွားရတော့သည်။

## စိတ်ကူးယဉ်အိပ်မက်မှသည် လက်တွေ့အမှန်တကယ်ဆီ

မိမိတို့အဖွဲ့သည် ဗောရောဗုဓောစေတီတော်ကြီး ဖူးမြော်ခွင့်ရရန် စေတီတော်ထိန်းသိမ်းစောင့်ရှောက်ရေး ရုံးခန်းသို့ တစ်ယောက်လျှင် U.S 1$ ပေးရသည်။ မိမိတို့ ရောက်သည့်အချိန်မှာ နေပူချိန်ဖြစ်နေသဖြင့် ရုံးခန်းအနီး၌ ထီးအငှားလုပ်ကိုင်သောသူ များစွာရှိရာ မိမိတို့အဖွဲ့မှာ ထီးတစ်လက်ကို အင်ဒိုနီးရှားငွေ (RUPIAH) ရူပီး 5000 ဖြင့် ငှားကြသည်။ သူတို့ကိုယ်တိုင် လိုက်ပြီး ထီးဆောင်းပေးတာမျိုးလည်း ငှားလို့ရသည်။ ရူပီး ထပ်ပေးရသည်။ ၎င်းရုံးခန်းနေရာမှ စေတီတော်ကြီးရှိရာသို့ အနည်းငယ်လမ်းလျှောက်ရသည်။ စေတီတော်ဝင်းကြီးသည် အတော်ကျယ်ဝန်းပါသည်။ စေတီတော်သွားရာ လမ်းတစ်လျှောက်မှာ သစ်ပင်ခပ်ကြီးကြီးများ တန်းစီစိုက်ထားသလို သစ်ပင်ငယ်များလည်း တန်းစီစိုက်ထားရာ သပ်သပ်ရပ်ရပ် ရှိပါသည်။ လမ်းဘေးဝဲယာရှိ ကွင်းပြင်များတွင် စိမ်းစိုပြန့်ပြူးနေသော မြက်ခင်ပြင်များလည်းရှိသည်။

ကလေးဝတောရဆရာတော်ကြီးဦးဆောင်သော မိမိတို့အဖွဲ့သည် စေတီတော်ကြီးကို စတင်မြင်တွေ့ရသည့်နေရာ၌ မိမိတို့ပါလာသော ကင်မရာများဖြင့် အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။ စေတီတော်ဝင်းအတွင်းမှ ဓာတ်ပုံသမား တစ်ဦးကလည်း သူကိုမည်သူမျှမရိုက်ခိုင်းပါဘဲနှင့် မိမိတို့အဖွဲ့ကို ဓာတ်ပုံရိုက်ရာ မရိုက်နှင့်ပြောသော်လည်း မရပေ။ (မိမိတို့စေတီတော်ကြီးမှ ပြန်ဆင်းလာသောအခါ ၎င်းဓါတ်ပုံသမားက သူရိုက်ထားသော ဓာတ်ပုံများပြရာ တစ်ပုံလျှင် ရူးပီး 20000 ဖြင့် ရွေးယူခဲ့ရသည်။)

မိမိတို့အဖွဲ့သည် စေတီတော်ကြီးပေါ်သို့ စတင်တက်ရောက်ကြသည်။ စေတီတော်ကြီးကို တောင်ကုန်းပေါ်တွင် တည်ဆောက်ထားသဖြင့် ယင်းတောင်ကုန်းပေါ်သို့ ကျောက်တုံးများ စီထားသော လှေကားဖြင့် ရှေးဦးစွာ တက်ရသည်။ တောင်ကုန်းပေါ်ရောက်သည်နှင့် ကြီးကျယ်ခမ်းနားစွာ တည်ဆောက်ထားသော စေတီတော်ကြီးကို အနီးကပ် ဖူးတွေ့ရသည့်အခါ မိမိ စိတ်ထဲမှာ တအံ့တသြဖြင့် ဝမ်းသာကြည်နူးမဆုံး ကြည်ညို၍လည်းမဆုံး ဖြစ်ရပါသည်။ မိမိငယ်စဉ်က အလွန်ဖူးမြော်ချင်ခဲ့သော ဗောရောဗုဓော စေတီတော်ကြီးကို ယခုအခါ အမှတ်တကယ် ဖူးခွင့်ကြုံခဲ့ရလေပြီ။ မိမိ၏

စိတ်ကူးယဉ်အိမ်မက်သည် လက်တွေ့အမှန်တကယ်ပင် ဖြစ်လာခဲ့ပေပြီ။ စေတီတော်ကြီးကို ဖူးမြော်ခွင့် ရမည်မထင် ခဲ့ပေမယ့် ကြုံတောင့်ကြုံခဲ ရတောင့်ရခဲ ဖူးမြော်ထိုက်၍သာ ဖူးမြော်ရခြင်းပင် ဖြစ်ပါသည်။ ကံတရားသည် အလွန် ဆန်းကျယ်လှပေသည်။

## (BOROBUDUR) ဗောရောဗုဓောစေတီတော်

ဗောရောဗုဓောစေတီတော်ကြီးကို အေဒီ (၇)ရာစုနှင့် (၈)ရာစုကြား၊ သာသနာတော်နှစ်(၁၂၀၀)ကျော် (၁၃၀၀)ကြား ခန့်က CAILENDRA ဆိုင်လင်ဒရာ မင်းဆက် လက်ထက်တွင် တည်ထားခဲ့သည်။ စေတီတော်ကြီးကို သဘာဝ တောင်တန်းများ နှင့် မနီးမဝေးတွင် တည်ဆောက်ထားသည်။ စေတီတော်ကြီးကို တည်သည့်ခုနှစ်နှင့် မည်သည့်မင်းတည်ထားသည်ကို ယခုအချိန် အထိ အတိအကျမသိရသေးပေ။ ဗောရောဗုဓောစေတီတော် ကြီးသည် ဗုဒ္ဓဘာသာတို့၏ ထူးခြားသော အဆောက်အဦ ဖြစ်သလို ကမ္ဘာ့အကြီးဆုံး စေတီတော်ကြီးလည်း ဖြစ်သည်။ ကမ္ဘာ့အံ့ဖွယ်(၇)ပါးတွင် (၁)ပါး အပါအဝင်ဖြစ်ခဲ့သည်။ ဗောရောဗုဓောဆိုသော အမည်သည် “တောင်ထိပ်ပေါ်မှ ဘုရားကျောင်း” ဟု အဓိပ္ပါယ်ရသည်။ စေတီတော်ကြီး၏ မူလအမြင့်မှာ(၄၂)မီတာ (၁၃၈-ပေခန့်) ရှိပြီး ထီးတော်ကြီးကို

မိုးကြိုးခထားသည့်အတွက် ယခု အခါ (၃၅. ၂၉)မီတာ (၁၁၆-ပေခန့်) သာရှိတော့သည်။ စေတီတော်ကြီးကို စနစ်တကျ ပုံစံတကျပြုလုပ်ထားသော မီးသင့်ကျောက်တုံးများဖြင့် တစ်ထပ်ပြီးတစ်ထပ် ဖွဲ့စည်းတည်ဆောက်ထားသည်။ ကျောက်တုံး ပေါင်း သိန်း(၂၀)ထက် မနည်းအသုံး ပြုထားသည်။ ထုထည်မှာ (၅၅၀၀၀)ကုဗမီတာရှိသည်။ အလေးချိန်တန်ပေါင်း (၃၅)သိန်း ရှိပြီး လူ(၅၀၀၀)ခန့်အားကို ခံနိုင်ဝန်ရှိသည်။ စေတီတော်ကြီး၏ တည်ဆောက်ထားမှုပုံစံမှာ ဂူဘုရားပုံစံမျိုးမဟုတ်ပဲ ဘုံအဆင့် ဆင့်ဖြင့် ပြုလုပ်ထားသော စေတီပုံစံဖြစ်သည်။ စေတီတော် ကြီး၏ အောက်ခြေ ဖိနပ်တော်သည် ဘေးဘက်တွင် ထောင့်စွန်း များပါရှိသော ထောင့်မှန် စတုဂံပုံစံဖြစ်သည်။ တစ်ဖက်စီတွင် အလျား×အနံ (၁၂၀)မီတာ (၃၉၄-ပေခန့်) စီရှိသည်။ အောက်ခြေဖိနပ်တော်ခုံမှာ ပြောင်ချောဖြစ်သည်။ ထိုမှ အထက်၌ ဝရံတာအကာပါရှိ၍ ထောင့်စွန်းများ ပါရှိသော ထောင့်မှန်စတုဂံအဆင့်(၄)ဆင့်ရှိသည်။ ထိုအဆင့် (၄)ဆင့် အတွင်း၌ လှည့်လည်သွားနိုင်သော ပတ်လမ်းရှိသည်။ အပြင် ဝရံတာ၏ အထက်တွင် မုခ်ဆောင်လေးများရှိ၍ ၎င်းမုခ်ဆောင်လေး များအတွင်း၌ လူတစ်ကိုယ်စာလောက် ရှိသော ကျောက်ဆင်းတု ဘုရားများ ရှိသည်။ မုခ်ဆောင်များ မပါရှိသော ကျောက်ဆင်းတု ဘုရားများလည်း ရှိသည်။ စတုရန်း အဆင့် (၄)ဆင့်၏ (၄)မျက်နှာ

၌ ကျောက်ဆင်းတု ဘုရားပေါင်း (၄၃၂) ဆူရှိသည်။ ၎င်း စတုရန်းအဆင့် (၄)ဆင့်၏ အတွင်း-အပြင် နံရံများ၌လည်း မြတ်စွာဘုရားနှင့် ပတ်သက်သည့် ဇာတ်တော်စုံ ရုပ်ကြွ ပန်းပု ရုပ်ပုံများ (၁၄၆၀) ရှိသည်။ ထို့အပြင် ယင်းခေတ် အခြေအနေ များကို ဖော်ပြသော နွားဖြင့်ထွန်ယက်စိုက်ပျိုးနေပုံ၊ ဗုံတီးနေပုံ၊ ကခြေသည်များ ကနေပုံနှင့် အင်ဒိုနီးရှားနိုင်ငံ၏ သမိုင်း စသည်ကို ဖော်ပြနေသော ရုပ်ကြွပန်းပုရုပ်များမှာ (၁၂၁၂)ပုံ ရှိသည်။ ထိုရုပ်ကြွပန်းပု ရုပ်များကို ဖြန့်ပြီး တစ်ကားစီ တန်းစီ ထားမည်ဆိုလျှင် (၃)ကီလိုမီတာ(၂-မိုင်ခန့်) ရှိမည်ဟု သိရသည်။ ထိုစတုရန်း(၄)ဆင့်မှ အထက်၌ စက်ဝိုင်းပတ်လည် အဆင့်(၃) ဆင့်ရှိသည်။ ယင်း(၃)ဆင့်လုံး၌ လိုဏ်ခေါင်းများပါရှိသော ခေါင်းလောင်းပုံ စေတီငယ်လေးများ ပတ်လည်တန်းစီထား သည်။ ပထမအဆင့်၌(၃၂)ဆူ၊ ဒုတိယအဆင့်၌(၂၄)ဆူ၊ တတိယအဆင့်၌ (၁၆)ဆူ၊ ပေါင်း (၇၂)ဆူ ရှိသည်။ ပထမအဆင့်နှင့် ဒုတိယအဆင့်ရှိ စေတီငယ်များ၌ စိန်ပွင့် ပုံသဏ္ဍာန် အပေါက်များ ပါရှိပြီး တတိယအဆင့်ရှိ စေတီငယ် များ၌ စတုရန်းပုံသဏ္ဍာန် အပေါက်များ ပါရှိသည်။ ၎င်း လိုဏ်ခေါင်းများ ပါသော စေတီငယ်များအတွင်း၌ တင်ပလ္လင် ခွေထိုင်နေသော ကျောက်ဆင်းတုဘုရား(၁)ဆူစီရှိရာ အားလုံး(၇၂)ဆူဖြစ်သည်။ ထို(၇၂)ဆူကို စတုရန်းအဆင့်

(၄)ဆင့်မှ (၄၃၂)ဆူနှင့် ပေါင်းလျှင် ကျောက်ဆင်းတု ဘုရားပေါင်း(၅၀၄)ဆူဖြစ်သည်။ စက်ဝိုင်းပတ်လည် အဆင့်(၃)ဆင့်၏ အထက် ထိပ်ဆုံးတွင် ကြီးမားသော ခေါင်းလောင်းပုံ စေတီကြီး တစ်ဆူရှိသည်။ လိုဏ်ခေါင်းနှင့် အပေါက်များ မပါရှိပါ။ ယင်း စေတီတော်ကြီး၏ အချင်းမှာ (၉. ၉၀)မီတာ(၃၃-ပေခန့်) ရှိသည်။ စေတီတော်ကြီး၏ ထိပ်တွင် ယခင်က ဘုံ(၃)ဆင့် ပါရှိသော ထီးတော်ရှိသော်လည်း ယခုအခါ မရှိတော့ပေ။ စေတီတော်ကြီးအပေါ် သို့တက်ရန် လေးဘက် လေးတန်တွင် အထက် စက်ဝိုင်းပတ်လည်(၃)ဆင့်အထိ တက်ရောက်နိုင်သော မတ်စောက်၍ ကျဉ်းမြောင်းသည့် လှေကားလမ်းများရှိသည်။ ယင်းလမ်းများပေါ်တွင် စတုဂံ အဆင့်(၄)ဆင့်တို့၌ အဓိက ဝင်ပေါက် မုခ်ဦးကြီး တစ်ခုစီရှိရာ တစ်ဖက်လျှင် (၄)ခုစီရှိ၍ (၄)ဘက်လျှင် (၁၆)ခုရှိသည်။ မုခ်ဦးများကို ရုပ်ကြွပန်းပုရုပ်များဖြင့် လှပစွာပြုလုပ်ထားသည်။ အချို့မုခ်ဦးများမှာ ပျက်စီးနေပြီဖြစ်သည်။ ထိုမုခ်ဦး(၄)ခုနှင့် စတုရန်းအဆင့် (၄)ဆင့်မှ ပတ်လမ်းများ ဆက်စပ်ထားသည်။

## ရှေးခေတ်က ဗိသုကာပညာ

စေတီတော်ကြီးကို ကျောက်တုံးများဖြင့် တည်ဆောက်ထားသည့်အတွက် အလွန်ဆွဲဆောင်မှုရှိပြီး အလွန်အံ့သြစရာ

ကောင်းလှပေသည်။ နံရံများ၌ ကျောက်ထွင်းရုပ်ကြွပန်းပု ရုပ်များကို အနုစိပ်ပြုလုပ်ထားသည်မှာလည်း အလွန်လက်ရာမြောက်လှပေသည်။ စေတီတော်ကြီး၏ ထောင့်များ၌ နဂါးခေါင်းရုပ်များ ပြုလုပ်ထားပြီး ယင်းနဂါးခေါင်းရုပ်များ၏ ပါးစပ်ကို ရေထွက်ပေါက်လုပ်ထားသည်မှာလည်း ရေထွက်ပေါက်မှန်းပင် မသိရပေ။ ထိုခေတ် ထိုအချိန်က တည်ဆောက်သူ ဗိသုကာပညာရှင်၏ စိတ်ကူးစိတ်သန်းအမြင်ကလည်း ချီးကျူးစရာပင် ဖြစ်သည်။ စေတီတော်ကြီး၏ အခြားသောထောင့်နေရာများနှင့် နံရံဘေးများတွင်လည်း မိကျောင်းပါးစပ်ဟထားသလိုမျိုး ပြုလုပ်ထားသော အရုပ်များ၏ ပါးစပ်မှ ရေထွက်ပေါက် လုပ်ထားသည်မှာလည်း တစ်မျိုးဆန်း နေပေသည်။ စေတီတော်ကြီးပေါ်သို့ စတင်တက်ရောက်ရာ လှေခါးခြေရင်းများ၌ အစောင့်အရှောက် ပုံသဏ္ဌာန်ပြုလုပ်ထားသော ခြင်္သေ့ရုပ်များကလည်း တစ်မူထူးခြား၍နေပေသည်။ စေတီတော်ကြီးနှင့် ပတ်သက်၍ အံ့ဩဖွယ်များမှာ ပြော၍ပင် မဆုံးနိုင်ပေ။ စေတီတော်ကြီးကို တည်ဆောက်ထားမှုမှာ လူ့ယဉ်ကျေးမှု အထွတ်အထိပ်တွင် အကောင်းဆုံးလက်ရာအဖြစ် အသိအမှတ်ပြုရပေမည်။ ဤကဲ့သို့ အံ့မခန်းကြီးမားသော စေတီတော်ကြီးကို တည်ဆောက်ခဲ့ခြင်းဖြင့်ပင် ထိုအချိန်ကာလက ဂျားဗားကျွန်းနှင့် အင်ဒိုနီးရှားနိုင်ငံတစ်ဝှမ်းလုံး ဗုဒ္ဓသာသနာတော် လွန်စွာ

တိုးတက်ထွန်းကားခဲ့ကြောင်း မှန်းဆသိနိုင်ပေသည်။ နောင်အခါ အင်ဒိုနီးရှားနိုင်ငံ၌ ဗုဒ္ဓသာသနာတော်ကွယ်ပျောက်ပြီး အစ္စလာမ် ဘာသာ လွှမ်းမိုးခဲ့ရာ ယခင်က အင်ဒိုနီးများ ပြည်သူအများစုတို့၏ ကိုးကွယ်ရာဖြစ်ခဲ့၍ လာရောက်ဖူးမြော်သူများဖြင့် စည်ကား ခဲ့သော ဗောရောဗုဓောစေတီတော်ကြီးသည် ယခု အခါ အနည်းစုမျှသော ဗုဒ္ဓဘာသာတို့၏ ကိုးကွယ်ရာဖြစ်ခဲ့ပြီး၊ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်အဖြစ် လာရောက်ကြည့်ရှုကြသူတို့၏ နေရာသာ ဖြစ်ခဲ့ရသည်။

## လောကစံမှန်တိုင်းကြားက စေတီတော်

စေတီတော်ကြီးသည် ကျယ်ပြန့်သော ကွင်းပြင် အလယ်ရှိ တောင်ကုန်းလေးအပေါ်၌ အထီးတည်းကဲ့သို့ ရှိနေရာ ဘာသာခြားများ၏ အလယ်မှာ အထီးကျန်နေသကဲ့သို့ ဖြစ်လေသည်။ စေတီတော်ကြီးရှိ ဘုရားဆင်းတုတော်များကိုလည်း နဂိုမူရင်းအတိုင်း မတွေ့ရတော့ပါ။ အချို့မှာ ပျောက်နေသည်။ အချို့မှာ ကိုယ်ခန္ဓာကျိုးပဲ့နေပြီး အချို့မှာခေါင်းပိုင်းများ ပြတ်နေသည်။ ဤသို့ဖြစ်ရသည်မှာ သဘာဝရာသီဥတုဘေးဒဏ်၊ ဘာသာ ခြားများ၏ ဖျက်ဆီးမှုနှင့် ရှေးဟောင်းပစ္စည်းစုဆောင်းသူများ၏ ခိုးယူမှုများကြောင့် ဖြစ်နိုင်သည်။ စေတီတော်ကြီးမှ အချို့သော ကျောက်တုံးများ ပြုတ်ထွက်ကျနေသည်ကိုလည်း တွေ့ရသည်။

ဗုဒ္ဓဘာသာဝင် တစ်ယောက်အဖို့ အင်မတန်မှ ဝမ်းနည်းစရာကောင်းသော မြင်ကွင်းများပင်ဖြစ်သည်။ စေတီတော်ကြီးကို အင်ဒိုနီးရှားအစိုးရက ထိန်းသိမ်းစောင့်ရှောက်ထားသည်ဟု သိရသည်။ ကြီးကျယ်ခမ်းနားလှသော ဗိုရောဗုဓော စေတီတော်ကြီးကို ကမ္ဘာ့နိုင်ငံသားအားလုံးအတွက် ကမ္ဘာကြီး၏ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ကမ္ဘာသူ ကမ္ဘာသား အားလုံးက ပါ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရပေမည်။ အင်ဒိုနီးရှားနိုင်ငံသို့ရောက်လျှင် ကြီးကျယ်ခမ်းနားသော ကမ္ဘာ့အကြီးဆုံး ဗိုရောဗုဓောစေတီတော်ကြီးကို ရောက်အောင်သွား၍ ဖူးမြော်သင့်လှပေသည်။

ဗိုရောဗုဓောစေတီတော်ကြီး၏ အရှေ့မြောက်ထောင့်အရပ်၌ သီရိလင်္ကာနိုင်ငံမှ ပင့်ဆောင်စိုက်ပျိုးထားသော ဗောဓိညောင်ပင်တစ်ပင်ရှိသည်။ ထိုဗောဓိပင်ကို သီရိလင်္ကာနိုင်ငံမှ ထေရဝါဒသာသနာပြု ဆရာတော် အရှင်နာရဒမထေရ်သည် ၁၉၃၄ ခုနှစ်၊ မတ်လ(၁၀)ရက်နေ့က ကြွရောက်၍ စိုက်ပျိုးထားသည်ဟု သိရသည်။ ထို အရှင်နာရဒမထေရ်သည် မဟာစည် ဆရာတော်၏ အင်ဒိုနီးရှားသာသနာပြုခရီးစဉ်၌ မဟာစည် ဆရာတော်နှင့်အတူ သာသနာပြုခဲ့သော ဆရာတော်ပင် ဖြစ်သည်။

ဗောရောဗုဓော့စေတီတော်ကြီး၌ နှစ်စဉ်မေလ (ကဆုန်လပြည့်)ဗုဒ္ဓနေ့တွင် ဗုဒ္ဓဘာသာဝင်များလာရောက်၍ ဝိသာခါပွဲတော်ကို ကျင်းပကြသည်။ ယင်းကဆုန်လပြည့်နေ့သည် မြတ်စွာဘုရား အလောင်းတော် ဖွားမြင်တော်မူခြင်း၊ မြတ်စွာဘုရား အဖြစ်သို့ ရောက်တော်မူခြင်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်တော်မူခြင်းဟူသော နေ့ထူးနေ့မြတ်ဖြစ်၍ ဝိသာခါပွဲတော်ကို ကျင်းပကြခြင်း ဖြစ်လေသည်။

## စေတီတော်ကြီးပေါ်မှ ဘုရားရှိခိုးသံ

ကလေးဝတောရဆရာတော်ကြီး ဦးဆောင်သော အဖွဲ့သည် ဗောရောဗုဓော့စေတီတော်ကြီး၏ ထိပ်ဆုံးအဆင့်သို့ တက်ရောက်၍ အလယ်ဗဟိုရှိ စေတီတော်ကြီးကို ရှိခိုးပူဇော်ကြပါသည်။ ကလေးဝတောရဆရာတော်ကြီးက မြတ်စွာဘုရားဂုဏ်တော်များကို ရှေ့မှရွတ်ဆိုတိုင်ပေးပြီး မိမိအပါအဝင် ကျန်မြန်မာအဖွဲ့အားလုံးက သံပြိုင်လိုက်ပြီး ဘုရားရှိခိုးပူဇော်ကြရာ စေတီတော်ကြီးဝန်းကျင်တွင် ဘုရားရှိခိုးသံတို့ဖြင့် လွှမ်းခြုံ၍ သွားလေသည်။ စေတီတော်ကြီးပေါ်တွင် ဘုရားဝတ်ပြုရှိခိုးရန် သီးသန့်နေရာမရှိပါ။ မိမိတို့အဖွဲ့ စေတီတော်ကြီးပေါ်သို့ ရောက်ရှိနေသော အချိန်သည် နေအရမ်းပူချိန်ဖြစ်နေသဖြင့် နေအပူရှိန်ကြားမှပင် နေအပူဒဏ်ကို ဂရုမစိုက်ဘဲ ဖြစ်သလို

မတ်တပ်ရပ်သူကရပ်၊ ထိုင်သူကထိုင်ကာ လက်အုပ်ချီမိုး၍ မြတ်စွာဘုရား၏ဂုဏ်တော်များကို အာရုံပြုပြီး ရှိခိုးပူဇော်ကြရာ မိမိတို့အဖွဲ့သားအားလုံးမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရလေသည်။ စေတီတော်ကြီးပေါ်သို့ တက်ရောက်လာကြသော အခြားသောသူများမှာ မိမိတို့အဖွဲ့ကို အကဲခတ်သလို ကြည့်နေကြပြီး တစ်ချို့ကလည်း အထူးအဆန်းလုပ်ပြီး ကြည့်နေကြလေသည်။ စေတီတော်ကြီးပေါ်တွင် မိမိတို့ အဖွဲ့မှလွဲ၍ အခြားသောသူများမှာ ဖိနပ်များ စီးထားကြလေရာ မိမိစိတ်ထဲမှာ မသက်မသာဖြစ်ရလေသည်။ ထိုသူများသည် ၎င်းတို့ကိုယ်တိုင် ဗုဒ္ဓဘာသာမဟုတ်သော်လည်း ဗုဒ္ဓဘာသာတို့၏ အထွတ်အမြတ်ထားရာစေတီတော်ပေါ်သို့ ဖိနပ်စီးရန် မသင့်ပေ။ လူ့စည်းကမ်း၊ လူ့ကျင့်ဝတ်တရားများကိုမျှ မသိသော အသိဉာဏ်မဲ့သူများပါလားဟု မိမိစိတ်ထဲမှာ တွေးမိရလေသည်။ စေတီတော် ထိန်းသိမ်းစောင့်ရှောက်သူများ အနေဖြင့် ဗုဒ္ဓဘာသာကို လေးစားသောအားဖြင့် ယင်းဖိနပ်စီးမှုများကို တားမြစ်သင့်ပေသည်။

ကလေးဝတောရဆရာတော်ကြီးဦးဆောင်သော အဖွဲ့သည် စေတီတော်ကြီးခြေရင်းသို့ ပြန်၍ဆင်းခဲ့ကြပြီး စေတီတော်ကြီးကို ဘေးမှ လှည့်လည်ကြည့်ရှု ဖူးမြော်ကြ

လေသည်။ ဓါတ်ပုံများလည်း အမှတ်တရ ရိုက်ကြပါသည်။ ဓါတ်ပုံများရိုက်နေစဉ် စေတီတော်ကြီးပေါ်သို့ ကျောင်းသား/ကျောင်းသူ အယောက်(၁၀၀)ခန့် တက်သွားသည်ကို မြင်ရသည် အားလုံးဖိနပ်တွေ စီးထားကြသည်။ ခဏအကြာ စေတီတော်ပေါ်မှ ဆင်းလာကြပြီး မိမိတို့ဘေးမှ ဖြတ်လျှောက် သွားကြသည်။ မိမိတို့အဖွဲ့သည် စေတီတော်ကြီး တည်ထားရာ တောင်ကုန်းပေါ်မှ မြောက်ဘက်လှေကားဖြင့် အောက်သို့ ဆင်းလာကြသည်။ ထိုမှဆက်၍လျှောက်လာကြရာ စေတီတော်ဝင်းကြီးအတွင်းမှာ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ အထည်ဆိုင်များလည်းရှိသော ဈေးတန်းလေးထဲမှ ဖြတ်ကာ လျှောက်ခဲ့သည်။ ဈေးဆိုင်များမှာ သာမန်ဈေးဆိုင်များမျှသာ ဖြစ်ကြသည်။

## မင်ဒွတ်စေတီတော်နှင့် မင်ဒွတ်ထေရဝါဒဘုန်းကြီးကျောင်း

မိမိတို့အဖွဲ့သည် ကားဖြင့် ဆက်လက်ထွက်ခွါကြရာ (၂)မိုင်ခန့်ဝေးသော (MENDUT) မင်ဒွတ်အရပ်ရှိ မင်ဒွတ်စေတီသို့ ရောက်ကြသည်။ မိမိတို့ လာခဲ့ရာလမ်းအတိုင်း ပြန်လာခြင်းဖြစ်သည်။ မင်ဒွတ်စေတီနှင့် မျက်စောင်းထိုး အနေအထားတွင် မင်ဒွတ်ထေရဝါဒ ဘုန်းတော်ကြီးကျောင်း

ရှိသည်။ မိမိတို့အဖွဲ့သည် ကျောင်းဝင်းအတွင်းသို့ ဝင်ကြည့်ကြရာ ကျောင်းဝင်းမှာ အတော်အသင့်ကျယ်ဝန်းပါသည်။ ကျောင်းထိုင်ဘုန်းတော်ကြီးမှာ ခရီးထွက်သွားသည်ဟု ပြောသဖြင့် မတွေ့ခဲ့ရပါ။ ကိုရင်(၃)ပါး တွေ့ခဲ့ရသည်။ ကျောင်းထိုင်ဆရာတော်ကြီး၏ဘွဲ့မှာ ဘန္တေပညာဝရောဖြစ်သည်ဟု သိရသည်။ မိမိတို့သည် ကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံထဲသို့ ဝင်ကြည့်ကြရာ ဓမ္မာရုံ အတွင်းမှာ ဘုရားဆင်းတုတော် (၃)ဆူခန့် ဖူးတွေ့ရသည်။ ဗုဒ္ဓပရိနိဗ္ဗာန်စံနေတော်မူပုံ ရုပ်ထုကိုလည်း ဖူးတွေ့ခဲ့ရသည်။ ဓမ္မာရုံ အတွင်းမှာ အလှူခံပုံးချထားသဖြင့် အလှူတော်ငွေ ရူပီး (၂၀၀၀၀) ထည့်ခဲ့သည်။ ဓမ္မာရုံမှာ သပ်သပ်ရပ်ရပ် ဆောက်လုပ်ထားသည်။ ဘုန်းတော်ကြီးကျောင်းမှအထွက် မင်ဒွတ်စေတီတော်သို့ သွားရာလမ်းတစ်လျှောက်တွင် ဈေးဆိုင်တန်းလေးများ ရှိသည်။ ရှေးဟောင်းပစ္စည်းနှင့် ဘုရားရုပ်တုများ၊ ဗောရောဗုဓောစေတီပုံတူ ရုပ်တုများနှင့် အမှတ်တရ ပစ္စည်းအရောင်းဆိုင်များ ဖြစ်သည်။ မင်ဒွတ်မှ ဈေးသည် များသည် ဗောရောဗုဓောစေတီတော်ကြီးမှ ဈေးသည်များလို ဇွတ်အတင်းလိုက်မရောင်းကြပါ။

မင်ဒွတ်စေတီမှာ ဗောရောဗုဓောစေတီတော်ကြီးမှ ကျောက်တုံးများလို ကျောက်တုံးများဖြင့် တည်ဆောက်ထားသည်။ အောက်ခြေခုံမှာ (၈)ပေခန့်ရှိပြီး အပေါ်ကျောင်း

ဆောင်မှာ ပေ(၂၀)ခန့်မြင့်သည်။ အဆောက်အဦပုံစံမှာ ရိုးရိုးရှင်းရှင်းပင်ဖြစ်သည်။ ရုပ်ကြွပန်းပုရုပ် အနည်းငယ်မျှသာ ရှိသည်။ စေတီ၏အပေါ်ထိပ်၌ လိုဏ်ခေါင်းမပါသော ခေါင်းလောင်းပုံစေတီငယ်လေးများ ရှိသည်၊ စေတီတော်၏အတွင်း အခန်းထဲ၌ ပလ္လင်ပေါ်မှာ ခြေထောက်နှစ်ချောင်း တွဲလွဲချလျက် ထိုင်နေပုံ စကြာမုနိဗုဒ္ဓရုပ်ပွား ကျောက်ဆင်းတုတော်ကြီး တစ်ဆူရှိသည်။ ဉာဏ်တော် (၃)မီတာ (၁၀-ပေခန့်) ရှိသည်။ မိမိတို့ မြန်မာနိုင်ငံ၊ မော်လမြိုင်မြို့အနီးရှိ ကျိုက်မရောမှ ဆင်းတုတော်ဘုရားနှင့် ခပ်ဆင်ဆင်ပြင်ဖြစ်သည်။ ယင်းကျောက်ဆင်းတုတော်ကြီး၏ ရှေ့ဝဲယာနှစ်ဖက်၌ ပလ္လင်ပေါ်မှာ ထိုင်နေသော ဗောဓိသတ္တရုပ်တု (၂)ခု ရှိသည်။ ပလ္လင်ပေါ်၌ ထိုင်နေကြပုံမှာ ခြေထောက်တစ်ချောင်းကိုခွေထားပြီး ခြေထောက်တစ်ချောင်းက အောက်သို့ တွဲလွဲချထားသည့် ပုံစံဖြစ်သည်။ မိမိတို့သည် ရုပ်ပွားဆင်းတုတော်ကြီးကို ရှိခိုးပူဇော်ကြပြီးနောက် မိမိသည် ဘုရားဈေးတန်းမှ ဗောရောဗုဓောစေတီတော်ကြီး၏ ပုံစံငယ် စေတီလေးများကို ဝယ်ယူပူဇော်ခဲ့သည်။

## (TRAWAS) ထရဝပ်မြို့သို့

ညနေ (၄)နာရီခွဲခန့်တွင် ကလေးဝတောရဆရာတော်ကြီး ဦးဆောင်သောအဖွဲ့သည် ကျိုက်ထီးရိုးပုံတူ စေတီတည်မည့် နေရာသို့ ဦးတည်ပြီး ဆက်လက်ထွက်ခွာလာခဲ့ရာ မိမိတို့နှင့်

ပါလာသော ဒကာ ဒကာမများမှာ နေ့လည်စာမစားရသေးသဖြင့် လမ်းတစ်နေရာမှ စားသောက်ဆိုင်တစ်ခုမှာနားပြီး စားကြပါသည်။ (၅)နာရီမှာ ဆက်လက်ထွက်ခွာခဲ့ရာဂျော့ဂျကာတာမြို့ထဲသို့ ပြန်ရောက်ပြီးနောက် ထိုမှဆက်လက်ပြီး ထွက်ခွာရာ မြို့/ရွာ များကို ဖြတ်သန်းလာခဲ့ပြီး ည (၇း၃၀)အချိန်တွင် လမ်းဘေးမှ စားသောက်ဆိုင်တစ်ဆိုင်မှာ ခဏဝင်နားကြပြီး အအေးသောက်ကြသည်။ ထိုဆိုင်ထဲမှာ ခရုလေးများဖြင့် လှပစွာပြုလုပ်ထားသော အရုပ်များလည်း ရောင်းချရာ အမှတ်တရဝယ်မည်စိတ်ကူးသော်လည်း သယ်ယူမှုအခက်အခဲကြောင့် မဝယ်ခဲ့ရ။

မိမိတို့စီးလာသောကားသည် ည(၈)နာရီခန့်အချိန်တွင် ဆက်လက်ထွက်ခွာလာခဲ့ရာ လမ်းမှာ မိုးများသည်းထန်စွာရွာသွန်းနေသည့်ကြားမှပင် ဆက်လက်မောင်းနှင်ခဲ့ပြီး ည (၂)နာရီအချိန်တွင် စူရာဘာရားမြို့အလွန် ကျိုက်ထီးရိုးစေတီတည်မည့် ထရဝပ်အမည်ရှိ တောင်ပေါ်မြို့လေးသို့ ရောက်ရှိကြသည်။ ဘုရားတည်မည့် ဘုရားဒါယကာ သူဌေးကြီး MR. ONGKODIGDOJO ၏ ဗီလာမှာ တည်းခိုကြရသည်။ ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့်အဖွဲ့သည် ယင်းဗီလာမှာ ရောက်နှင့်နေကြပြီဖြစ်သည်။

## ၂၁-၃-၂၀၀၇
## MR. ONGKODIGDOJO ၏ ဗီလာ

နံနက် (၆)နာရီမှာ MR. ONGKODIGDOJO ၏ မိသားစုက ဗီလာမှာပင် ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသော သံဃာတော်များအား သက်သတ်လွတ် ဆွမ်းကပ်ကြသည်။ ဆွမ်းစားပြီးနောက် မိမိသည် ဗီလာအတွင်း လှည့်လည်ကြည့်ရှုရာ ဗီလာမှာ ပေ(၃၀၀)ခန့်မြင့်သောတောင်၏ ဆင်ခြေလျှောမှာ တည်ဆောက်ထားခြင်း ဖြစ်ပြီး အကျယ်အဝန်းမှာ (၃)ကေခွဲခန့်ရှိပေသည်။ ခြံဝန်းအတွင်း အလယ်၌ ပေ (၄၀)ခန့်ရှိ (၂)ထပ်အိမ်တစ်လုံးဆောက်ထားသည်။ (၂)ထပ်ဆိုသော်လည်း အပေါ်ထပ်မှာ ခန်းလုံးပြည့်မဟုတ်၊ ထက်ဝက်သာ ဆောက်လုပ်ထားသည်။ အိပ်ခန်းတစ်ခန်းနှင့် အိမ်သာ၊ ရေချိုးခန်းပါသည်။ ဥက္ကဋ္ဌဆရာတော်ကြီးနှင့် မိမိတို့သည် ၎င်းအခန်းမှာ အိပ်ရသည်။ အောက်ထပ်မှာ အိပ်ခန်း၊ ဧည့်ခန်းနှင့် အိမ်နှင့်တွဲလျက် မီးဖိုဆောင်ခန်းပါရှိသည်။ အိမ်ရှေ့အဝင်မှာ အဖီချထားပြီး ဧည့်ခန်းသဘောမျိုး လုပ်ထားသည်။ လှလှပပ သပ်သပ်ယပ်ယပ် ဆောက် လုပ်ထားသည်။ အိမ်ရှေ့တွင် အလှသစ်ပင် ပန်းပင်များဖြင့် ပန်းခြံပြုလုပ်ထားပြီး အလှမွေးငါးလေးများ ပါရှိသောငါးကန်လည်းရှိသည်။ အိမ်၏ခေါင်းရင်းဘက် အမြင့်ပိုင်းတွင် ဘန်ဂလို အဆောက်အဦလေးများ (၄)လုံးရှိသည်။ ကလေးဝ

တောရ ဆရာကော်နှင့် ဦးပညာသာရတို့ ယင်းဘန်ဂလိုထဲမှာ သီတင်းသုံးကြသည်။ ဘုရားဝတ်ပြုရန်အတွက် သီးသန့် ဘန်ဂလိုတစ်လုံးလည်းရှိသည်။ ဘန်ဂလိုများနှင့်ကပ်လျက် အနိမ့်ပိုင်းတွင် တင်းနစ်ကစားကွင်းရှိသည်။ အိမ်ခြံဝင်း တစ်ဝင်းလုံး ထင်းရှူး ပဒေသာပင် စသော အမျိုးအမည် မသိရ သော အလှသစ်ပင် ပန်းပင်များကို စနစ်တကျစိုက်ပျိုးထားရာ သာယာလှပသော ခြံဝင်းတစ်ဝင်းပင်ဖြစ်သည်။

## ရှေးဟောင်းသာသနာ့နယ်မြေ

ခြံဝင်း၏ တစ်ဖက်တောင်ကုန်းပေါ်၌ အခြားဗီလာ တစ်ခုရှိပြီး၊ အခြားတစ်ဖက်၌ သစ်ပင်ကြီးများထူထပ်အုံ့ဆိုင်း နေသော တောင်ကုန်းရှိသည်။ ယင်းတောင်ကုန်းပေါ်မှ ဘာသာ ခြားများက အောက်သို့တွန်းချထားသော ရှေးဟောင်း ဗုဒ္ဓရုပ်ပွား ဆင်းတုတော်ကြီး တစ်ဆူရှိသည်။ ရုပ်ပွားတော်ကြီးမှာ ဇောက်ထိုး ဖြစ်နေပြီး ဦးခေါင်းတော်မှာ မြေအတွင်း၌ဝင်နေသည်။ မည်သည့် အချိန် မည်သည့်နှစ်က ကျနေသည်ကိုမသိရ။ ဘာသာခြားတို့ ၏ တွန်းထိုးဖယ်ရှားမှုကြောင့် အောက်သို့ပြုတ်ကျနေခြင်းဖြစ် သည်ဟု သိရသည်။ ဝမ်းနည်းဖွယ် ကောင်းလေစွ။ ယင်းရုပ်ပွား တော်ကြီးနှင့် မလှမ်းမကမ်းတစ်နေရာမှာလည်း ရုပ်ပွားတော်ကြီး တစ်ဆူ တောင်ပေါ်မှတွန်းချထားကြသည်။ ထိုရုပ်ပွားတော်ကြီး

ကို ထိုင်းနိုင်ငံမှ ဘုန်းတော်ကြီးတစ်ပါးက ထူထောင်၍ အဆောက်အအုံတစ်ခု ဆောက်ထားသည်။ ထိုရုပ်ပွားတော်ကြီးမှာ မပျက်မစီးရှိနေသည်။ ဗုဒ္ဓဆင်းတုတော်ကြီးများ ဤနေရာမှာ ရှိနေသည်ကို သိရသဖြင့် ဂျားဗားကျွန်းအရှေ့ဘက်ခြမ်းရှိ ဤထရဝပ်မြို့လေးသည် လွန်ခဲ့သောနှစ်ပေါင်းများစွာက ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပခဲ့သော သာသနာ့နယ်မြေဖြစ်ခဲ့ကြောင်း ထင်ရှားလှပေသည်။ ယင်းဗုဒ္ဓရုပ်ပွား ဆင်းတုတော်ကြီးကို MR. ONGKODIGDOJO နှင့် မိသားစုက ပြန်လည်တူးဖော်ပြီး နဂိုမူလအတိုင်းဖြစ်အောင် ပြန်လည်ပြုလုပ်မည်ဟု သိရသည့်အတွက် သာဓု အကြိမ်ကြိမ် ခေါ်ဆိုမိပါသည်။

## ကျိုက်ထီးရိုးပုံတူစေတီတော်

ဗီလာအတွင်းရှိ အိမ်နှင့်ကပ်လျက် အိမ်ခေါင်းရင်းအမြင့်ပိုင်းတွင် ပေ (၅၀×၃၀) အကျယ်အဝန်းရှိ ဆောက်လက်စအဆောက်အဦတစ်ခုရှိသည်။ အောက်ခံအုတ်မြစ်နှင့် ကွန်ကရစ်တိုင်များ ပြုလုပ်ပြီးနေပြီဖြစ်သည်။ အဆောက်အဦအတွင်း၌ အချင်း (၃×၄)ပေခန့်ရှိပြီး အမြင့် (၂)မီတာ (၆-ပေခွဲခန့်) ရှိ ကျောက်တုံးတစ်တုံးရှိသည်။ အလေးချိန်မှာ တန် (၂၀) (၃၀)ခန့်ရှိမည်။ ယင်းကျောက်တုံးပေါ်၌ ကျိုက်ထီးရိုးပုံတူစေတီ တည်မည်ဖြစ်ပြီး အဆောက်အဦ၏အပေါ်၌ စစ်ကိုင်း ကောင်းမှု

တော်စေတီကြီးကဲ့သို့ လုံးဝန်းသော စေတီကြီး တည်ထားမည်ဟု သိရသည်။ မြေပြင်မှ အထက်အထိ (၈)မီတာ (၂၆-ပေ) ရှိမည် ဖြစ်သည်။

## ကျိုက်ထီးရိုးပုံတူစေတီတည်ရခြင်းအကြောင်း

ကျိုက်ထီးရိုးပုံတူ စေတီတည်ဖို့ ဖြစ်လာရာမှာလည်း ထူးခြားသည်ဟုဆိုရမည်။ ဦးဝင်းဖေရှိရာ မေတ္တာဇင်တာ (စက်ာပူ) သို့ MR. ONGKODIGDOJO၊ သမီးဖြစ်သူ LUSIANA နှင့် LUSIANI တို့ ရောက်လာကြပြီး ပရိတ်ရွတ်ရန် ဖိတ်ခေါ် ကြသည်။ အကြောင်းကတော့ သူတို့မိသားစု ဝယ်ယူထားသော ဗီလာအတွင်း၌ လာသောဧည့်သည်များနှင့် အလုပ်သမားများ တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက်ဆိုသလို သေသွားရခြင်း ကြောင့်ဖြစ်သည်။ ဧည့်သည် (၂)ယောက်မှာ ဗီလာသို့ ရောက်ပြီး နာရီအနည်းခန့်အကြာ စကားပြောရင်းရုတ်တရက် သေသွား ကြပြီး၊ အလုပ်သမားနှစ်ယောက်မှာလည်း ကားနှင့်အတူ ချောက်ထဲ ပြုတ်ကျ၍ သေသွားကြရပြန်သည်။ ဘာ့ကြောင့် ဒီလို ဖြစ်ကြမှန်း မသိ၊ မိသားစုအားလုံး စိတ်မချမ်းမသာ ဖြစ်ကြ ရသည်။ သို့နှင့် ထိုကဲ့သို့သော ဂြိုဟ်ဆိုး၊ ကြမ္မာဆိုးနှင့် မကောင်း သော ဘေးရန်အန္တရာယ်များ မကျမရောက် ကင်းပျောက် စေရန် ဦးဝင်းဖေကို ပရိတ်ရွတ်ဖတ်ရန် ပင့်ဖိတ်ရခြင်းဖြစ်လေသည်။

ဦးဝင်းဖေသည် MR. ONGKODIGDOJO ၏ ဗီလာ၌ (၂၄)နာရီပတ်လုံး (၃)ရက်တိုင်တိုင် ပရိတ်ရွတ်ခြင်း၊ မေတ္တာပို့ခြင်း၊ အမျှပေးဝေခြင်းတို့ကို ပြုလုပ်ရာ ထူးခြားသော တွေ့ကြုံမှုများရှိခဲ့ပြီး MR. ONGKODIGDOJO ၏ မိသားစုမှာလည်း မကောင်းသော အတိတ်ဆိုး၊ နိမိတ်ဆိုးတို့မှကင်းဝေး၍ စိတ်ချမ်းသာမှုများ ဖြစ်ကြရသည်။ မြတ်စွာဘုရား၏ အာဏာတော်စက်ဖြစ်သော ပရိတ်၏ တန်ခိုးအာနိသင်နှင့် ဦးဝင်းဖေ၏ ပရိတ်အစွမ်းကြောင့်ဖြစ်ပေသည်။ MR. ONGKODIGDOJO နှင့် မိသားစုသည် မိမိတို့၏ အိမ်ဝင်းအတွင်းရှိ အချင်း (၃×၄)ပေ၊ အမြင့် (၆)ပေခွဲခန့်ရှိ ကျောက်တုံးကြီးပေါ်၌ ကျိုက်ထီးရိုးပုံတူစေတီ တည်ထားကိုးကွယ်ရန်လည်း ဆန္ဒရှိခဲ့ကြသည်။ သို့ဖြစ်၍ အဆိုပါ ကျိုက်ထီးရိုးပုံတူစေတီ တည်ထားဖြစ်မြောက်ရန် ဦးဝင်းဖေအား ဦးဆောင်ဦးရွက်ပြု၍ ပြုလုပ်ပေးရန် တာဝန်ပေးခဲ့ကြသည်။ MR. ONGKODIGDOJO ၏မိသားစုနှင့်အတူ ဦးဝင်းဖေ၏ ဦးဆောင်ကြိုးပမ်းမှုဖြင့် ယခုအခါ အုတ်မြစ်စီမင်္ဂလာအခမ်းအနား ကျင်းပရန်အထိ ဖြစ်မြောက်လာခဲ့ပေသည်။ ထိုအခမ်းအနားသို့ မြန်မာနိုင်ငံမှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးသည် ဗုဒ္ဓမြတ်စွာ၏ ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ထွန်းကားပြန့်ပွားစေရန် ရည်သန်၍ ကိုယ်တော်တိုင် ကြွရောက်တော်မူလာခဲ့ရပေသည်။

## MR. ONGKODIGDOJO နှင့်မိသားစုအကြောင်း

MR. ONGKODIGDOJO နှင့်မိသားစုတို့သည် အလွန်စေတနာသဒ္ဓါတရား ထက်သန်ကြသည်။ မြန်မာနိုင်ငံမှ ဥက္ကဋ္ဌဆရာတော်ကြီးနှင့် သံဃာတော်များ ကြွလာသည့်အတွက် သူတို့မိသားစုမှာ အလွန်ဝမ်းသာအားရ ဖြစ်နေကြသည်။ MR. ONGKODIGDOJO နှင့် မိသားစုသည် ယခင်က မဟာယာန ဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့ကြသော်လည်း ယခုအခါ ထေရဝါဒ ဗုဒ္ဓသာသနာ၏ အဆုံးအမကိုပါ ခံယူနေကြပေသည်။ ဝမ်းမြောက်စရာပင်ဖြစ်သည်။ MR. ONGKODIGDOJO သည် ၁၃၆၈-ခု၊ နတ်တော်လပြည့်ကျော် (၁၄)ရက် (၁၈. ၁၂. ၂၀၀၆) နေ့က ၎င်း၏ လှူဒါန်းမှုပါဝင်သော ဦးဝင်းဖေ + ဒေါ်ခင်ဌေးကြည် အမှူးပြု၍ MR.TONGARIODJO ANGKASA နှင့် DAMA BROTHERS & SISTERS (စက်ဘုပူ+ မလေးရှား+အင်ဒိုနီးရှား+ ထိုင်း)တို့၏ မကွေးမြို့ပေါ်ရှိ သံဃာအပါး(၁၀၀၀)တို့အား ဆွမ်း၊ သင်္ကန်းဆက်ကပ် လှူဒါန်းပွဲ၌ MR.ONGKODIGDOJO သည် သားမက်ဖြစ်သူ MR.KARTONO နှင့်အတူ မကွေးမြို့၊ မဟာ ဝိသုတာရာမတိုက် ပဓာနနာယက၊ နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ထေရဝါဒ ဗုဒ္ဓသာသနာ

၏ အမြင့်မြတ်ဆုံးဖြစ်သော ဒုလ္လဘ ရဟန်းအဖြစ်ကို ခံယူခဲ့ဖူးသူ ဖြစ်သည်။ ယင်းဒုလ္လဘရဟန်းအဖြစ် ခံယူရာ၌ ဦးဝင်းဖေ အပါ အဝင် စင်္ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံတို့မှ အမျိုးကောင်းသား (၆)ဦးလည်း ပါဝင်ကြသည်။

MR. ONGKODIGDOJO သည် မြန်မာနိုင်ငံရှိ အခြားသော ဘုန်းတော်ကြီးကျောင်းများနှင့် ပရဟိတကျောင်းများ၊ သီလရှင်များ၊ သက်ကြီးရွယ်အို အဘိုးအဘွားတို့အား ဦးဝင်းဖေ+ ဒေါ်ခင်ဌေးကြည်တို့၏ ဦးဆောင်မှုနှင့်အတူ လှူဒါန်းထောက်ပံ့မှု ပြုခဲ့သည်။ (မိမိ ဤခရီးသွား မှတ်တမ်းကို ရေးသားနေစဉ်အချိန် ၁၇. ၆. ၂၀၀၇ နေ့ကလည်း မကွေးမြို့ မဟာဝိသုတာရာမတိုက်၌ ဦးဝင်းဖေ+ဒေါ်ခင်ဌေးကြည် အမှူးပြုသော စင်္ကာပူ+မလေးရှား+ အင်ဒိုနီးရှားတို့မှ မေတ္တာစင်တာ အဖွဲ့သားများ၏ ရှင် (၁၀၈)ပါး ရှင်ပြုပွဲနှင့် ဒုလ္လဘရဟန်း ခံပွဲ၌လည်း MR. ONGKODIG - DOJO နှင့် သားမက်ဖြစ်သူ MR.KARTONO တို့သည် အခြား အဖွဲ့သား (၇)ယောက်နှင့် အတူ ဒုတိယအကြိမ် ဒုလ္လဘ ရဟန်း အဖြစ်ကို ခံယူခဲ့သေးသည်။) ဤမျှလောက်ဖြင့်ပင်လျှင် MR. ONGKODIGDOJO နှင့် MR.KARTONO တို့၏ ထေရဝါဒ သာသနာတော်၌ လေးစား ယုံကြည်မှုကို မှန်းဆနိုင်ပေသည်။

ထရဝပ်မြို့သည် တောင်ပေါ်မြို့ဖြစ်သည့်အလျောက် ရာသီဥတုမှာ မျှတသော အနေအထားမှာရှိသည်။ ဗီလာမှာ အားလပ်ရက်များတွင် အပန်းဖြေရန် ဆောက်လုပ်ထားသော ဗီလာဖြစ်ပြီး MR. ONGKODIGDOJO ၏ မိသားစုအမြဲ နေသော နေရာမှာ အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သည့် (SURABAYA) စူရာဘာရားမြို့တော်ဖြစ်သည်။ ထရဝပ် မြို့မှ ကားဖြင့်သွားလျှင် (၁း၃၀)နာရီခန့် သွားရသည်။ MR. ONGKODIGDOJO ၏ စီးပွားရေးလုပ်ငန်းမှာ TOKOHASIL ကုမ္ပဏီအမည်ဖြင့် ဘိုး-နတ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းကို တွင်ကျယ်စွာ လုပ်ကိုင်ကြသည်။ ထို့အပြင် အခြားသောစီးပွားရေး လုပ်ငန်းကိုလည်း လုပ်ကိုင်ကြသေးသည်။ MR.ONGKODIGDOJO နှင့် ဇနီး MRS. GO GIOK HA တို့တွင် သား HADI WIBOWO နှင့်သမီးများဖြစ်သည့် LUSIANA , LUSIANI ဟူ၍ မိသားစု (၅)ယောက်ရှိသည်။ သား HADI WIBOWO နှင့်ဇနီး STEPHANIE SUKIAT တို့တွင် MICHIELE WIBOWO ONGKO နှင့် RECHIELE WIBOWO ONGKO ဟူ၍ သမီးနှစ်ယောက်ရှိသည်။ သမီးကြီး LUSIANA နှင့် ခင်ပွန်းသည် MR.KARTONO တို့တွင် KENNY

WANG နှင့် KENJI WANG ဟူသည့် သားနှစ်ယောက်နှင့် CHERRIE WANG ဟူသည့် သမီး (၁)ယောက်ရှိသည်။ MR. ONG-KODIGDOJO နှင့် မိသားစုတို့သည် စေတနာသဒ္ဓါတရားထက်သန်သောသူများ ဖြစ်ကြသည့် အလျောက် မဟာယာနဗုဒ္ဓသာသနာနှင့် ထေရဝါဒ ဗုဒ္ဓသာသနာတို့ကို အားပေးထောက်ပံ့ လှူဒါန်းကြသည့်အပြင် မရှိနွမ်းပါးဆင်းရဲသူများအား ထောက်ပံ့လှူဒါန်းခြင်း၊ မိဘမဲ့ ကျောင်းများ၌ ထောက်ပံ့လှူဒါန်းခြင်းနှင့် ၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလ၌ အင်ဒိုနီးရှားနိုင်ငံတွင် ဆူနာမီလှိုင်းလှုပ်၍ လူပေါင်း (၁၆၀၀၀၀)ကျော် သေဆုံးခဲ့ရပြီး သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသော မိသားစုများကိုလည်း ထောက်ပံ့လှူဒါန်းခြင်းများ ပြုလုပ်ခဲ့သည်။ ဤသို့လျှင် MR. ONGKODIGDOJO နှင့် မိသားစုတို့သည် လူမှုရေးနှင့် ပရဟိတလုပ်ငန်းတို့၌လည်း အားကြီးမာန်တက် ရက်ရောစွာ ပေးကမ်းလှူဒါန်း ထောက်ပံ့ခဲ့ကြလေသည်။ MR. ONGKODIGDOJO နှင့် မိသားစုတို့၏ စေတနာသဒ္ဓါတရား ကြီးမားပုံမှာ ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာပင်ဖြစ်သည်။

## ကျိုက်ထီးရိုးပုံတူစေတီအုတ်မြစ်စီ မင်္ဂလာအခမ်းအနား

နံနက် (၉)နာရီတွင် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို စေတီတော်တည်ထားမည့် ဆောက်လက်စအဆောက်အဦ အတွင်း၌ စတင်ကျင်းပပြုလုပ်ပါသည်။ အခမ်းအနားသို့ ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော ကလေးဝတောရ ဆရာတော်၊ အင်ဒိုနီးရှားနိုင်ငံ မာလန်မြို့မှ ကျောင်းထိုင်ဆရာတော် ဘန္တေ ခန္တီဓရော၊ ဆရာတော်ဦးသာသန၊ ဦးကဥ္စန (စာရေးသူ)၊ ဦးပညာသာရတို့ ကြွရောက်ကြပြီး MR. ONGKODIGDOJO ၏ မိသားစုနှင့် ဆွေမျိုးသားချင်းများ၊ အလုပ်သမားဝန်ထမ်းများ၊ မြန်မာနိုင်ငံမှ ဒါယကာ ဒါယိကာမများ စုစုပေါင်း (၅၀)ကျော်ခန့် တက်ရောက်ကြသည်။ ၎င်းပရိသတ်ထဲမှ အင်ဒိုနီးရှားလူမျိုးများ လည်း ပါဝင်သည်။

ရှေးဦးစွာ ပရိသတ်အားလုံးတို့က ဥက္ကဋ္ဌဆရာတော် ဘုရားကြီးထံမှ သရဏဂုံသီလခံယူဆောက်တည်ကြသည်။ ထို့နောက် အုတ်မြစ်တော်စီမည့် ရတနာအုတ်များကို ဥက္ကဋ္ဌ ဆရာတော်ကြီးထံ MR. ONGKODIGDOJO နှင့် မိသားစုတို့က ဆက်ကပ်ကြသည်။ ဆက်လက်၍ သံဃာတော်များက ပရိတ် တရားချီးမြှင့်တော်မူကြပါသည်။ ဥက္ကဋ္ဌဆရာတော်ကြီးက စေတီ တည်မည့် ကျောက်တုံးပေါ်သို့ အသင့်ပြုလုပ်ထားသော လှေခါး

ဖြင့် တက်ရောက်၍ ရတနာကြုတ်ကို မြှပ်နှံပြီး ရတနာအုတ်တော်ကို စတင်၍ စီတော်မူပါသည်။ ထို့နောက် ကလေးဝတောရဆရာတော်ကြီးနှင့် မာလန်ဆရာတော် ဘဒ္ဒန္တခန္တိမရော၊ ဆရာတော်ဦးသာသန၊ ဦးပညာသာရနှင့် မိမိတို့က ရတနာအုတ်တော်များကို အစဉ်အတိုင်းစီကြပြီး "ဇယန္တော. . ." အစရှိသော အောင်ဂါထာကို ရွတ်ဆိုကြပါသည်။ ဆက်လက်၍ MR. ONGKODIGDOJO နှင့် မိသားစုတို့က အစဉ်အတိုင်း ရတနာအုတ်များ စီကြပြီး လာရောက်ကြသော ပရိသတ်များကလည်း တန်းစီ၍ ရတနာကျောက်များကို ကြဖြန့်ပူဇော်ကြပါသည်။ ဥက္ကဋ္ဌဆရာတော်ကြီးက ကျိုက်ထီးရိုးပုံတူစေတီ တည်ထားရခြင်းနှင့် ပတ်သက်၍ အနုမောဒနာတရားဟောကြားပြီး ရေစက်သွန်းချ အမျှပေးဝေတော်မူပါသည်။ အခမ်းအနားကို (၁၀)နာရီ (၃၀)မိနစ်ခန့်တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ (၁၁)နာရီခန့်တွင် MR. ONGKODIGDOJO နှင့် မိသားစုတို့က ဗီလာမှာပင် သံဃာတော်များအား သက်သတ်လွတ်ဆွမ်းဆက်ကပ်ကြပါသည်။

## ထေရဝါဒဗုဒ္ဓဘာသာခံယူပွဲ

(၁၂)နာရီ (၁၅)မိနစ်ခန့်တွင် ဒေါက်တာမဟိန္ဒရာ (DR. MAHENDRA) ဆိုသူ ဟိန္ဒူအမျိုးသားတစ်ဦး၏ ထေရဝါဒ

ဗုဒ္ဓဘာသာအဖြစ် ခံယူပွဲကို MR. ONGKODIGDOJO ၏ ဗီလာရှိ အိမ်အတွင်း၌ပင်လျှင် ပြုလုပ်ပါသည်။ MR. ONGKODIGDOJO ၏ မိသားစုများလည်း ထိုပွဲ၌ ပါဝင်ကြသည်။ ဉက္ကဋ္ဌဆရာတော်ကြီးက သရဏဂုံနှင့် သီလခံယူဆောက်တည်စေပြီး ထေရဝါဒ ဗုဒ္ဓဘာသာအဖြစ် ခံယူခြင်းနှင့် စပ်လျဉ်း၍ သရဏဂုံသီလ ဆောက်တည်ရခြင်းအကြောင်းကို ရှင်းလင်းပြောပြပါသည်။ ဉက္ကဋ္ဌဆရာတော်ကြီး ပြောပြသည်ကို ဒေါက်တာသက်ခိုင်ဝင်းက အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုပြီး၊ မာလန်ဆရာတော်ကြီး ဘန္တေခန္တိဓရောက အင်ဒိုနီးရှားဘာသာဖြင့် ထပ်ဆင့်ပြန်ဆိုပေးပါသည်။ ပရိသတ်အားလုံးက ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုကြပါသည်။ ထို့နောက် ဉက္ကဋ္ဌဆရာတော်ကြီးက ဒေါက်တာမဟိန္ဒရာအား ရွှေတိဂုံစေတီတော် ကျောက်စီပန်းချီ ကားချပ်ကို ပေးအပ်ချီးမြှင့်ရာ ဒေါက်တာမဟိန္ဒရာက ဝမ်းမြောက်ဝမ်းသာ လက်ခံရယူပါသည်။ ဗုဒ္ဓဘာသာအဖြစ် ခံယူပြီး၍ အတော်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေဟန်ရှိပါသည်။ အခမ်းအနား ပြီးဆုံးသောအခါ မိမိကိုပြောသည်မှာ “သူ့ဘဝမှာ ဒီနေ့ဟာ အပျော်ဆုံးနေ့ပဲ”ဟု အားပါးတရဝမ်းပန်းတသာ ပြောပြပါသည်။ မိမိလည်း ဒေါက်တာမဟိန္ဒရာအတွက် ဂုဏ်ယူ ဝမ်းမြောက်မိရပါသည်။ ထပ်ဆင့်၍ ဝမ်းမြောက်ရသည်မှာ ဒေါက်တာမဟိန္ဒရာသည်

ပရဟိတလုပ်ငန်းများကို အားကြိုး မာန်တက် လုပ်ကိုင်နေသူ ဖြစ်ပြီး မိမိတတ်မြောက်ထားသော ပညာဖြင့် မရှိနွမ်းပါး ဆင်းရဲသူများအား ကျန်းမာရေးအတွက် အခမဲ့ဆေးကုသပေးခြင်း၊ ၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလက ဆူနာမီ လှိုင်းကဲ့သို့သော သဘာဝဘေးဒဏ်ခံစားရသော လူအများအား စေတနာ့ဝန်ထမ်းအဖြစ်သွားရောက်၍ အခမဲ့ဆေးဝါးကုသပေးခြင်းများကို တက်တက်ကြွကြွ ပါဝင်ပြုလုပ်ပေးခဲ့သည်။ ဤကဲ့သို့ ပရဟိတသမားဒေါက်တာမဟိန္ဒရာ ထေရဝါဒဗုဒ္ဓ ဘာသာအဖြစ်ခံယူသည်မှာ ဂုဏ်ယူဝမ်းမြောက်စရာ ကောင်းလှပါပေသည်။

ဥက္ကဋ္ဌဆရာတော်ကြီးနှင့်အဖွဲ့သည် ဗီလာမှာ MR. ONGKODIGDOJO ၏ မိသားစုများနှင့် စုပေါင်းအမှတ်တရဓာတ်ပုံအရိုက်ခံကြသည်။

## (SURABAYA) စူရာဘာရားမြို့သို့

နေ့ (၁း၃၀)အချိန်တွင် MR. ONGKODIGDOJO ၏ ဗီလာမှ စူရာဘာရားမြို့သို့ ကားဖြင့်သွားရောက်ကြရာ ညနေ (၃)နာရီခန့်တွင် ရောက်ရှိသည်။ ဥက္ကဋ္ဌဆရာတော်ကြီး ဦးဆောင်သော အဖွဲ့သည် စူရာဘာရားမြို့တွင် အထပ်ပေါင်း (၂၅)ထပ်ရှိ SOMERSET ဟိုတယ်မှာ တည်းခိုကြရသည်။ MR. KARTONO လိုက်ပါစီစဉ်ပေးသည်။ မိမိတို့ တည်းခိုသည့်နေရာမှာ အထပ်

(၂၀) ဖြစ်သည်။ ညှော်ခန်းနှင့် (၂)ယောက်တွဲ အိပ်ခန်း (၃)ခန်း ပါသည်။ ဥက္ကဋ္ဌဆရာတော်ကြီးက (၁)ခန်း၊ ကလေးဝတောရ ဆရာတော်ကြီးနှင့် ဦးပညာသာရတို့က (၁)ခန်း၊ မိမိနှင့် ဆရာတော် ဦးသာသနတို့က (၁)ခန်း နေကြရသည်။ ချက်ပြုတ်စားသောက်နိုင်သော အခန်း (၁)ခန်းလည်းပါသည်။ ဟိုတယ်မှာ ခမ်းနားသပ်ရပ်ပါသည်။ ဟိုတယ်ပေါ်မှနေ၍ စူရာဘာရားမြို့ကို အထက်စီးမှ မြင်ရပေသည်။ စူရာဘာရားမြို့သည် အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သည်။ အလွန်ကျယ်ဝန်းပြီး မျက်စိတဆုံးပင် ဖြစ်သည်။ စူရာဘာရားမြို့တွင် ခမ်းနားကြီးကျယ်သော မိုးမျှော်အဆောက်အဦကြီးများ ဟိုတစ်စု၊ သည်တစ်စုရှိသလို (၂)ထပ် (၃)ထပ်တိုက် အဆောက်အဦများကတော့ နေရာအနှံ့ပင် ဖြစ်သည်။ ခေတ်မီတိုးတက်သော မြို့တစ်မြို့ပင် ဖြစ်သည်။ ညအချိန်မှာ ဟိုတယ်၏ပြူတင်းပေါက်မှနေ၍ အပြင်သို့ကြည့်ရာ မီးအရောင်များဖြင့် လင်းလက်တောက်ပနေသော စူရာဘာရားမြို့မှာ အလွန်လှပ၍ နေပေသည်။

ညနေ (၄)နာရီတွင် MR. ONGKODIGDOJO နှင့် မိသားစုတို့သည် မိမိတို့ဘုန်းကြီးများနှင့် လူပုဂ္ဂိုလ်များအဖွဲ့ကို စူရာဘာရားမြို့ထဲရှိ ကုန်တိုက်ကြီးတစ်ခုသို့ လိုက်ပို့ကြသည်။ ဥက္ကဋ္ဌဆရာတော်ကြီးက ဟိုတယ်မှာကျန်ခဲ့သည်။ စူရာဘာရားမြို့ထဲမှာ ကားများအင်မတန်ရှုပ်ထွေးလှသည်။ ကားလမ်းများ

အလွန်ကောင်းသည်။ ချိုင့်ခွက်များ မရှိသလောက်ပင်ဖြစ်သည်။ ကုန်တိုက်ကြီးမှာ အလွန်ခမ်းနားကြီးကျယ်ပြီး အဆင့်အတန်း မြင့်မားသည်။ အခြားသော ကမ္ဘာလှည့်ခရီးသည်များကိုလည်း တွေ့ရသည်။ လူအများဖြင့် စည်ကားလှသည်။ မိမိတို့အဖွဲ့သည် အမှတ်တရပစ္စည်းများ ဝယ်ယူကြသည်။ ထို့နောက် ယင်း ကုန်တိုက်ကြီးထဲရှိ MR. ONGKODIGDOJO ၏ မိသားစု ပိုင်ဆိုင်သော GELATO BAR အမည်ရှိအအေးမျိုးစုံ ရောင်းသော အအေးဆိုင် ရှိသည်။ ထိုဆိုင်တွင် မိမိတို့အဖွဲ့ကို အအေးများ ဆက်ကပ်ကြသည်။ အအေးဆိုင်မှာ သားသားနားနား ခမ်းခမ်း နားနားပင် ဖြစ်သည်။ ည (၉)နာရီတွင် မိမိတို့ တည်းခိုရာ ဟိုတယ်သို့ ပြန်ရောက်ကြသည်။

၂၂. ၃. ၂၀၀၇
ဂုဏ်ယူစရာ B.E.C

နံနက် (၆)နာရီတွင် MR. ONGKODIGDOJO နှင့် မိသားစုတို့သည် မိမိတို့တည်းခိုရာဟိုတယ်သို့ လာရောက်ပြီး ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် သံဃာတော်များအား ခေါက်ဆွဲနှင့် မုန့်ဆွမ်းများ ဆက်ကပ်ကြသည်။

နံနက် (၉)နာရီတွင် MR. ONGKODIGDOJO နှင့်မိသားစု သည် ဥက္ကဋ္ဌဆရာတော်ကြီးနှင့် အဖွဲ့အား ကားများဖြင့် စူရာ

ဘာရားမြို့တွင်းသို့ ပင့်ဆောင်ကြသည်။ ရှေ့ဦးစွာ BUDDHIST EDUCATION CENTRE (B.E.C) သို့ ရောက်ကြသည်။ ၎င်း B.E.C သည် ဗုဒ္ဓဘာသာပြန့်ပွားရေးကို ဆောင်ရွက်နေသော ဌာနဖြစ်သည်။ B.E.C အတွင်း၌ မဟာယာနဗုဒ္ဓစာပေနှင့် သက်ဆိုင်သော စာအုပ်စာတမ်းများနှင့် စီဒီခွေများ အများအပြား ရှိပြီး ထေရဝါဒဗုဒ္ဓနှင့်သက်ဆိုင်သော စာအုပ်စာတမ်းများမှာ အနည်းငယ်သာရှိသည်ဟု သိရသည်။ ယင်းစာအုပ်နှင့် စီဒီခွေများကို အခမဲ့ဖြန့်ဝေပြီး ဗုဒ္ဓသာသနာကို ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပြန့်ပွားအောင် ဆောင်ရွက်နေသည်ဟု သိရသည်။ ယင်း B.E.C အဖွဲ့သည် ဗုဒ္ဓသာသနာပြန့်ပွားရေးအပြင် အခြား လူမှုရေး ကိစ္စများဖြစ်သော မရှိနွမ်းပါးဆင်းရဲသူများအား ထောက်ပံ့လှူဒါန်းခြင်း၊ ဆူနာမီလျှော်ကဲ့သို့သော သဘာဝဘေး အန္တရာယ်များ ကျရောက်ရာနေရာများ၌ ထောက်ပံ့လှူဒါန်းခြင်း နှင့် B.E.C မှ ဆရာဝန်များနှင့် အခမဲ့ဆေးဝါးကုသပေးခြင်းများ စသော ပရဟိတအကျိုးပြုလုပ်ငန်းများကိုလည်း တက်ကြွစွာ လုပ်ကိုင်ဆောင်ရွက်နေသော အဖွဲ့အစည်းဖြစ်သည်။ ဂုဏ်ယူ ဝမ်းမြောက်ဖွယ်ရာ၊ အားကျအတုယူဖွယ်ရာ၊ ချီးမွမ်းဖွယ်ရာ များပင် ဖြစ်သည်။ ထေရဝါဒဗုဒ္ဓဘာသာအဖြစ် ခံယူခဲ့သော ဒေါက်တာမဟိန္ဒရာမှာ B.E.C အဖွဲ့ဝင်ဖြစ်သည်။ B.E.C ၏ လှုပ်ရှားမှုများကို အများသိရှိအောင် လစဉ်ဆိုသလို B.E.C

NEWS အမည်ဖြင့် စာစောင်ထုတ်ဝေလျက်ရှိသည်။ ယင်း B.E.C အဖွဲ့ကို ဦးစီးတည်ထောင်သူမှာ MR. ONGKODIGDOJO ပင်ဖြစ်သည်။ MR. ONGKODIGDOJO ၏ ဗုဒ္ဓသာသနာတော်ပြန့်ပွားရေးနှင့် ပရဟိတအကျိုးပြု လုပ်ငန်းဆောင်ရွက်မှုများမှာ ချီးမွမ်းဂုဏ်ယူဖွယ်ရာများပင် ဖြစ်ပေတော့သည်။

ဥက္ကဋ္ဌဆရာတော်ကြီးသည် ၎င်း၏ဓာတ်ပုံအား B.E.C သို့ အမှတ်တရလက်ဆောင်အဖြစ် ချီးမြှင့်ပေးအပ်ခဲ့သည်။ ကလေးဝတောရဆရာတော်ကြီးကလည်း လယ်တီဆရာတော်ကြီး ရေးသားတော်မူခဲ့သော လယ်တီဒီပနီ (၁၂)ကျမ်းတွဲ (အင်္ဂလိပ်ဘာသာဖြင့်) စီဒီခွေကို ထေရဝါဒဗုဒ္ဓသာသနာတော်ပြန့်ပွားအောင် ဖြန့်ဖြူးရန် MR. ONGKODIGDOJO အား ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် MR. ONGKODIGDOJO က ဥက္ကဋ္ဌဆရာတော်ကြီးနှင့်အဖွဲ့အား အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဓမ္မပဒစာအုပ်များ လှူဒါန်းပါသည်။ ထို့နောက် ဥက္ကဋ္ဌဆရာတော်ကြီးနှင့်အဖွဲ့သည် (၉း၄၅)အချိန်ခန့်တွင် B.E.C မှ ဆက်လက်ထွက်ခွာလာရာ MING GARDEN အမည်ရှိ တရုတ်စားသောက်ဆိုင်တစ်ဆိုင်သို့ ရောက်ရှိကြပြီး MR. ONGKODIGDOJO နှင့် မိသားစုက ဥက္ကဋ္ဌဆရာတော်ကြီးနှင့် သံဃာတော်များအား ဆွမ်းကပ်ကြသည်။ မြန်မာအဖွဲ့မှ လူပုဂ္ဂိုလ်များအားလည်း ကျွေးမွေးဧည့်ခံကြသည်။

စားသောက်ဆိုင်မှာ အဆင့်အတန်းမြင့်မားသော ဆိုင်တစ်ဆိုင်ဖြစ်ပြီး ဟင်းအမယ်တွေများလှ၍ ဟင်းအမည်တွေတော့ မသိရ။ မိမိမစားဖူးသော အစားအစာများပင်ဖြစ်၍ အထူးအဆန်းတွေချည်း ဖြစ်သည်။ MR. ONGKODIGDOJO ၏ ရက်ရောသော စေတနာပင်ဖြစ်သည်။

## နှုတ်ဆက်ပြီးကျန်ခဲ့တဲ့ မိသားစု

နေ့ (၁၁)နာရီအချိန်တွင် ဆွမ်းစားပြီးနောက် ဆက်လက်ထွက်ခွာလာခဲ့ရာ စူရာဘာရားလေဆိပ်သို့ ရောက်ကြသည်။ MR. ONGKODIGDOJO နှင့် မိသားစုတို့ လေဆိပ်အထိ လိုက်ပါလာကြပြီး လေဆိပ်အဆောက်အဦအတွင်း လိုက်ပါပို့ဆောင်၍ရသည့်နေရာအထိ လိုက်ပါပို့ဆောင်ကြသည်။ ဥက္ကဋ္ဌဆရာတော်ကြီးနှင့် အဖွဲ့သည် MR. ONGKODIGDOJO နှင့် မိသားစုအားလုံးတို့အား နှုတ်ဆက်ကြသည်။ မိမိမှာလည်း သဘောကောင်းပြီး ခင်မင်စရာကောင်းသော MR. ONGKODIGDOJO နှင့် မိသားစုကို နှုတ်ဆက်ပြီး စိတ်မကောင်းဖြစ်မိရသည်။ MR. ONGKODIGDOJO နှင့် မိသားစုမှာ ကျန်ရစ်ခဲ့ကြလေပြီ။

ဥက္ကဋ္ဌဆရာတော်ကြီးနှင့် အဖွဲ့သည် လေယာဉ်ထွက်ခွာချိန် မရောက်သေးသဖြင့် လေဆိပ်မှာခေတ္တခဏ စောင့်ဆိုင်းနေရသည်။ ခရီးသွားဧည့်သည်များ အလွန်များပြားလှသည်။

မိမိသည် လေဆိပ်အတွင်းကြည့်ရှုရာ အတော်ကျယ်ဝန်းလှပေ သည်။ လေဆိပ်မှာ ခေတ်မီလှပစွာ ဆောက်လုပ်ထားသည်။ လေဆိပ်တည်ဆောက်စဉ်အခါက မြန်မာနိုင်ငံသား အင်ဂျင်နီယာ များ ပါဝင်သည်ဟု သိရသည်။

## ဂျကာတာသို့ နောက်တစ်ခေါက်

(၁၂း၃၀)အချိန်ခန့်တွင် ဥက္ကဋ္ဌဆရာတော်ကြီးနှင့် အဖွဲ့ သည် GARUDA AIR LINE လေယာဉ်ဖြင့် ဆက်လက် ထွက်ခွာလာခဲ့ရာ အင်ဒိုနီးရှားနိုင်ငံ၏ မြို့တော် ဂျကာတာ လေဆိပ်သို့ (၁း၄၅)မိနစ်တွင် ဆိုက်ရောက်ခဲ့သည်။ မြန်မာသံ အမတ်ကြီး ဦးခင်ဇော်ဝင်းနှင့် သံရုံးအဖွဲ့က လေဆိပ်မှာ လာရောက် ကြိုဆိုနေကြသည်။ ဥက္ကဋ္ဌဆရာတော်ကြီးအမှူးပြုသော သံဃာ တော် များကို ပြည်ပလေဆိပ်အတွင်းရှိ အရေးကြီးပုဂ္ဂိုလ်များ နားနေဆောင်ခန်းမသို့ ပင့်ဆောင်သွားကြသည်။ အအေးများ ဆက်ကပ်ကြသည်။ မီဒန်မြို့သို့ ထွက်ခွာမည့် လေယာဉ် နောက်ကျသဖြင့် စောင့်နေရင်း သံရုံးမိသားစုများနှင့် အေးအေး ဆေးဆေး စကားပြောကြရသည်။

## ဆုမတြာကျွန်း၊ မီဒန်သို့ အပြန်ခရီး

ညနေ (၅)နာရီအချိန်တွင် သံအမတ်ကြီး ဦးခင်ဇော်ဝင်းနှင့် သံရုံးမိသားစုဝင်များအား နှုတ်ဆက်ပြီး ဥက္ကဋ္ဌဆရာတော်ကြီး နှင့်အဖွဲ့သည် GARUDA AIR LINE လေယာဉ်ဖြင့် ဆုမတြာ

ကျွန်း၊ မီဒန်မြို့သို့ ထွက်ခွာရာ မီဒန်လေဆိပ်သို့ ည (၇း၁၅)အချိန်တွင် ရောက်ရှိသည်။ လေဆိပ်တွင် MR. TONGARIODJO ANGKASA ၏ တပည့်များ စောင့်ကြိုနေကြသည်။ လေဆိပ်မှနေ၍ မီဒန်မြို့ရှိ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းသို့ ရောက်ရှိကြသည်။

## ကလေးဝတောရဆရာတော်ကြီး၏ တရားပွဲ

ည (၈)နာရီတွင် ကလေးဝတောရဆရာတော်ကြီးသည် ဗုဒ္ဓဘာသာကျောင်းအတွင်း၌ မီဒန်မြို့မှ ဗုဒ္ဓဘာသာဝင်များအား ဝိပဿနာတရား ဟောကြားတော်မူသည်။ ဦးဝင်းဖေက အင်္ဂလိပ် ဘာသာပြန်ဆိုပြီး၊ ကျောင်းထိုင်ဆရာတော် ဦးဂမ္ဘီရက အင်ဒိုနီးရှားဘာသာပြန်ပေးသည်။ ည(၉)နာရီခွဲတွင် တရားပွဲပြီးဆုံးသည်။ ပရိသတ်များက နားလည်သဘောကျကြောင်း သိရသည်။

ဥက္ကဋ္ဌဆရာတော်ကြီး ဦးဆောင်သော သံဃာတော်များသည် ဘုန်းကြီးကျောင်းမှာပင် တစ်ညတာ တည်းခိုကြပေသည်။ ကျောင်းထိုင်ဆရာတော် ဦးဂမ္ဘီရမှာ ဧည့်ဝတ်ကျေပွန်လှပါသည်။ ကျန်သော မြန်မာအဖွဲ့များ မြို့ထဲရှိ ဟိုတယ်မှာ တည်းခိုကြပါသည်။

## ၂၃. ၃. ၂၀၀၇
## စင်္ကာပူနိုင်ငံသို့

နံနက် (၆)နာရီတွင် MR. TONGARIODJO ANGKASA နှင့်အဖွဲ့များက ဘုန်းတော်ကြီးကျောင်းမှာပင် ဥက္ကဋ္ဌဆရာတော်

ကြီး အမှူးပြုသော သံဃာတော်များအား ဆွမ်းကပ်ကြပါသည်။ ခေါက်ဆွဲနှင့် အင်ဒိုနီးရှားအစားအစာများ ဖြစ်သည်။ (၇)နာရီတွင် ဥက္ကဋ္ဌဆရာတော်ကြီး ဦးဆောင်သောအဖွဲ့သည် မီဒန်ဘုန်းတော်ကြီးကျောင်းမှ လေဆိပ်သို့ ထွက်ခွာကြပါသည်။ MR. TONGARIODJO ANGKASA နှင့်အဖွဲ့သည် လေဆိပ်သို့ လိုက်ပါပို့ဆောင်ကြသည်။ လေဆိပ်မှာ ခေတ္တနားနေပြီး နံနက် (၉)နာရီတွင် SILK AIR LINE လေယာဉ်ဖြင့် စင်္ကာပူနိုင်ငံသို့ ထွက်ခွာခဲ့ကြရာ စင်္ကာပူဒေသစံတော်ချိန် (၁၁)နာရီမှာ ချန်ဂီလေဆိပ်သို့ ရောက်ရှိကြသည်။ လေဆိပ်တွင် မြန်မာသံအမတ်ကြီး ဦးဝင်းမြင့်နှင့် သံရုံးဝန်ထမ်းများက လာရောက်ကြိုဆိုနေကြပါသည်။ ဆွမ်းစားချိန်နီးနေသဖြင့် လေဆိပ်အပေါ်ထပ်တွင် စားသောက်ဆိုင်များစွာရှိရာ တရုတ်စားသောက်ဆိုင် တစ်ဆိုင်မှာ ဆွမ်းကပ်ကြပါသည်။ အပေါ်ထပ်ရှိ စားသောက်ဆိုင်များမှာ ပုံစံအမျိုးမျိုးဖြင့် ဆန်းကျယ်လှပစွာ ပြုလုပ်ထားသည်ကို တွေ့ရသည်။ ဆွမ်းစားပြီးနောက် ဥက္ကဋ္ဌဆရာတော်ကြီးနှင့် ဦးသာသန၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးတင်စန်းမြင့်တို့သည် သံအမတ်ကြီး ဦးဝင်းမြင့်တို့နှင့်အတူ မြန်မာသံရုံးသို့ လိုက်ပါသွားကြသည်။ ဥက္ကဋ္ဌဆရာတော်ကြီးသည် မြန်မာနိုင်ငံအစိုးရ၏ အစီအစဉ်ဖြင့် စင်္ကာပူနိုင်ငံရှိ SINGAPORE GENERAL HOSPITAL ဆေးရုံမှာ ဆေးစစ်ခံယူမည်ဖြစ်သည်။

## KOVAN MRT မှ မြန်မာမိသားစု

ကလေးဝတောရဆရာတော်၊ ပန်းတစ်ပွင့်တောင်ဆရာတော်၊ ဦးဘဥ္စန (စာရေးသူ)၊ ဦးဝင်းဖေ + ဒေါ်ခင်ဌေးကြည်၊ ဒေါ်ကြည်နှင့် ဆရာကြီး ဦးစိုင်းအောင်ထွန်းတို့သည် အသင့်စောင့်နေသော ဦးဝင်းဖေ၏ မိတ်ဆွေကားများဖြင့် KOVAN MRT အနီးရှိ တည်းခိုမည့်အိမ်သို့ ရောက်ရှိကြသည်။ ယင်းအိမ်သည် (၃)ထပ်လုံးချင်း တိုက်ကလေးကစ်လုံးဖြစ်ပြီး မြန်မာပြည်မှ ဗိုလ်မှူးသိန်းသန်း ပိုင်ဆိုင်သည်ဟု သိရသည်။ ထိုအိမ်၌ မိမိတို့ ရောက်ရှိချိန်မှာ ဒေါ်မြတ်မြတ်တို့ မိသားစုနေထိုင်ပြီး စင်္ကာပူမှာနေထိုင်သူ မြန်မာပြည်မှ ဒေါ်ခက်ခက်လွင်လည်း ရှိနေသည်။ မိမိတို့ ဘုန်းကြီးများကို ဒေါ်မြတ်မြတ်၊ ဒေါ်ခက်ခက်လွင်နှင့် ဒေါ်ခင်ဌေးကြည်တို့က မြန်မာ့လက်ရာ၊ မြန်မာ့အစားအစာများဖြင့် နံနက်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်ကြသည်။ ညေ့ဝတ်ကျေပွန်ကြပါသည်။

## စင်္ကာပူ ဒေသန္တရ ဗဟုသုတခရီး

ဥက္ကဋ္ဌဆရာတော်ကြီး ဆေးစစ်ခံယူနေစဉ် ရက်များအတွင်း မိမိသည် စင်္ကာပူနိုင်ငံမှ ရစ်ချတ်လော၊ မြန်မာပြည်သားများဖြစ်ကြသည့် ဦးမြင့်ဦး၊ ဦးဝင်းဖေ+ဒေါ်ခင်ဌေးကြည်၊ ဒေါ်ခက်ခက်လွင်၊

မန္တေစန္ဒာစိုးတို့၏ အကူအညီဖြင့် စင်္ကာပူနိုင်ငံရှိ ဗဟုသုတဖြစ်ဖွယ်နေရာများကို ရောက်ခဲ့ရသည်။ မြေအောက်ရထားစီးပြီး စင်္ကာပူနိုင်ငံ၏ နာမည်ကျော် စူပါမားကက်ကြီးများတည်ရှိရာ (ORCHARD) အော့ချတ်နှင့် (MUSTAFA) မူစတာဖာကုန်တိုက်ကြီးသို့ ရောက်ခဲ့သည်။ အခြားစူပါမားကတ်ကြီးများသို့လည်း ရောက်ခဲ့သည်။ အလွန်ခမ်းနားကြီးကျယ်လှပေသည်။ ထို့နောက် စင်္ကာပူရောက်မြန်မာအများစု၏ ဈေးဆိုင်များ တည်ရှိရာ (PANASULA PLAZA) ပန်နစူလာပလာဇာသို့လည်း ရောက်ခဲ့သည်။ ပန်နစူလာပလာဇာ၌ မြန်မာနိုင်ငံသားများ ဈေးရောင်းနေသည့် ဆိုင်ခန်းအများအပြားရှိသည်။ မြန်မာ့အစားအစာနှင့် မြန်မာနိုင်ငံလုပ် လူသုံးကုန်ပစ္စည်းများ ဝယ်ယူရရှိနိုင်သည်။

ထို့နောက် စင်္ကာပူနိုင်ငံ၏ အကျော်ကြားဆုံးဖြစ်သည့် (SENTOSA) စင်တိုဆာကျွန်းသို့ ရောက်သည်။ စင်တိုဆာမှာ ကောင်းကင်ကေဘယ်ကားစီးခဲ့သည်။ ငါးပြတိုက်လည်း ကြည့်ရှုခဲ့သည်။ ငါးပြတိုက်မှာ အလွန်ထူးဆန်းသော ငါးများရှိသည်။ အံ့သြစရာကောင်းလှသည်။ စင်္ကာပူနိုင်ငံ၏ သင်္ကေတဖြစ်သည့် အလွန်ကြီးမားသော ခြင်္သေ့ရုပ်ကြီးကိုလည်း တွေ့ခဲ့ရသည်။ လင်းပိုင်များ၏ အကပြပွဲလည်း ကြည့်ခဲ့ရသည်။ ကြည့်ရှုစရာ

တွေ များပြားလှပြီး ထူးဆန်းအံ့ဩဖွယ်ရာတွေက အပြည့်ပင် ဖြစ်သည်။ ထိုမှတဆင့် ဒူးရင်းသီးပုံစံဆောက်လုပ်ထားသော အဆောက်အဦသို့ ရောက်သည်။ အော်ပရာကဇာတ်ရုံဟု သိရသည်။ ဒူးရင်းသီးပုံနှင့်တူအောင် ပြုလုပ်ထားသည်မှာ အတော်ပင် လက်ရာမြောက်သည်ဟု ဆိုရမည်။ ၎င်းအနီးမှ SINGAPORE RIVER စင်္ကာပူရေးဗားသို့လည်း ရောက်ခဲ့သည်။ စင်္ကာပူနိုင်ငံမှာ အလှဆုံးနေရာဟုဆိုသည်။ အပန်းဖြေသူ လူအများဖြင့် စည်းကားလှသည်။ စင်္ကာပူနိုင်ငံရဲ့သင်္ကေတဖြစ်တဲ့ ခြင်္သေ့ရုပ်အကြီးတစ်ခုနှင့် အငယ်တစ်ခုလည်း ရှိသည်။ ယင်းနေရာမှာ စင်္ကာပူနိုင်ငံ၏အစွန် ပင်လယ်ကမ်းဘေးနားတွင် ရှိသည်။ ခြင်္သေ့ရုပ် အကြီးကို အောက်တည့်တည့်မှ ရေကိုစုပ်ယူပြီး ခြင်္သေ့ကြီးပါးစပ်မှ ရေများအရှိန်နှင့်ပန်းထွက်ပြီး ကျလာအောင် ပြုလုပ်ထားသည်မှာ လာရောက်ကြည့်ရှုသူ၊ အပန်းဖြေကြသူတို့၏ စိတ်ကို ဆွဲဆောင်နိုင်လှပေသည်။ ၎င်းနှင့်အနီးတစ်ဝိုက်မှာလည်း အထပ်ပေါင်းများစွာရှိသော မိုးမျှော်ဘဏ် အဆောက်အဦများစွာ ရှိပြီး၊ စင်္ကာပူနိုင်ငံ၏ စီးပွားရေးအချက်အခြာကျရာနေရာဖြစ်သည်ဟု သိရသည်။ စင်္ကာပူရေးဗားနှင့် မိုးမျှော်အဆောက်အဦကြီးများမှာ ကြည့်၍အလွန်ကောင်းပြီး အလွန်လှပသော ရှုခင်းပင်ဖြစ်သည်။

## တိဗက်ဗုဒ္ဓဘာသာကျောင်းမှ ပူဇော်ပွဲ

(၂၇)ရက်နေ့ နံနက်တွင် ဥက္ကဋ္ဌဆရာတော်ကြီးသည် မိမိတို့ တည်းခိုရာအိမ်သို့ ကြွရောက်လာပြီး ခေတ္တသီတင်းသုံးနေထိုင်တော်မူသည်။ ညနေ (၃)နာရီခန့်တွင် ဦးဝင်းဖေ + ဒေါ်ခင်ဌေးကြည်တို့၏ ပင့်ဆောင်မှုဖြင့် တိဗက်ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းသို့ ကြွရောက်ပြီး ဘုန်းတော်ကြီး VEN-H-H-YISIE VORLE နှင့် LIGHT OF WISDOM BUDDHIST SOCIETY အဖွဲ့သားများဖြစ်သော တိဗက်ဗုဒ္ဓဘာသာဝင်တို့၏ ပူဇော်မှုကို ခံယူတော်မူခဲ့ပါသည်။

## မြန်မာနိုင်ငံသို့ အပြန်

ဥက္ကဋ္ဌဆရာတော်ကြီးသည် SINGAPORE GENERAL HOSPITAL ဆေးရုံကြီး၌ ဆေးစစ်မှုခံယူပြီးစီးသွားပြီဖြစ်သဖြင့် ၂၉. ၃. ၂၀၀၇နေ့ စင်္ကာပူဒေသစံတော်ချိန် နေ့လည် (၂)နာရီ (၂၅)မိနစ်တွင် SILK AIR LINE လေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ကြွရောက်တော်မူခဲ့သည်။ စင်္ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဝင်းမြင့်နှင့် သံရုံးဝန်ထမ်းများက ချန်ဂီလေဆိပ်မှာ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။ မြန်မာစံတော်ချိန် ညနေ (၃)နာရီခွဲတွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိခဲ့ကြသည်။

## ကြိုဆိုနှုတ်ဆက်

ဥက္ကဋ္ဌဆရာတော်ကြီးနှင့်အဖွဲ့အား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဒုဥက္ကဋ္ဌ၊ ရေနံချောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇနိယ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များ၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာမြင့်ကြည်နှင့် တာဝန်ရှိသူများ၊ တပည့်ဒါယကာ ဒါယိကာမများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖူးမြော်ကြိုဆို ပင့်ဆောင်ကြသည်။ ညနေ (၄)နာရီခန့်အချိန်တွင် ကမ္ဘာအေးကုန်းမြေ၊ မဟာနာယကကျောင်းတော်သို့ ပြန်လည်ရောက်ရှိတော်မူပါသည်။

-------------

ပ.မ.သ. ၈၈၈၀/၂၀. ၁၁.၂၀၀၇(၁၀၀၀)ာ၁အဿဒိ(မြင်ပေ)

## အမှားပြင်ဆင်ချက်

| | | |
|---|---|---|
| မာတိကာ-၂၃ | သာသနာ့မြေအစစ် | သာသနာ့နယ်မြေအစစ် |
| နှာ-ခ၊ကြောင်းရေ-၁၃ | ကျော့ပြွန် | ကျော့ပွန် |
| နှာ-ခ၊ကြောင်းရေ-၁၇ | ကျော့ပြွန် | ကျော့ပွန် |
| နှာ-၂၀၊ကြောင်းရေ-၂ | ကီလိုမီတာ၃၀ | ကီလိုမီတာ(၃၀) |
| နှာ-၂၀၊ကြောင်းရေ-၁၉ | တိုဘာကမ်းကြီး | တိုဘာကန်ကြီး |
| နှာ-၂၁၊ကြောင်းရေ-၂ | အပမ်းဖြေ | အပန်းဖြေ |
| နှာ-၃၅၊ကြောင်းရေ-၁၂ | အမျှဝေခြင်းတို့ | အမျှဝေခြင်းတို့ကို |
| နှာ-၃၇၊ကြောင်းရေ-၂၀ | ရေတွင်းတူသော် | ရေတွင်းတူးသော် |
| နှာ-၃၉၊ကြောင်းရေ-၁၄ | မိမိစိတ်ထဲ | မိမိစိတ်ထင် |
| နှာ-၆၃၊ကြောင်းရေ-၁၅ | မလေးရှားနိုင်ငံ၌ | မလေးရှားနိုင်ငံရှိ |
| နှာ-၆၉၊ကြောင်းရေ-၉ | သာသနာ့မျိုးစေ် | သာသနာ့မျိုးစေ့ |
| နှာ-၉၀၊ကြောင်းရေ-၂ | အရှေ့ယွန်းယွန်း | အရှေ့မြောက်ယွန်းယွန်း |
| နှာ-၉၇၊ကြောင်းရေ-၁၀ | ကျဉ်းမြောင်းသည် | ကျဉ်းမြောင်းသည့် |
| နှာ-၁၀၆၊ကြောင်းရေ-၁၄ | ကျိုက်ထီးရိုးစေတီ | ကျိုက်ထီးရိုးပုံတူစေတီ |
| နှာ-၁၁၆၊ကြောင်းရေ-၁၁ | ၄င်းပရိသတ်ထဲမှ | ၄င်းပရိသတ်ဃဲမှာ |
| နှာ-၁၂၄၊ကြောင်းရေ-၇ | နေ့(၁၁)နာရီ | နံနက်(၁၁)နာရီ |

# အမှားပြင်ဆင်ချက်

| | အမှား | အမှန် |
|---|---|---|
| ဂေ ဖူးတင်လွှာ<br>ကြောင်းရေ-၄ | အင်္ဂလိပ်ဘာသာ<br>ပြန်ဆို | အင်္ဂလိပ်ဘာသာမှ<br>မြန်မာဘာသာသို့<br>ပြန်ဆို |
| နှာ-ပ၊ကြောင်းရေ-၁၀ | အဝတ်အထည်မျာ | အဝတ်အထည်များ |
| နှာ-၂၊ကြောင်းရေ-၃၊၄ | အထွေထွေ<br>သမားတော်ကြီး | အထွေထွေရောဂါ<br>အထူးကု<br>သမားတော်ကြီး |
| နှာ-၆၊ကြောင်းရေ-၁၃ | ရန်ကန် | ရန်ကုန်မြို့ရှိ |
| နှာ-၁၆၊ကြောင်းရေ-၆၊၇ | တစ်ချို့ရွာများမှ | တစ်ချို့ရွာများမှာ |
| နှာ-၂၁၊ကြောင်းရေ-၆ | ကန်းကြီး၏ | ကန်ကြီး၏ |
| နှာ-၂၉၊ကြောင်းရေ-၉၊၁၀ | ရွှေတိဂုံစေတီပုံ | ရွှေတိဂုံပုံတူစေတီ |
| နှာ-၄၅၊ကြောင်းရေ-၁၆ | စည်းကမ်းတစ်ကျ | စည်းကမ်းတကျ |
| နှာ-၆၀၊ကြောင်းရေ-၇ | ဟောတော်ခဲ့သည့် | ဟောတော်မူခဲ့သည့် |
| နှာ-၈၉၊ကြောင်းရေ-၁၄ | ဆူရာဘာယာမြို့ | ဆူရာဘာရားမြို့ |
| နှာ-၉၃၊ကြောင်းရေ-၁၉ | အမှတ်တကယ် | အမှန်တကယ် |
| နှာ-၉၄၊ကြောင်းရေ-၅ | ဆန်းကျယ် | ဆန်းကြယ် |
| နှာ-၉၉၊ကြောင်းရေ-၁၆ | ဘာသားခြား | ဘာသာခြား |
| နှာ-၁၁၀၊ကြောင်းရေ-၁၃ | အနည်းခန့် | အနည်းငယ်ခန့် |
| နှာ-၁၁၄၊ကြောင်းရေ-၅ | နေသော | နေထိုင်သော |
| နှာ-၁၁၉၊ကြောင်းရေ-၁၀ | ဗီလာမှ | ဗီလာမှာ |
| နှာ-၁၂၇၊ကြောင်းရေ-၁၄ | ဆန်းကျယ် | ဆန်းကြယ် |



မြတ်စွာဘုရားကို မဖူးလိုက်ရ မပူဇော်လိုက်ရသော်လည်း
ဘုရားရှင်ရဲ့ မုန်ညင်းစေ့လောက်ရှိတဲ့ ဓာတ်တော်တွေကို
စေတီတည်ပြီးတော့ ပူဇော်လိုက်ရတဲ့ ကုသိုလ်ဟာ
ဘုရားရှင်ကို ဖူးလိုက်ရ , ပူဇော်လိုက်ရတဲ့ ကုသိုလ်နဲ့
ကြည်ညိုစိတ်တူရင် ကုသိုလ်လည်း အတူတူပဲရပါတယ်...။